DHAMMAVIJJALAYA
2546 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၃၄)

# ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဒုဂ္ဂတိဘုံသားတို့၏အမှာစကား ❖ ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၃၀၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

# ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
## အပိုင်း(၁)

သာသနာတော်နှစ် ၂၅၅၆- ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၄-ခုနှစ်၊ နယုန်လပြည့်ကျော် (၅)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၁-ခုနှစ်၊ ဇွန်လ(၉)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိ ဓမ္မဗိမာန်တော် အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်း အနား၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး မိဘဘိုးဘွား ဆွေမျိုးများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင် အမတဒါန ဓမ္မဒါနအဖြစ် ဟောကြား အပ်သော "**ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား**" အကြောင်း တရားဒေသနာတော်။

### ဒုဂ္ဂတိဘုံဆိုတာ

ဒုဂ္ဂတိဆိုတာ ပါဠိစကားလုံးဖြစ်တယ်။ "**ဒုက္ခဿ ဂတိ ဒုဂ္ဂတိ**" ဆင်းရဲဒုက္ခတို့ရဲ့ လားရာဘုံဌာနကို ဒုဂ္ဂတိလို့ ခေါ်တာ။ လောကသတ္တဝါတွေဟာ မကောင်းမှု အကုသိုလ်တွေပြုလို့ မကောင်းမှု အကုသိုလ်တွေရဲ့ အကျိုးပေးရာဖြစ်တဲ့ ဒုဂ္ဂတိဘုံကို ရောက်ကြရတယ်။ မကောင်းမှု အကုသိုလ်တွေဟာ ဒုဂ္ဂတိဘုံမှာ စုပြုံပြီး အကျိုးပေးလေ့ရှိတယ်။

သုဂတိဘုံမှာရော အကုသိုလ်က အကျိုးမပေးဘူးလား ဆိုတော့ ပေးတယ်။ သို့သော် သုဂတိဘုံမှာ အကျိုးပေးတဲ့အခါ ဒုက္ခတွေအားလုံး စုပြုံပြီးမပေးဘူး၊ ကုသိုလ်ကံရဲ့ အကျိုးတရား အဖြစ် ချမ်းသာသုခ ခံစားနေရမှုတွေ ရှိတယ်ပေါ့။

သို့သော် ဒုဂ္ဂတိဘုံ ရောက်သွားပြီဆိုရင် အကုသိုလ်တွေ က စုပြုံပြီး အကျိုးပေးတာဖြစ်တယ်။ အကုသိုလ်ရဲ့ အကျိုး တရားသည် ဆင်းရဲဒုက္ခသာ ဖြစ်တယ်။ **"အကုသလာ သာဝဇ္ဇ ဒုက္ခဝိပါကလက္ခဏာ"** တဲ့။ အကုသိုလ်ဆိုတာ အပြစ်ရှိပြီး ဆင်းရဲတဲ့အကျိုးကိုပေးခြင်း လက္ခဏာရှိတယ်။ မကောင်းတဲ့ ဆင်းရဲတဲ့ အကျိုးမှန်သမျှဟာ အကုသိုလ်ရဲ့အကျိုးလို့ ဒီလို သတ်မှတ်တယ်ပေါ့။ ဒါကြောင့် အကုသိုလ်ကံတွေ စုပြုံ အကျိုး ပေးရာ ဘုံဌာနမျိုးကို ဒုဂ္ဂတိဘုံလို့ခေါ်တာဖြစ်တယ်။

## သုဂတိဘုံဆိုတာ

အဲဒီ ဒုဂ္ဂတိဘုံရဲ့ ဆန့်ကျင်ဘက် ကုသိုလ်ကံတွေ အကျိုး ပေးလို့ ချမ်းသာသုခတွေ ရရှိတဲ့ဘုံမျိုးကို **သုဂတိဘုံ** လို့ ခေါ် တယ်။ ဘုန်းကြီးတို့တတွေ အခုရရှိနေတဲ့ လူ့ဘုံဟာ သုဂတိဘုံ ထဲမှာ ပါတယ်။ **"သုခဿ ဂတိ သုဂတိ"** ချမ်းသာသုခရဲ့ တည်ရာ ဘုံဌာနလို့ ဆိုလိုတယ်။

## ဂတိငါးမျိုး

ဂတိကို ငါးမျိုးခွဲတာရှိတယ်။ နှစ်မျိုးခွဲရင်တော့ ဒုဂ္ဂတိနဲ့ သုဂတိပေါ့။ ဂတိဆိုတာ သတ္တဝါတွေ ကံအားလျော်စွာ ရောက်ရတဲ့ ဘုံဌာနတွေကို ဂတိလို့ခေါ်တယ်။ အင်္ဂလိပ်လိုတော့ Destination လို့ သုံးတယ်။ ကံအားလျော်စွာ ရောက်ရှိသွားရတဲ့ ဘုံဟာ ငါးမျိုးရှိတယ်။ ငါးမျိုးက ဒုဂ္ဂတိကို သုံးမျိုးခွဲလိုက်တယ်။ အဆိုးဆုံးက**"နိရယဂတိ"**ငရဲဘုံ၊ အဲဒီထက်နဲနဲသက်သာတာက **"တိရစ္ဆာနဂတိ"** တိရစ္ဆာန်ဘုံ၊ အဲဒီထက် နဲနဲသက်သာတာက **"ပေတဂတိ"** ပြိတ္တာဘုံ။ ဒုက္ခတွေ အင်မတန်မှ များပြားလှတဲ့ ဘုံတွေကို အဆင့်ဆင့် ဒီလိုပြောထားတာ။ နိရယဂတိ၊ တိရစ္ဆာန-ဂတိ၊ ပေတဂတိ ဆိုပြီး ဒုဂ္ဂတိသုံးမျိုးပေါ့။ သုဂတိကို ခွဲတဲ့အခါ **"ဒေဝဂတိ"** နတ်ဘုံ, ဗြဟ္မာ့ဘုံနဲ့ **"မနုဿဂတိ"** လူ့ဘုံဆိုပြီး နှစ်မျိုးပေါ့။ စုပေါင်းတော့ ဒီလိုဂတိငါးမျိုးလို့ မှတ်သားကြရမယ်။

## ဘုံဆိုသည်မှာ

သုံးဆယ့်တစ်ဘုံကို ခြုံငုံပြီး ငါးမျိုးခွဲရင် ဒုဂ္ဂတိဘုံက သုံးမျိုး၊ သုဂတိဘုံက နှစ်မျိုး၊ နှစ်မျိုးခွဲတဲ့အခါမှာ ဒုဂ္ဂတိဘုံနဲ့ သုဂတိဘုံပေါ့။ ဘုံဆိုသည်မှာ ကံအားလျော်စွာ သတ္တဝါတွေ ဖြစ်ရတဲ့ ဌာနကို ဘုံလို့ပြောတာ။ အဲဒီတော့ သတ္တဝါနဲ့ ဘုံနဲ့၊ ကံနဲ့ ဘုံနဲ့ ဆက်စပ်ပြီးနေတာ။ ဘုံကို မယုံဘူးဆိုတဲ့လူက ကံကိုမယုံဘူး ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။

တချို့က ဘုံနဲ့မြောက်တယ်ဆိုပြီး ဘုံကိုမယုံဘူး။ မျက်စိနဲ့ မြင်ရတဲ့ လူ့ဘုံနဲ့ တိရစ္ဆာန်ဘုံ ဒီနှစ်ခုပဲလက်ခံတယ်။ ကျန်တာတွေ မျက်စိနဲ့ မမြင်ရလို့ မရှိဘူးလို့ ငြင်းပယ်တယ်။ မျက်စိနဲ့ မမြင်ရလို့ မရှိဘူးဆိုရင် လောကမှာ မရှိတဲ့အရာတွေ ပိုများသွားမယ်။ မျက်စိနဲ့ မြင်ရသည်ဖြစ်စေ မမြင်ရသည်ဖြစ်စေ လောကမှာ ရှိနိုင်တဲ့အရာတွေ အများကြီးပဲ။ တခြားဟာမတွေးနဲ့။ အသံဆိုတာ မျက်စိနဲ့ မြင်ရတာ မဟုတ်ဘူးနော်။ အနံ့ဟာလည်း မျက်စိနဲ့မမြင်ရဘူး။ အရသာဟာလည်း မျက်စိနဲ့ မမြင်ရဘူး။ အထိအတွေ့ကလည်း မျက်စိနဲ့မမြင်ရဘူး။ လောကမှာ မျက်စိနဲ့ မြင်လို့ရတာ ရုပ် ၂၈-ပါးထဲမယ် ရူပါရုံဆိုတဲ့ အဆင်းရုပ်ကလေးတစ်ခုပဲ ရှိတယ်။ ကျန်တဲ့ ၂၇-ပါးဟာ မျက်စိနဲ့ မြင်ရတဲ့ ရုပ်တွေမဟုတ်ဘူး။ ဒါကြောင့် လူတွေရဲ့ မျက်စိအောက်ရောက်တဲ့အရာဟာ အင်မတန်နည်းပါးတယ်။ မမြင်ရပေမယ့် လောကကြီးမှာ ရှိနေတာတွေ အများကြီးပေါ့။ အဲဒီတော့ ကံရယ် ဘုံရယ် သတ္တဝါရယ်ဆိုတာ ဆက်စပ်ပြီးတော့ နားလည်ရမယ့် အရာတွေသာဖြစ်တယ်၊ သတ္တဝါတွေရဲ့ဖြစ်ရာကို ဘုံလို့ခေါ်တယ်။

## ၃၁–ဘုံနှင့်သတ္တဝါ ဘာကြောင့်ဖြစ်လဲ?

ထိုသတ္တဝါတွေဟာ ဘာ့ကြောင့် အသီးသီး မတူညီတဲ့ ဘုံတွေမှာ ဖြစ်ရသလဲဆိုရင် ကံကြောင့်ဖြစ်ရတယ်။ ဒါက မြတ်ဗုဒ္ဓရဲ့ ဟောပြောချက်အရ ကံကြောင့်ဖြစ်တယ်လို့ပြောတာ။

ကံကြောင့်ဖြစ်တယ်လို့ ဘာကြောင့်ပြောသလဲ။ ဒိဗ္ဗစက္ခုကို အခြေခံပြီးတော့ ရလာတဲ့ ယထာကမ္မူပဂဉာဏ် ဆိုတာ မြတ်စွာဘုရားမှာရှိတယ်။ တဖန် "ဒသဗလ" ဆိုတဲ့ မြတ်စွာဘုရားရဲ့ အားဆယ်မျိုးထဲမှာ ကံနဲ့ပတ်သက်တဲ့ ဉာဏ်တော်ကြီးတစ်ခု ရှိတယ်။ အဲဒီဉာဏ်တွေနဲ့ကြည့်ပြီးတော့ မြတ်စွာဘုရားက ကံကြောင့်လို့ဟောတာဖြစ်တယ်။ မသိဘဲနဲ့ဟောတာမဟုတ်ဘူး။ လက်တွေ့ကြည့်ရှုပြီးတော့မှ ဟောတာမျိုး ဖြစ်တယ်တဲ့။

မြတ်စွာဘုရားဟာ "**သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေမိ**" လို့ဆိုတဲ့အတိုင်း ကိုယ်တိုင် လက်တွေ့သိပြီး၊ မျက်မှောက်ပြုပြီးတဲ့အခါမှ ဟောတာဖြစ်တယ်ပေါ့။ ဒါကြောင့်မို့ သတ္တဝါတွေဟာ ကံကိုအခြေခံပြီးတော့ ကိလေသာတွေရဲ့ အကူအညီနဲ့ ဘဝတွေမှာ ဖြစ်နေကြတယ်။ ကိလေသာ အကူအညီ မပါဘဲနဲ့လည်း ကံတစ်ခုတည်းက အကျိုးမပေးဘူး။ ကိလေသာဆိုတာ အဝိဇ္ဇာနဲ့တဏှာပဲ။ အဝိဇ္ဇာက အမှန်မသိအောင် ဖုံးလွှမ်းတယ်။ တဏှာက တွယ်တာတယ်။ တွယ်တာမှုကို အခြေခံပြီး ကံတရားက ဖန်တီးလိုက်တာဆိုတော့ ကိလေသာနဲ့ကံ ပေါင်းစပ်ပြီး ဘဝတစ်ခုကို ဖန်တီးတယ်ပေါ့။ ဒါက မြတ်စွာဘုရားရဲ့ ဟောပြောချက်။

တခြားဘာသာတွေကတော့ သတ္တဝါတွေ ဘာကြောင့်ဖြစ်လဲဆိုရင် တန်ခိုးရှင်ကြီး ဖန်ဆင်းလို့ ဖြစ်တယ်လို့ ဒီလိုဆိုတယ်။ ဒီအယူအဆဟာ အင်မတန်မှ ရှေးကျတယ် "**ဣဿရနိမ္မာနဝါဒ**" လို့ ခေါ်တယ်။ ကံကိုငြင်းပယ်ပြီး တန်ခိုးရှင်

ဖန်ဆင်းရှင်ကြီးရဲ့ ဖန်ဆင်းမှုကြောင့် တောတောင်ရေမြေ စတဲ့ သက်မဲ့တွေရော သက်ရှိသတ္တဝါတွေရော ဖြစ်တယ်လို့ဆိုတယ်။ သို့သော် တန်ခိုးရှင်ကြီးဖန်ဆင်းလို့ ဖြစ်တယ်ဆိုတဲ့ အယူအဆကို အားလုံးက လက်ခံတာလားဆိုတော့ လက်မခံဘူး။ တစ်ချို့က ငြင်းပယ်တယ်။ ဘာကြောင့်မှမဟုတ်ဘဲ မတော်တဆ Accidental ဖြစ်လာတာလို့ဆိုကြတယ်။ အကြောင်းမရှိဘူး။ သူ့ဟာသူ ဖြစ်ချင်လို့ ဖြစ်တယ်ဆိုတဲ့ အယူအဆလဲရှိတယ်။

မြတ်စွာဘုရားကတော့ ဖြစ်ချင်လို့ ဖြစ်တာလည်း မဟုတ်ဘူး။ တန်ခိုးရှင်ဖန်ဆင်းလို့ ဖြစ်တာလည်း မဟုတ်ဘူး။ လောကမှာ သတ္တဝါတွေ ဖြစ်လာတယ်ဆိုတာ ကိလေသာနဲ့ပေါင်းစပ်ပြီး ကံတရားရဲ့ ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာတာတဲ့။ ဒါဖြင့် ဒီကံက ဘယ်မှာဖြစ်တာလဲဆိုရင် အသီးသီးသော သတ္တဝါတွေရဲ့ နေ့စဉ်တွေးကြံပြောဆိုပြုမူမှုတွေ အပေါ်မှာ ဖြစ်တာ။ တစ်ယောက်နဲ့ တစ်ယောက်၊ တစ်ဦးနဲ့တစ်ဦး စိတ်နေ သဘောထားချင်း မတူတော့ ပြုလုပ်တဲ့ ကံချင်းကလည်း မတူကြဘူး။ မတူညီတဲ့ ကံပေါ်မှာ အခြေခံပြီး ကံကြမ္မာပုံရိပ်တွေဟာ သတ္တဝါတွေမှာ ထင်ဟပ်ပေါ်လွင်နေတယ်။ ဒါက လွဲမှားစရာ မရှိဘူး။

ထာဝရဘုရားက ဖန်ဆင်းတယ်ဆိုရင် ပုံစံတူပဲ ဖန်ဆင်းရမှာပေါ့။ ဘာပြုလို့တုန်းဆိုရင် သူက မူကလေးလုပ်ပြီး ဖန်ဆင်းရမှာ။ ပန်းပုဆရာဆိုရင် မူလုပ်ပြီးဖန်ဆင်းတာ ပုံတူဖြစ်တာပေါ့။ အဲ သူက ပုံစံမတူအောင် အမျိုးမျိုး ဖန်ဆင်းရတယ်ဆိုရင် တော်တော်လက်ဝင်မှာပဲ။ လိပ်ပြာဆိုတဲ့ Species တစ်ခုတင်ပဲ

ပန်းချီဆရာတွေ ရေးလို့မမှီအောင် ဒီဇိုင်းအမျိုးမျိုးနဲ့လေ။ လိပ်ပြာဖန်ဆင်းတာနဲ့တောင် သူ့အသက် လောက်ချင်မှ လောက်မယ် နော်။ လိပ်ပြာဖန်ဆင်းတာနဲ့ပဲ အချိန်တွေ အများကြီးကုန်သွားမယ်။ သို့သော် ပြောကြလိမ့်မယ် တန်ခိုးရှင်ပဲ "ဉုံဖွ" ဆို အကုန်ဖြစ်တယ်လို့။

ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူခဲ့တဲ့ တရားတော်အရ ကံတရားနဲ့ ဘုံဘဝတွေဟာ ကိလေသာနဲ့ ဆက်စပ်မှုရှိနေတယ်။ ကံတရားကို လက်ခံရင် ဘုံဘဝကိုလည်း လက်ခံရမယ်။ သုံးဆယ့်တစ်ဘုံ ဘာ့ကြောင့်ဖြစ်လဲ? မတူညီတဲ့ ကံတရားတွေကြောင့် ဖြစ်တယ်ပေါ့။

## ဒုဂ္ဂတိဘုံသား ပြိတ္တာများ

သတ္တဝါတွေဖြစ်ရာ ဘုံဌာနတွေကို "ဘူမိ" သို့မဟုတ် "ဘဝ" လို့ ဆိုတယ်။ ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကားမှာ ဒုဂ္ဂတိဘုံသားဆိုတာ ဘယ်သူတွေကို ပြောတာလဲဆိုရင် စဉ်ဆက်မပြတ် ဒုက္ခတွေကျရောက်နေတဲ့ ငရဲသူ ငရဲသား သတ္တဝါတွေ၊ တိရစ္ဆာန်တွေ၊ ပြိတ္တာတွေပဲဖြစ်တယ်။ အဲဒီတော့ "ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကား" ဆိုတာ ပေတဝတ္ထု ပါဠိတော်မှာလာတဲ့ လူ့ဘုံ လူ့ဘဝနဲ့ ဆက်စပ်ပြီး အကုသိုလ်ရဲ့အကျိုးကို ခံနေရတဲ့ သတ္တဝါအချို့ရဲ့ အမှာစကားကို ဆိုလိုတယ်။

ပိဋကတ်သုံးပုံထဲမယ် ပေတဝတ္ထုဆိုတာ ရှိတယ်။ ပြိတ္တာတွေရဲ့ အကြောင်းကို စုစည်းဖော်ပြထားတဲ့ စာပေဖြစ်တယ်။

လူ့ဘဝ အဆုံးသတ်သွားတဲ့အခါ ဒုဂ္ဂတိဘုံ ရောက်သွားတယ်။ နောက်ဆုံး လွတ်လာတဲ့အခါ လူ့ဘဝမရောက်သေးဘဲနဲ့ ပြိတ္တာဘုံ ရောက်ရှိနေကြတယ်။ ရံဖန်ရံခါ လူ့ဘဝကနေ တိုက်ရိုက်ရောက်သွားတာလည်း ရှိတယ်ပေ့ါ။ ခုခေတ် တစ္ဆေတို့ သရဲတို့လည်း ပါဝင်တယ်ပေ့ါ။ သူတို့ပြောတဲ့ အမှာစကားတွေကို ပေတဝတ္ထုပါဠိတော်မှ ကောက်နှုတ်ပြီး ဟောပြောမှာဖြစ်တယ်။

## Reasonable ဖြစ်တဲ့ ပေတဝတ္ထု

ဒီပေတဝတ္ထု ပါဠိတော်ဆိုတာ ယုံတမ်းစကားလားလို့ မေးစရာရှိတယ်။ သို့သော် အကြောင်းနဲ့ အကျိုးနဲ့ ဘာ့ကြောင့်ဖြစ်တယ် ဘယ်လိုလုပ်ခဲ့တယ်ဆိုတာတွေနဲ့ဖော်ပြတာဖြစ်တယ်။ အရမ်းမဲ့ဖော်ပြတာ မဟုတ်ဘူး။ ဘယ်တုန်းက ဘာတွေဖြစ်ခဲ့တယ်၊ ဘာဖြစ်ပြီး ဘာတွေလုပ်ခဲ့လို့ ဒီဘဝရောက်တော့ ဒီဒုက္ခတွေ ခံစားနေရတယ်ဆိုတာကို အကြောင်းနဲ့ အကျိုးနဲ့ အသေးစိတ်ဖော်ပြတာဖြစ်သောကြောင့် Reasonable ဖြစ်တယ်။

လူတွေဟာ ယုတ္တိမရှိတာတွေတောင်မှ လက်ခံနေကြတာပေ့ါ။ ဒီပေတဝတ္ထုဆိုတာ အင်မတန်မှ ယုတ္တိရှိတဲ့ အရာတွေပဲဖြစ်တယ်။ ကိုယ်ကိုယ်တိုင် မမြင်ရ မကြားရပေမယ့်လို့ အကြောင်းနဲ့အကျိုးကိုက်ညီရင် လက်ခံရတာတွေအများကြီးပဲ။ ပိဋကတ်ထဲမှာ ပါတာထက် ပိုများတဲ့ အကြောင်းအရာတွေရှိသော်လည်း အားလုံးကို မှတ်တမ်းတင်နိုင်တာတော့ မဟုတ်ဘူး။

## ငါးရာ့ငါးဆယ် နည်းသေးတယ်

မြတ်စွာဘုရား ပါရမီဖြည့်တဲ့ ဘဝပဲကြည့် - **"ငါးရာ့ငါးဆယ်"** ပဲ မှတ်တမ်းတင်နိုင်တာ။ စာထဲမှာ **"ငါးရာ့လေးဆယ့်ခုနစ်ဇာတ်"**ပဲ ရှိတာနော်။ လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်းမှာဖြစ်တဲ့ ဘဝဟာ နည်းတဲ့ဘဝလား။ တစ်ကမ္ဘာမှာတောင် ငါးရာ့ငါးဆယ် မကနိုင်ဘူးလေ။ သို့သော် မြတ်စွာဘုရားအလောင်းဟာ ဘဝပေါင်း ငါးရာ့ငါးဆယ်ပဲ ဖြစ်ခဲ့တာလား၊ ဒိ့ပြင်မရှိဘူးလားလို့ မေးစရာရှိတယ်။

တစ်ခါတုန်းက သိံသပါဝန ဆိုတဲ့ ယင်းတိုက်တောကြီးထဲမှာ ကြွေကျနေတဲ့ ယင်းတိုက်ရွက်ကလေးတွေကို လက်ထဲမှာဆုပ်ကိုင်ပြီး "ချစ်သားရဟန်းတို့၊ ငါဘုရားလက်ထဲမှာ ရှိနေတဲ့အရွက်ကလေးတွေနဲ့ တောကြီးထဲမှာရှိနေတဲ့ အရွက်တွေ ဘယ်ဟာကပိုများလဲ"လို့ မေးတယ်။ "တောထဲက မရေမတွက်နိုင်အောင် များပါတယ်၊ အရှင်ဘုရားလက်ထဲမှာ နည်းနည်းလေးပဲရှိပါတယ်" "အဲဒီအတိုင်းပဲ၊ ငါသိပြီး မပြောတာတွေကအများကြီးပဲ" တဲ့နော်။

မြတ်စွာဘုရားဟောခဲ့တာနည်းနည်းပဲ။ သိသမျှဟောမယ်ဆိုရင်လည်း ဆုံးနိုင်ဖွယ်ရာမရှိဘူးပေ့ါ။ အတိတ်ဘဝ ဇာတ်တော်ကို ပြန်ဟောတယ်ဆိုတဲ့ နေရာမှာလည်းပဲ အင်မတန်မှ နည်းပါးတဲ့ ဇာတ်ကြောင်းတွေလောက်ပဲ အကြောင်းပေါ်လာတဲ့အခါမှာဟောတာမျိုးဖြစ်တယ်။ ငါးရာ့ငါးဆယ်ဆိုတာ အလွန်ကိုနည်းတယ်ပေ့ါ။ ငါးရာ့ငါးဆယ်ထဲမပါတဲ့ ဇာတ်လမ်းတွေလည်း

ပိဋကတ်သုံးပုံထဲမှာ ရှိနေသေးတယ်။ ဥပမာ အင်္ဂုတ္တိုရ်ထဲမှာ ပါတဲ့ "**သစေတနသုတ်**" တို့လိုဟာမျိုးပေါ့။ အဲဒီလို စာပေကို အကြောင်းနဲ့အကျိုးနဲ့ သေချာ လေ့လာသုံးသပ်ကြည့်ရင် မှတ်တမ်းတင်ထားတာဟာ အင်မတန်မှနည်းတယ်။ ဒီလောက် နည်းတာတောင် ဘုန်းကြီးတို့တတွေ တိုတောင်းလှတဲ့ ဘဝ အတွင်းမှာ သိရှိမှတ်သားဖို့ များနေသေးတယ်လို့ပဲ ပြောရမှာ နော်။

## အကြောင်းနဲ့အကျိုး

အေး-ကောင်းပြီ၊ မြတ်စွာဘုရားရဲ့ တရားတော်ဟာ ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်လို့ဆိုတဲ့ လည်ပတ်ပြီး ဖြစ်နေတဲ့ သဘာဝတရားတွေ ဖြစ်တယ်။ ပဋိစ္စသမုပ္ပါဒ်အရပြောရင် အကြောင်းတရားတစ်ခုကို အမှီပြုပြီး အကျိုးတရားတွေကို ထုတ်လုပ်နေတဲ့ အကြောင်းတရားတွေ၊ အကြောင်းတရားက ထုတ်လုပ်ထားတဲ့ အကျိုးတရားတွေ ဖြစ်တယ်။ ဒါတွေဟာ စဉ်ဆက်မပြတ် ဖြစ်နေသည့်အတွက် ဘဝဆိုတာ ဖြစ်တယ်လို့ မှန်ကန်တဲ့အမြင်နဲ့ သိဖို့လိုတယ်။ အကြောင်းနဲ့အကျိုး ဆက်စပ် ပြီး ဖြစ်နေတာဆိုရင် အကျိုးကို မလိုချင်တဲ့အခါ အကြောင်းကို ဖယ်ရှားဖို့လိုတယ်ပေါ့။ အကြောင်းတွေ ဖယ်ရှားနိုင်ဖို့ နည်းစနစ် တွေကိုလည်း မြတ်စွာဘုရားက ဟောပြောခဲ့တယ်။ ဘာကြောင့် ဖြစ်တယ်ဆိုတာလည်း ဟောထားတယ်။ ဖြစ်တာတွေကို မလိုချင် တော့ဘူး ဆိုရင်လည်း ဘယ်နည်းနဲ့ ချုပ်ငြိမ်းအောင် လုပ်လို့

ရတယ် ဆိုတာကိုလည်း ဟောခဲ့တယ်။ အင်မတန်မှ ပြီးပြည့်စုံတဲ့ တရားစမ္မတွေပဲ။

## သံသရာဝဋ်က လွတ်တဲ့နည်း

သံသရာဝဋ်က လွတ်ဖို့ဆိုတာ တရားမကျင့်ဘဲနဲ့ လွတ်နိုင်တာ မဟုတ်ဘူး။ အကြောင်းကို ဖယ်ရှားဖို့ဆိုတာ မှန်ကန်တဲ့နည်းလမ်းကို မသုံးဘဲနဲ့ ဖယ်ရှားလို့ရတာမဟုတ်ဘူး။ ဖယ်ရှားလို့ရမယ်ဆိုရင် အလွယ်တကူ လူတိုင်းဖယ်ရှားမှာပေါ့။ မှန်ကန်တဲ့အကျင့်လို့ခေါ်တဲ့ "ဗြဟ္မစရိယ" မြတ်သောအကျင့်ကို ကျင့်သုံးခြင်းဖြင့် ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေကို ဖယ်ရှားနိုင်တယ်။ ဆိုပါစို့- သံသရာဝဋ်က လွတ်ချင်တယ်ဆိုရင် ကိလေသာတွေကို ဖယ်ရှားရမယ်။ ကိလေသာတွေကို ဖယ်ရှားခြင်းဖြင့် ကံကိုဖယ်ရှားပြီးဖြစ်သွားတယ်။ ကိလေသာနဲ့ကံကို ဖယ်ရှားခြင်းအားဖြင့် ဝိပါကဆိုတဲ့ အကျိုးတရားတွေဟာ မလာတော့ဘူး။ ဒါ သံသရာဝဋ်က လွတ်တဲ့နည်းပဲ။

## သတ္တဝါဘယ်လိုဖြစ်?

ကံကို တိုက်ရိုက်ဖယ်ရှားလို့ မရဘူး။ ဘာဖြစ်လို့တုန်း၊ ဆိုပါစို့ စိတ်ကူးတယ်ဆိုတဲ့ မနောကံ မိမိသန္တာန်မှာ ဖြစ်သွားပြီ၊ ဖြစ်သွားပြီးတဲ့နောက်မှာ "မဖြစ်ဘူး"လို့ ငြင်းဆိုလို့မှ မရတာ။ နှုတ်ကပြောပြီးရင်လည်း ပြောပြီးသွားပြီ။ ကိုယ်ထိလက်ရောက် လုပ်ပြီးသွားရင်လည်း လုပ်ပြီးသွားပြီ။

အဲဒီ ကြံစည်မှု၊ ပြောဆိုမှု၊ လုပ်ကိုင်မှုရဲ့နောက်မှာ စွမ်းအားပြည့်နေတဲ့ စေတနာတွန်းအားလေးတွေဟာ စိတ်အစဉ်မှာ Remain ဖြစ်သွားပြီပေါ့။ Accumulate ဖြစ်သွားပြီ။ Accumulate ဖြစ်သွားတယ်ဆိုတာ မျိုးစေ့ပါတဲ့ အသီးလေး သီးလာတာ။ အသီးလေးဟာ တဖြည်းဖြည်း ရင့်လာပြီ၊ မြေနဲ့ ရေနဲ့ တွေ့ရင် ပေါက်မယ့်အနေအထား ရောက်တာပဲ။ ဒီလိုဆိုလိုတာပေါ့။

မျိုးစေ့ထဲမှာ သတ္တိဝင်သွားသလို သတ္တဝါတွေရဲ့ စိတ်အစဉ်ထဲမှာလည်း သတ္တိလေးတွေ ဝင်သွားတာ။ ဘာသတ္တိတုန်းဆိုတော့ ကမ္မသတ္တိ၊ အာသေဝနသတ္တိ၊ ပုံပိုးတဲ့ ကျန်တဲ့သတ္တိတွေ အတ္တိသတ္တိတို့၊ အဝိဂတသတ္တိတို့ ဖြစ်တယ်ပေါ့။ သတ္တဝါတွေရဲ့ စိတ်အစဉ်မှာ ကံရဲ့စွမ်းရည်သတ္တိတွေ ပျံ့နှံ့စိမ့်ဝင်သွားတဲ့အခါ ကိလေသာရဲ့ အကူအညီရတာနဲ့ တပြိုင်နက် ဘဝတစ်ခုဖြစ်ဖို့ရာ အဆင်သင့် ဖြစ်လာတယ်။ ဒီလိုနဲ့ သတ္တဝါတွေဟာ စဉ်ဆက်မပြတ် ဖြစ်နေတယ်။ ဒီလိုဆိုတာပေါ့နော်။

## ဗုဒ္ဓမြတ်စွာရဲ့ ကမ္မဝါဒ

အဲဒီတော့ ဗုဒ္ဓမြတ်စွာရဲ့ ကမ္မဝါဒနဲ့ တခြားကမ္မဝါဒတွေ တူသလား? ဥပမာ ဗုဒ္ဓပွင့်တော်မူခဲ့တဲ့ အိန္ဒိယနိုင်ငံမှာ ဗြဟ္မဏတွေလည်း ကံရှိတယ်လို့ လက်ခံတယ်။ ဒီနေ့ခေတ် Hinduism ဟိန္ဒူဝါဒကလည်း ကံကိုလက်ခံတယ်။ ဗုဒ္ဓဝါဒကလည်း ကံကိုလက်ခံတယ်။ နောက် Jainism ကလည်း ကံကိုလက်ခံတယ်။

သို့သော် ကံလို့ပြောလိုက်တာနဲ့ တူသလားဆိုရင် မတူညီတဲ့ အချက်တွေ အများကြီးရှိတယ်။

မြတ်စွာဘုရားက ကံဆိုတာ စေတနာကိုပြောတာ။ စေတနာဆိုတာ လူတွေရဲ့စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ သဘာဝ တွန်းအားတစ်ခုပဲ။ တွန်းအားဆိုတာ ကြံစည်အောင် လှုံ့ဆော်တယ်၊ ပြောဆိုမိအောင် လှုံ့ဆော်တယ်၊ လုပ်မိအောင် လှုံ့ဆော်တယ်။ အဲဒီ လှုံ့ဆော်တဲ့ တွန်းအားကို ကံလို့ခေါ်တာ။ တွန်းအားဟာ တွန်းအားသက်သက်မျှသာ ဖြစ်တယ်။ ငါလည်းမဟုတ်ဘူး၊ ငါ့ဟာလည်းမဟုတ်ဘူး၊ ထာဝရမြဲတဲ့ အရာလည်း မဟုတ်ဘူး။ ဆိုင်ရာအကြောင်းတွေကြောင့် ဆက်လက်ဖြစ်ပေါ်နေခြင်းမျှသာ ဖြစ်တယ်။ သင်္ခါရတရား သက်သက်မျှသာ ဖြစ်တယ်လို့ မြတ်စွာဘုရားက ဒီလိုဟောပြောတယ်။

ဟိန္ဒူဝါဒကတော့ မဟုတ်ဘူး။ ဒီကံဆိုသည်မှာ အတ္တရဲ့ တွေးခေါ်မှု၊ အတ္တရဲ့ပြောဆိုမှု၊ အတ္တရဲ့လုပ်ကိုင်မှုတွေသာ ဖြစ်တယ်။ ပြုလုပ်သူက အမြဲတမ်းရှိနေတယ်။ ဗုဒ္ဓဘာသာမှာ ပြုလုပ်သူမရှိဘူး၊ ခံစားသူလည်းမရှိဘူး၊ ပြုလုပ်သူဆိုတာ အကြောင်းတရား၊ ခံစားသူဆိုတာ အကျိုးတရား။ Hinduism မှာတော့ ပြုလုပ်သူဆိုတာ အတ္တ၊ ခံစားသူဆိုတာလည်း အတ္တ၊ ထာဝရမြဲတဲ့ အရာလေးတစ်ခုဖြစ်တယ်။ မြတ်စွာဘုရားကတော့ အားလုံးကို အနတ္တလို့ ဟောတယ်။

အနတ္တဆိုတာ ဆိုင်ရာ အကြောင်းတရားတွေကြောင့် ဖြစ်လာတာ။ စဉ်းစားကြည့်ပေါ့၊ ထင်ရှားအောင်ပြောမယ်ဆိုရင်

ကိုယ့်အိမ်မှာ သရက်ပင်လေး တစ်ပင်စိုက်တယ်။ ကိုယ်လုပ်ပေးနိုင်တာ ဘာလဲဆိုတော့ အစေ့လေးကို မြေကြီးထဲထည့်ပြီး ရေလောင်းပေးတယ်။ ဒါပဲ ကိုယ်တတ်နိုင်တာ။ သရက်စေ့က အမြစ်ထွက်လာတာတို့၊ အညှောင့်ထွက်လာတာတို့၊ အပင်ကြီးထွား အကိုင်းအခက်တွေ ထွက်လာတာတို့၊ အပွင့် ပွင့်တာတို့၊ အသီးသီးတာတို့ဟာ ကိုယ်လုပ်တာ မဟုတ်ဘူး။ ဆိုင်ရာအကြောင်းတရားတွေကလုပ်တာ။ သရက်စေ့ကိုက ကိုယ်လုပ်တာ မဟုတ်ဘူး။ ဆိုင်ရာ အကြောင်းတရားတွေက ဆိုင်ရာ အကျိုးတရားတွေကို ဖြစ်စေတာပေါ့။ သို့သော် ကိုယ်နဲ့ ဆက်စပ်နေတာ ဖြစ်သောကြောင့် လူတွေက "ငါစိုက်တာ ငါ့အပင် ငါ့အသီး" နဲ့ ဒီလိုပြောကြတာကိုး။

အဲဒါလိုပဲ ကိုယ့်သန္တာန်မှာ ဖြစ်နေတဲ့ ကံတရားတွေကိုလည်း "ငါ့ကံ ငါလုပ်တာ"လို့ပြောတာဟာ ဆက်စပ်နေလို့သာ ပြောလို့ရတာ။ တကယ်တော့ ကိုယ်လုပ်တာ မဟုတ်ဘူးတဲ့။ အကြောင်းတရားတွေ ဆုံစည်းပြီး ဖြစ်ပေါ်သွားတာလို့ ဆိုတာနော်။

အဆင့်မြင့်တဲ့ ဝိပဿနာဉာဏ်နဲ့ ကြည့်တဲ့အခါ ငါဆိုတာမရှိဘူး၊ ငါ့ဟာဆိုတာမရှိဘူး။ ငါမှမရှိရင် ငါ့ဟာဘယ်ရှိမတုန်း။ ဒီလို အမှန်မြင်နိုင်မှ အမှားမြင်တဲ့ အဝိဇ္ဇာကို ဖယ်ရှားနိုင်မယ်။ အဝိဇ္ဇာမရှိမှ တွယ်တာမှုတဏှာဆိုတာ ၁ယ်နိုင်မှာ။ တွယ်တာမှုတဏှာပယ်နိုင်မှ ကံတရားတွေက အကျိုးပေးလို့ မရမှာ။ ဒါဟာ သံသရာပြတ်ဖို့ အတွက်ပဲ။

ဒါကြောင့် **“တဏှာနိရောဓာ ဥပါဒါနနိရောဓော၊ ဥပါဒါနနိရောဓာ ဘဝနိရောဓော”**လို့ ဟောတာ။ အစပိုင်းမှာ **“အဝိဇ္ဇာနိရောဓာ သင်္ခါရနိရောဓော”** ပေါ့။ ဒါ သူ့ဟာသူ ချုပ်တဲ့ အချုပ်လားဆိုတော့ မဟုတ်ဘူး။ **“အသေသ ဝိရာဂ-နိရောဓာ”** ဝိရာဂလို့ခေါ်တဲ့ အဝိဇ္ဇာကို ချုပ်အောင်လုပ်နိုင်တဲ့ မဂ်ဉာဏ်မျိုး ဖြစ်ပေါ်တာကို ဆိုလိုတယ်။ သူ့ဟာသူ ချုပ်တဲ့ အချုပ်မျိုးမဟုတ်ဘူး။ တရားကျင့်လို့ချုပ်တဲ့ အချုပ်မျိုးဖြစ်တယ်။

အဲတော့ ကံတရားရှိနေသမျှ ဘဝဆိုတာ ရနေမှာပဲ။ ဘဝ ရနေသမျှ သုခ ဒုက္ခဆိုတာ လာနေမှာပဲ။ ဗုဒ္ဓဟောတဲ့ ကံတရားဟာ ဘဝနဲ့ဆက်စပ်ပြီးဖြစ်နေတယ်ဆိုပေမယ့် ဆိုင်ရာအကြောင်းတရားတွေကြောင့် ဆိုင်ရာအကျိုးတရားတွေ ဖြစ်ပေါ်နေခြင်းမျှသာ ဖြစ်တယ်။

ဒါဖြင့် ခံရတော့ ဘာဖြစ်လို့ ခံရလဲ? ဆိုပါစို့ - မီးက ဖယောင်းတိုင်ကိုလောင်ရင် ဘယ်သူ့ကို ဖျက်ဆီးမှာလဲ? ဖယောင်းတိုင်ကိုပဲ ဖျက်ဆီးမှာ။ မီးတောက်လေးက ထင်းပေါ်မှာ တောက်တယ်ဆိုရင် ဘယ်သူ့ကို ဖျက်ဆီးမှာလဲ? ထင်းကိုပဲ ဖျက်ဆီးမှာ။ အိမ်ကိုစွဲတယ်ဆိုရင် ဘယ်သူ့ကို ဖျက်ဆီးမှာလဲ? အိမ်ကိုပဲ ဖျက်ဆီးမှာ။ ဒီတိုင်းပဲ ဖြစ်ရာဌာနကို လောင်ကျွမ်း ပျက်စီးစေတာပဲပေါ့။ သဘာဝတရားက ဒီတိုင်းပဲ။

ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဟောပြောချက်အရ **“ယံ ကမ္မံ ကရိဿန္တိ ကလျာဏံ ဝါ ပါပကံ ဝါ၊ တဿ ကမ္မဿ ဒါယာဒါ ဘဝိဿာမ”** တဲ့။ ဘယ်အလုပ်ပဲ လုပ်လုပ်၊ စိတ်နဲ့ပဲ

တွေးတွေး၊ နှုတ်နဲ့ပဲပြောပြော၊ ကိုယ်ထိလက်ရောက်ပဲ လုပ်လုပ်၊ ကောင်းတဲ့အလုပ်ပဲ လုပ်လုပ်၊ ဆိုးတဲ့အလုပ်ပဲ လုပ်လုပ်၊ အကောင်းအဆိုး တွေးသမျှ၊ ပြောသမျှ၊ လုပ်သမျှတွေဟာ ကံအရာမြောက်သွားရင် အဲဒီကံရဲ့အမွေကို ခံရမှာပဲတဲ့။ ဘာလို့တုန်းဆို ကိုယ့်သန္တာန်မှာ ဖြစ်သည့်အတွက် ကိုယ်နဲ့ ဆက်စပ်နေတာကိုး။ မီးတောက်ကလေးသည် ဘယ်နေရာမှာစွဲစွဲ စွဲတဲ့နေရာ လောင်ကျွမ်းပျက်စီးမှာပဲ ဒီအဓိပ္ပါယ်မျိုးပြောတာ။

## အကုသိုလ်ကံနဲ့ ကုသိုလ်ကံ

အေး- အကုသိုလ်ကံဟာ သတ္တဝါတွေရဲ့ စိတ်ဆန္ဒထဲမှာ **"အယောနိသောမနသိကာရ"** လို့ဆိုတဲ့ **Unwise Attention** မမှန်မကန် နှလုံးသွင်းခြင်း၊ သတိကင်းမဲ့ခြင်း၊ ဆင်ခြင်ဉာဏ်ကင်းမဲ့ခြင်းဆိုတဲ့ အကြောင်းတရားတွေကြောင့် ဖြစ်တာ။ နောက် **"အသပ္ပုရိသူပသဝန"** သူတော်မဟုတ်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပေါင်းမိခြင်း၊ **"အသဒ္ဓမ္မသဝန"**သူယုတ်မာတို့ရဲ့ဟောပြောချက်တွေကို နားယောင်မိခြင်းဆိုတဲ့ အကြောင်းတရားတွေကို အခြေခံပြီး မကောင်းတဲ့ အကုသိုလ် အပြောတွေ၊ အတွေးတွေ၊ လုပ်ရပ်တွေဖြစ်တာ။

အဲဒီလို ဖြစ်သွားရင် ဒီကံကြမ္မာက ဘယ်သူနဲ့ ပတ်သက်သွားတုန်းဆိုတော့ ဖြစ်ရာပုဂ္ဂိုလ်နဲ့ပဲ ပတ်သက်တယ်။ အကျိုးပေးရင်လည်း ဖြစ်ရာပုဂ္ဂိုလ်ကိုပဲ အကျိုးပေးတယ်။ အကုသိုလ်ကံဆိုတာ ဘယ်သူ့သန္တာန်မှာဖြစ်ဖြစ် ဖြစ်ပြီဆိုရင် အတိုင်းအတာ

တစ်ခုအရ **သာဝဇ္ဇ** အပြစ်ရှိပြီး၊ **ဒုက္ခဝိပါက** ဆင်းရဲတဲ့အကျိုးကို ထုတ်လုပ်တယ်။ ကုသိုလ်ကံကတော့ **အနဝဇ္ဇ** အပြစ်ကင်းပြီး **သုခဝိပါက** ကောင်းကျိုးချမ်းသာတွေ ဖြစ်စေတယ်။ ဒီသဘာဝ တရားကြီးနှစ်ခုဟာ သတ္တဝါတွေရဲ့သန္တာန်မှာ ဆိုင်ရာဆိုင်ရာ အကြောင်းတရားတွေ ဦးဆောင်ပြီး ဖြစ်ပေါ်လေ့ရှိတယ်။

သတ္တဝါတွေဟာ မကောင်းတဲ့ ပုဂ္ဂိုလ်တွေနဲ့ ပေါင်းသင်းမိခြင်း၊ မကောင်းတဲ့ အပြောအဆိုတွေကို ကြားနာရခြင်း၊ မကောင်းတဲ့ လမ်းညွှန်ချက်တွေကို နာခံရခြင်း၊ မကောင်းတဲ့ တိုက်တွန်းမှုတွေကို ခံရခြင်း စတာတွေကြောင့် မကောင်းတဲ့ အကုသိုလ်တွေ လုပ်ဖြစ်တယ်။ လူတော်လူကောင်းတွေနဲ့ ပေါင်းမိလို့ ကောင်းတဲ့စကားတွေ ကောင်းတဲ့လမ်းညွှန်ချက်တွေ ရတယ်။ ကောင်းတဲ့လမ်းညွှန်ချက်တွေရလို့ ကောင်းတဲ့အတွေး၊ ကောင်းတဲ့ အပြောအဆို၊ ကောင်းတဲ့ လုပ်ရပ်တွေကို လုပ်ဖြစ်ကြတယ်။

ဟော အကောင်းနဲ့အဆိုးဟာ ဆိုင်ရာအကြောင်းတရားတွေရဲ့ ဦးဆောင်မှုနဲ့ ဖြစ်တာ။ မတူညီသော လမ်းကြောင်းကြီးတွေပေါ်မှာ လျှောက်လှမ်းနေကြတယ်တဲ့။ အဲလိုလျှောက်လှမ်းတဲ့အထဲမယ် ကံတရားဟာဘယ်သူ့သန္တာန်မှာပဲဖြစ်ဖြစ် မကောင်းတဲ့ အကုသိုလ်ကံက မကောင်းတဲ့အကျိုးတွေကို ပေးတယ်။ ကောင်းတဲ့ကုသိုလ်ကံက ကောင်းတဲ့အကျိုးကိုပေးတယ်။ သတ္တဝါတွေဟာ ဒီလို ကောင်းကျိုးဆိုးကျိုးကို ရရှိခံစားကြရတယ်တဲ့။

## သင်ခန်းစာစု ပေတဝတ္ထု

စာပေမှာပေတဝတ္ထုကိုမှတ်တမ်းတင်ထားတာ အများကြီး မဟုတ်ဘူး၊ ငါးဆယ့်တစ်ပုဒ်ပဲရှိတယ်။ အဲဒီ ငါးဆယ့်တစ်ပုဒ် ထဲက သင့်တော်ရာ ဝတ္ထုအချို့ကိုထုတ်နှုတ်ပြီး ဟောပြောပေး မယ်။ ဒီတရားကို နာယူပြီးတော့ ဘဝအတွက် သင်ခန်းစာတွေ ရလာနိုင်မယ်။ လောကမှာ ဘဝသင်ခန်းစာဆိုတာ ယူကြရတယ်။ သင်ခန်းစာယူပြီးတဲ့အခါ မိမိရဲ့ဘဝ အဆင်ပြေဖို့ မှန်ကန်တဲ့ လမ်းကြောင်းကို ကြိုးစားလျှောက်လှမ်းကြရမယ်။ ငါးဆယ့်တစ် ဝတ္ထုထဲက သင့်တော်ရာ ဝတ္ထုလေးတွေကို ရွေးကောက်ပြီး "ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကား" အဖြစ် ဟောပြောမှာ ဖြစ်တယ်။

ဒီကနေ့ခေတ်မှာလည်း "သေရွာပြန်တို့ရဲ့ အကြောင်း" ဆိုပြီး ရေးထားတဲ့စာအုပ်တွေရှိတယ်။ အတွေ့အကြုံက တစ်ဦးနဲ့ တစ်ဦး မတူကြဘူးပေါ့။ တချို့အတွေ့အကြုံက အင်မတန်မှ ထူးဆန်းတယ်။ ယုံနိုင်စရာ မရှိဘူးပေါ့။ မြတ်စွာဘုရား ကိုယ်တိုင် ကိုက အကုန်လုံးမပြောဘူး။ ဘာဖြစ်လို့တုန်းဆိုရင် ယုံကြမှာ မဟုတ်လို့ပဲ။ သတ္တလောကကြီးဆိုတာ အင်မတန်မှ ဆန်းကြယ် တယ်။ သက်သေသာဓေ ရှိတဲ့အခါမှ မြတ်စွာဘုရားက ဟောပြောတာဖြစ်တယ်။ ဘယ်ဟောပြောချက်ပဲဖြစ်ဖြစ် ဒိဗ္ဗစက္ခု ကို အခြေခံတဲ့ "**ယထာကမ္မူပဂဉာဏ်**" ကံအားလျော်စွာ သတ္တဝါတွေဟာ ဘုံဘဝကို ရောက်တယ်ဆိုတာကို သိတဲ့ဉာဏ်နဲ့ ဟောတာ။

သတ္တဝါတွေရဲ့ ကံစွမ်းရည်သတ္တိ၊ ပတ်ဝန်းကျင် အခြေအနေ ဒါတွေအားလုံးကို ဘုရားပဲမှန်အောင် ပြောနိုင်တယ်။ ကျန်တဲ့ပုဂ္ဂိုလ်တွေက အကုန်မသိဘူး၊ အပေါ်ယံလောက်ပဲ ပြောနိုင်တယ်။

## အရှင်နာရဒနှင့် ပြိတ္တာများ

ပေတဝတ္ထုပါဠိတော်မှာ အရှင်နာရဒရဲ့ အတွေ့အကြုံ ဇာတ်လမ်းတွေကို မှတ်တမ်းတင်ထားတယ်။ ရှင်လက္ခဏနဲ့ ရှင်မောဂ္ဂလာန်တို့လည်း အတွေ့အကြုံ ဇာတ်လမ်းတွေ ရှိတယ်နော်။ သံယုတ်ပါဠိတော်မှာ ထူးဆန်းတဲ့ ဒုဂ္ဂတိဘုံသားတွေနဲ့ ကြုံတွေ့ခဲ့တဲ့ မှတ်တမ်းတွေရှိတယ်။ ဘုန်းကြီးတို့ မကြာခင်က "ထူးဆန်းသော သတ္တဝါကြီးများ"ဆိုတဲ့ ခေါင်းစီးနဲ့ ရှင်မဟာမောဂ္ဂလာန်တို့ရဲ့ အတွေ့အကြုံကို ဟောထားတာ ရှိတယ်။

အခု ဒီကနေ့ "ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကား" ကို ဟောမှာဖြစ်တယ်။ များသောအားဖြင့် ရာဇဂြိုဟ်ပြည်က ဂိဇ္ဈကုဋ်တောင် နေရာဟာ ဒုဂ္ဂတိဘုံသားတွေ များပြားတဲ့နေရာတစ်ခု ဖြစ်နိုင်တယ်ပေါ့။ အဲဒီမှာ ဒီနေ့ခေတ်တောင်မှပဲ ရှိသေးတယ်နဲ့ တူတယ်။ ရေပူတွင်းတွေဆိုတာရှိတယ်။ မြန်မာပြည်မှာလည်းပဲ ရေပူတွင်းတွေရှိတယ်။ ဟန်လင်းကြီးဘက်မှာရှိတယ်၊ ထားဝယ်ဘက်မှာ ရှိတယ်။

အိန္ဒိယမှာရှိတဲ့ ရေပူတွင်းကို **တပေါဒါ** လို့ ခေါ်တယ်။ **တပေါဒါ**ရဲ့ အဓိပ္ပါယ်က ရေပူလို့ ပြောတာပဲ။ **တပ**ဆိုတာ

ပူလောင်နေတဲ့၊ ဥဒဆိုတာ ရေ၊ ရေပူရှိတဲ့မြစ်ကို **တပေါဒါမြစ်** ရေပူတွင်းပေါ့။ အဲဒီရေက ဘာလို့ ပူတာတုန်းဆိုတော့ **လောဟကုမ္ဘီ** ငရဲအိုးကြီး နှစ်လုံးကြားက ဖြတ်စီးလာလို့တဲ့။ ဟုတ်တာပေါ့။ ဒီနေ့ခေတ် ရေချိုးခန်းထဲမှာ ရေနွေးနဲ့ ရေချိုးချင်ရင် လျှပ်စစ်ရေနွေးအိုးက ဖြတ်စီးလာတဲ့ ရေပူနဲ့ချိုးရတာပဲ။ အဲဒီရေပူတွင်းက ရေဟာလည်း ငရဲအိုးနှစ်လုံးကြားက ဖြတ်စီးလာတာ ဖြစ်နိုင်တယ်။

ကမ္ဘာမှာ မီးတောင်တွေ အများကြီးရှိတာပဲ။ သတ္တဝါတွေဟာ ကံကြမ္မာရဲ့ အကျိုးပေးမှုကြောင့် အဲဒီ မီးတောင်တွေထဲမှာ သွားဖြစ်တာရော မဖြစ်နိုင်ဘူးလား။ ထူးဆန်းတယ်။ အင်မတန်ပူတဲ့ မီးတောင်ထဲ သတ္တဝါသွားဖြစ်တာ။ အဲဒီသတ္တဝါဟာ ငရဲသတ္တဝါလို့ ပြောလို့ရနိုင်တယ်။ အဲတော့ လောဟကုမ္ဘီ ငရဲမှာ ခံစားနေကြရတဲ့ သတ္တဝါတွေရှိတယ်။ အဲဒီငရဲအိုးနှစ်လုံးကြားက ဖြတ်စီးလာလို့ ရေကပူတယ်လို့ဆိုတယ်။

## ဝက်နှုတ်သီးနဲ့ လူတူပြိတ္တာ

တစ်နေ့တော့ ရှင်နာရာဒဆိုတဲ့ ရဟန်းတော်တပါးဟာ ဂိဇ္ဈကုဋ်တောင်ပေါ်ကနေ ဆင်းလာတဲ့အခါမှာ ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်ကို မြင်ခဲ့ရတယ်။ သူမြင်ခဲ့တဲ့ သတ္တဝါက ဝက်နှုတ်သီးနဲ့ လူပုံစံ ပြိတ္တာတစ်ကောင်ဖြစ်တယ်။ အဲဒီ ပြိတ္တာရဲ့ ခန္ဓာကိုယ်က အင်မတန်မှလှတယ်။ အသားရေက ဝင်းပြီး ပတ်ဝန်းကျင်တောင်မှ ဖိတ်ဖိတ်တောက်တယ်။ သို့သော် သူ့

နှုတ်သီးက ဝက်နှုတ်သီးကြီးတဲ့။ ကဲ-ဘယ်လောက်ထူးဆန်းတဲ့ သတ္တဝါတုန်းဆိုတော့ ဝက်နှုတ်သီးနဲ့ ပြိတ္တာကြီးပေါ့။ ကြည့်လိုက်ရင်တော့ အင်မတန်မှ လှပတဲ့လူတစ်ယောက်၊ သို့သော် မျက်နှာမြင်လိုက်တာနဲ့ ဝက်နှုတ်သီးကြီးနဲ့ လူတစ်ယောက် ဖြစ်နေတယ်။

အင်မတန်မှ ထူးဆန်းတဲ့ သတ္တဝါကို သူမြင်တော့ အနီးရောက်လာတဲ့အခါမှာ သူ စကားပြောကြည့်တယ်။ "ထူးဆန်းလှချေလား။ ခန္ဓာကိုယ်ကတော့ အင်မတန်မှလှတယ်။ အသားအရေတွေက စိုပြေဝါဝင်းပြီး မျက်နှာကတော့ ဝက်နှုတ်သီးကြီးနဲ့။ ဘာကြောင့် ဒီဘဝမျိုး ရောက်တာလဲ?"လို့ မေးတယ်။

သူကပြောတယ် "သူဟာ အရင်ဘဝတုန်းက လူသားတစ်ယောက်ပါ" တဲ့။ "ကိုယ့်အမှုကိုတော့ စောင့်စည်းတယ်။ သူများကို ပုတ်တာ ခတ်တာ မလုပ်ဘူး။ သို့သော် နှုတ်ကိုတော့ မစောင့်စည်းခဲ့ဘူး"တဲ့။ "ဆဲရေးတိုင်းထွာတယ်၊ ကြမ်းတမ်းသော စကားကို ပြောတယ်၊ နှုတ် အင်မတန် ကြမ်းတမ်းခဲ့တယ်။ သူတော်ကောင်းတွေကို ဆဲရေးတယ်၊ ရဟန်းသံဃာတွေကို ဆဲရေးခဲ့တယ်" တဲ့။

ဆဲတယ်လို့ ဆိုကတည်းက သူ့စိတ်ဟာ ဒေါသပြင်းထန်တဲ့ စိတ်မျိုးဖြစ်တာပေါ့။ အဲဒီလို ဒေါသပြင်းထန်တဲ့ စိတ်နဲ့ ဆဲရေးတာ။ အဲဒီဒေါသရဲ့အရှိန်ကြောင့် လူ့ဘဝသေဆုံးတဲ့အခါ ငရဲကို ကျသွားတယ်။ ငရဲက လွတ်လာတဲ့အခါ ကံကြွင်းက မကုန်သေးတော့ သူ့ရဲ့ပုံပန်းသဏ္ဌာန်ဟာ ရုပ်ပျက်ဆင်းပျက် ဖြစ်တယ်။

ဒေါသဖြစ်ပြီး စိတ်ဆိုးရင် နှုတ်သီးက ချွန်သွားတာလေ။ အဲတော့ ဝက်နှုတ်သီးလို နှုတ်သီးချွန်တဲ့ ပြိတ္တာဘဝ ရောက်လာတယ်။ အင်မတန်မှ အရုပ်ဆိုးအကျည်းတန်တဲ့ မျက်နှာဖြစ်တယ်။

သူက မှာလိုက်တယ်တဲ့။ "တပည့်တော်ကို အရှင်ဘုရား ကိုယ်တိုင် မြင်တယ်မဟုတ်လား။ တပည့်တော်ဟာ ကာယကံ ကိုတော့ ထိန်းသိမ်းစောင့်ရှောက်ခဲ့တယ်။ ယဉ်ယဉ်ကျေးကျေး နေခဲ့တယ်။ သို့သော် နှုတ်ကို မစောင့်စည်းဘဲ ဆဲရေးတယ်၊ လိမ်ညာတယ်၊ ပါးစပ်နဲ့ပတ်သက်တဲ့ အကုသိုလ်တွေ အကုန် လုပ်တယ်။ ဒါကြောင့် အပါယ်ငရဲကျပြီးတဲ့အခါမှာ တပည့်တော် ဒီအခြေအနေမျိုး ရောက်လာရတာပါ"တဲ့။ ကံကြမ္မာပုံရိပ်ဆိုတာ စိတ်ခာတ်ပေါ် မူတည်ပြီးတော့ဖြစ်တာ။ "အရှင်ဘုရား၊ တပည့် တော်ကိုပဲကြည့်၊ ဘယ်တော့ပဲဖြစ်ဖြစ် နှုတ်ကိုစောင့်စည်းပါ။ နှုတ်ကို မထိန်းသိမ်း မစောင့်ရှောက်ရင် တပည့်တော်အဖြစ်မျိုးနဲ့ ကြုံတွေ့နိုင်ပါတယ်" လို့ အမှာစကား ပါးလိုက်တာပေါ့။

သူပြောလိုက်တဲ့ စကားကိုကြည့်ရင် သူဘာလုပ်ခဲ့လို့ ဒီဘဝကို ရောက်ရတယ်ဆိုတာ ထင်ရှားတယ်။ သူ အတိတ်ဘဝ တုန်းက လုပ်ခဲ့တာကို ပြန်ပြီးမှတ်မိနေလို့ ပြောတဲ့စကား ဖြစ်တယ်။ အဲဒီလို ဝက်နှုတ်သီးနဲ့ ပြိတ္တာကြီးတစ်ကောင်ရဲ့ မှာကြားချက်ကို ရှင်နာရဒက မြတ်စွာဘုရားကို လျှောက်ထားတဲ့ အခါ မြတ်စွာဘုရားက ရောက်ရှိလာတဲ့ ပရိသတ်တွေကို ထပ်ပြီး ဟောပြောတယ်။ ဝစီဒုစရိုက် မကျူးလွန်ဖို့ ဝစီဒုစရိုက်ရဲ့ အပြစ် တွေဟာ အင်မတန်မှ ကြီးမားတယ်၊ နှုတ်နဲ့ ပတ်သက်တဲ့

အကုသိုလ်တွေ ပြုမိမယ်ဆိုရင် ဒီလို အရုပ်ဆိုး အကျည်းတန်တဲ့ ဘဝ ရောက်တတ်တယ် ဆိုတာကို ဟောပြော ဆုံးမခဲ့တဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့။

## နှစ်ဦးကြားကုန်းတိုက် ပါးစပ်ပိုးလောက်ကိုက်

နောက်တစ်ခါ အရှင်နာရဒဟာ ဂိဇ္ဈကုဋ်တောင်ပေါ်က ဆင်းလာတဲ့အခါ ကောင်းကင်ယံမှာ ကိုယ်ရောင်ကိုယ်ဝါနဲ့ အလွန်လှပတဲ့ ပြိတ္တာတစ်ကောင်ကို မြင်ရပြန်တယ်။ အဲဒီ ပြိတ္တာဟာ ခန္ဓာကိုယ်အနေနဲ့ အင်မတန်မှ လှပတယ်။ သို့သော် ပါးစပ်ကပုပ်ပြီး လောက်တွေ တဖွားဖွား ထွက်နေတယ်။ အဲဒီလို လောက်တွေ တဖွားဖွားနဲ့ ပါးစပ်ကြီးတစ်ခုလုံး ပုပ်နေတာကို တွေ့ရတော့ အရှင်နာရဒက တအံ့တဩ ဖြစ်တာပေါ့။ အဲဒီ ပြိတ္တာနဲ့ ဆုံတဲ့အခါ မေးကြည့်တယ်တဲ့။ ဘာဖြစ်လို့ ဒီအခြေအနေမျိုး ရောက်ရတာတုန်းပေါ့။

သူကပြောတယ် "သူဟာ ယခင်ဘဝတုန်းက ဘုန်းကြီးတစ်ပါး ဖြစ်ခဲ့တယ်။ နှုတ်ကိုမစောင့်စည်းဘဲ တစ်ပါးနဲ့တစ်ပါး မတည့်အောင် ဂုံးတိုက်တယ်၊ မဟုတ်တမ်းတရားတွေ ပြောတယ်။ တရားကျင့်ခဲ့တဲ့အတွက်ကြောင့် သူ့ရဲ့ခန္ဓာကိုယ် ရုပ်အဆင်းက လှပတယ်။ သို့သော် ပါးစပ်ကပုပ်ပြီး လောက်တွေ တဖွားဖွားကျနေတယ်။ ဒီလို ဖြစ်ရတာက တစ်ခါတုန်းက သူတော်ကောင်း ရဟန်းတော်နှစ်ပါးကို သူက ဂုံးတိုက်ခဲ့လို့"တဲ့။

တောရကျောင်း တစ်ကျောင်းမှာ အင်မတန်မှရင်းနှီးတဲ့ ရဟန်းတော်ကြီးနှစ်ပါး သီတင်းသုံးနေကြတယ်။ ဝါတော်တွေလဲ အတော်ရပြီ။ ဒီကိုယ်တော်က အာဂန္တုအဖြစ် အဲဒီကျောင်းလေးကို ရောက်သွားတယ်။ အဲဒီရွာက လူတွေက သဒ္ဓါတရား အင်မတန် ကောင်းကြတယ်။ ကိုယ်တော်ကြီး နှစ်ပါးနဲ့အတူ ရွာထဲဆွမ်းခံကြွတဲ့အခါ လူတွေက လှူကြတန်းကြတာ၊ ရိုသေလေးစားကြတာကိုမြင်တော့ "ဪ ဒီရွာကလူတွေ တယ်တော်တာပဲ။ သဒ္ဓါတရားလည်း အင်မတန်ကောင်းတယ်။ ငါဒီရွာမှာ အမြဲနေရအောင်ကြံဦးမှ၊ ဒီကိုယ်တော်ကြီးနှစ်ပါးနဲ့ နေရင်တော့ ငါ သူတို့တပည့်ဖြစ်မှာ။ ငါကိုယ်တိုင်ပဲ ဒီကျောင်းကို ဦးစီးဦးကိုင်နေလို့ရအောင်လုပ်မှပဲ" လို့ ကျောင်းလုဖို့ ကြံတာပေါ့နော်။

ကျောင်းရောက်တဲ့အခါ ဒီကိုယ်တော်နှစ်ပါး မတည့်အောင် ဂုံးတိုက်ဖို့ စဉ်းစားတယ်။ နှစ်ပါးလုံးနဲ့ ခင်မင်ရင်းနှီးအောင် ပေါင်းတယ်။ တစ်ရက်တော့ အကြီးကိုယ်တော်ထံကနေဆုံးမဩဝါဒတွေ နာခံပြီးတော့ ကျောင်းကအဆင်းမှာ ပြန်တက်လာတယ်။ ပြန်တက်လာတော့ အကြီးကိုယ်တော်က မေးတယ်။ ဘာလို့လာတာလဲဆိုတော့ တပည့်တော် လျှောက်စရာလေးတစ်ခုကျန်လို့ လာတာပေါ့။ ဘာလျှောက်ချင်တာတုန်းမေးတော့ "အရှင်ဘုရား ဟိုကိုယ်တော်နဲ့ အဆင်ပြေရဲ့လား" တဲ့။ "ဟ- တို့အတူတူနေလာတာ ကြာလှပြီ၊ ဘာမှမဖြစ်ပါဘူး။ အဆင်ပြေပါတယ်" လို့ ဖြေတော့ "အရှင်ဘုရားကသာ သူတော်ကောင်းစိတ်ရှိလို့ အဆင်ပြေတယ်လို့ပြောတာ သူက တပည့်တော်ကို

ပြောတယ်၊ မင်းဒီကိုယ်တော်ကြီးနဲ့ မပေါင်းနဲ့၊ ဒီကိုယ်တော်ကြီး က အင်မတန်ဆိုးတာ၊ ကိုယ်ကျင့်တရား မကောင်းဘူးလို့ တပည့်တော်ကို ပြောတယ်" တဲ့။ "မင်းမဟုတ်တာတွေ မပြောနဲ့" ဆိုတော့ "အရှင်ဘုရား တပည့်တော် မဟုတ်တာ မပြောဘူး။ အကျိုးလိုလားလို့ အရှင်ဘုရားကိုပြောတာ။ ယုံတာ မယုံတာ တော့ အရှင်ဘုရား သဘောပဲ၊ တပည့်တော်ကြားတာ လာလျှောက်တာပါ" လို့ ပြောခဲ့သတဲ့။

ပုထုဇဉ်ဆိုတော့ စိတ်ထဲမှာ သံသယ ဖြစ်သွားတာပေါ့။ မဆုံးဖြတ်နိုင်ဘူး။ ဟုတ်များဟုတ်နေမလားပေါ့။ အဲဒီစကားကို တစ်ခါ ဒုတိယကိုယ်တော်ကို သွားပြောပြန်တာပဲ။ ဟိုကိုယ်တော် ကလည်း သံသယဖြစ်သွားတယ်။ ကိုယ်တော်နှစ်ပါးဟာ စိတ်ဝမ်း ကွဲပြီး ကျောင်းမှာမနေကြတော့ဘဲ ထွက်သွားကြတယ်။ ဒီလိုတွေ ထိအောင် ဖြစ်သွားတယ်ပေါ့နော်။ ဓမ္မပဒမှာပါတဲ့ ဝတ္ထုနဲ့ ခပ်ဆင်ဆင်ပဲ။ ဒါကတော့ ပေတဝတ္ထုမှာ ပါတာ။

အဲဒီလို ကိုယ်တော်နှစ်ပါးကို ဂုံးတိုက်လိုက်တယ်။ ဂုံးတိုက် လိုက်တော့ ခါတိုင်းဆို တော်တော်ကို သင့်သင့်မြတ်မြတ်နေတဲ့ ကိုယ်တော်ကြီးနှစ်ပါးဟာ အဲဒီကျောင်းကနေ ထွက်သွားကြ တယ်။ အဲဒီကျတော့မှ သူက ကျောင်းကိုအပိုင်စီးတာ။ နောက်ပိုင်း သူဘာဖြစ်သလဲဆိုတော့ "ဩော် တကယ့် အနေ အထိုင်ကောင်းတဲ့ ပုဂ္ဂိုလ်တွေကို ငါ မဟုတ်တမ်းတရားတွေနဲ့ ပြောမိပြီ"ဆိုပြီး သူ့စိတ်ထဲ ယူကျုံးမရ ဖြစ်လာတယ်။ စိတ်တွေ ပူလာတယ်။ အိပ်လို့လဲ မပျော်ဘူး။ စားလို့လဲ အဆီသြဇာ မဖြစ်

တော့ဘူး။ မကြာခင်ဘဲ သူ့လုပ်ရပ်အပေါ် နောင်တကြီးစွာရပြီး ဒီကိုယ်တော် ပျံတော်မူသွားခဲ့တယ်။ သူ ဘယ်ရောက်သွားလဲ ဆိုတော့ ငရဲရောက်သွားတယ်။

ဟိုကိုယ်တော်ကြီး နှစ်ပါးကတော့ ဟိုဟိုဒီဒီ ရွှေ့ပြောင်း သွားလာရင်း ပြန်ဆုံမိပြီး တစ်ပါးနဲ့တစ်ပါး ပွင့်ပွင့်လင်းလင်း မေးတဲ့အခါ သူကလည်း မပြောရပါဘူး၊ ဟိုကလဲ မပြောရပါဘူး ဆိုပြီး ပြန်အဆင်ပြေသွားကြတယ်။ ဂုံးတိုက်တဲ့ ကိုယ်တော်က စိတ်နှလုံးပူပန်ပြီး သေတဲ့အခါ ငရဲကျသွားတယ်။

ငရဲကနေလွတ်တဲ့အခါ အခုလို ပါးစပ်ပုပ်တဲ့ ပြိတ္တာကြီး ဖြစ်ရတယ်ပေါ့။ သက်န်းဝတ်ပြီး တရားအကျင့်တွေ ကျင့်ခဲ့လို့ ကပိလငါးကြီးလို ခန္ဓာကိုယ် အနေနဲ့ကတော့ အဆင်းလှပပြီး ရွှေရောင်ထွက်နေတယ်။ သို့သော် နှုတ်နဲ့ မကောင်းတာတွေ လုပ်ခဲ့တယ်၊ သူတော်ကောင်းတွေကို တစ်ဦးနဲ့တစ်ဦး ကွဲပြား အောင် ပြစ်မှားဂုံးတိုက်ခဲ့တာကြောင့် ပါးစပ်ပိုးလောက်ကျပြီး ပုပ်စော်နံတဲ့ ကြောက်စရာကောင်းတဲ့ ပြိတ္တာကြီး တစ်ကောင် ဖြစ်ရတယ်တဲ့။

သူ့ဘဝဇာတ်လမ်းကို ရှင်းပြပြီး ရှင်နာရဒကို လျှောက် လိုက်တယ်။ "အရှင်ဘုရား၊ တပည့်တော် အခုလို မှားယွင်းတဲ့ မိုက်ပြစ်မိုက်ဒဏ်တွေကြောင့် ဒီဘဝရောက်တာဘုရား။ ဘယ် တော့ဖြစ်ဖြစ် နှုတ်ကို စောင့်စည်းပါဘုရား။ နှုတ်ကို မစောင့်စည်း ဘဲ လိမ်လည်ပြောမိမယ်၊ ဂုံးတိုက်စကား ပြောမိမယ်ဆိုရင် တပည့်တော်လို အဖြစ်ဆိုးနဲ့ ကြုံနိုင်ပါတယ်"လို့ မှာလိုက်တယ်။

ဒါက သူ့ကိုယ်တွေ့ခံစားရတဲ့ ဒုက္ခကို ဖော်ပြပြီး မှာလိုက်တာ။ အဲဒီဇာတ်လမ်းတစ်ပုဒ်လည်းပဲ ပေတဝတ္ထုမှာ မှတ်တမ်းတင်ထားတယ်ပေါ့။

## ကိုယ့်ကလေးကိုယ်စား ပြိတ္တာ

နောက်ထပ် မှတ်တမ်းတင်ထားတဲ့ ဝတ္ထုဇာတ်လမ်းနှစ်ပုဒ်က ခပ်ဆင်ဆင်ပဲ။ အမျိုးသမီးတွေနဲ့ ပတ်သက်တဲ့ ဇာတ်လမ်းပေါ့။ တစ်ခုက မနက်မှာ သားသမီးငါးယောက် မွေးတယ်၊ ညနေမှာ သားသမီးငါးယောက် မွေးတယ်၊ မွေးပြီးပြီးချင်း အဲဒီသားသမီးတွေကို စားပစ်တဲ့ပြိတ္တာမျိုး သွားဖြစ်တယ်။

နောက် တစ်ခုကလည်း မနက်မှာ သားသမီးခုနစ်ယောက် မွေးတယ်၊ မွေးပြီးတာနဲ့ တစ်ပြိုင်နက် အဲဒီသားသမီးတွေ အကုန်စားပစ်တယ်။ ညနေမှာသားသမီးခုနစ်ယောက်မွေးတယ် အကုန်စားပစ်တယ်။ အခုခေတ်မှာလည်း တွေ့ဖူးကြပါလိမ့်မယ်။ ခွေးမကြီးတွေ ခွေးလေးတွေမွေးပြီးရင် စားပစ်တယ်။ ခွေးစုန်းလို့ ခေါ်ကြတယ်။ အခုပြိတ္တာကလဲ သားသမီးတွေ အကုန်စားပစ်တယ်။ ဝလားဆိုတော့ မဝဘူး။ အမြဲတမ်း ဆာလောင်နေတယ်။ စားတာတော့ ဆာလို့စားတာပဲ၊ ကိုယ့်သားသမီးကို စားတယ်ဆိုကတည်းက သူ့မှာ ခံစားချက်နှစ်မျိုး ရှိနိုင်တယ်။ သားသမီးအပေါ် သံယောဇဉ်ရှိလျက် စားရလို့ သနားတဲ့ ခံစားချက်က တစ်မျိုး၊ ဆာလွန်းလို့ မနေနိုင်လို့ ဝမ်းမီးပူတဲ့ ခံစားချက်က တစ်မျိုး၊ ဒီဒုက္ခနှစ်မျိုးကို တစ်ပြိုင်နက် ခံစားစေတယ်ပေါ့။

ထူးဆန်းတဲ့ ဒီပြိတ္တာနှစ်ဦးကိုလည်းပဲ ဂိဇ္ဈကုဋ်တောင် စောင်းမှာဆုံတော့ ဘာဖြစ်လို့ ဒီဘဝ ရောက်လာကြတာလဲ မေးတယ်တဲ့။ အင်မတန်မှ ထူးဆန်းတဲ့ ပြိတ္တာတွေ။ ခဏခဏ လည်း သားသမီးတွေ မွေးဖွားတယ်။ မွေးဖွားပြီးတိုင်းလည်း စားပစ်တယ်။ စားပြီးတော့လည်း ဆာလွန်းလို့ ပူလောင်ပြီး အော်ဟစ်နေရတယ်။ "ဘာဖြစ်လို့ ဒီဘဝ ရောက်တာလဲ?" ဆိုတော့ နှစ်ဦးလုံးဟာ သာဝတ္ထိမြို့က အိမ်ရှင်မတွေပဲ။ သူတို့မှာ သားသမီးမရတဲ့အခါ ယောကျ်ားက နောက်အိမ်ထောင်ပြုတယ်။ ဆိုပါစို့၊ အဲဒီ နောက်အိမ်ထောင်က သားသမီးရလာတဲ့အခါ ဆေးဆရာတစ်ဦးနဲ့ပေါင်းပြီး ကိုယ်ဝန်တွေ ဖျက်ချခဲ့ကြတယ်။

အိန္ဒိယရဲ့ထုံးစံက သားသမီးမထွန်းကားရင် ပစ္စည်းလည်း ပိုင်ဆိုင်ခွင့် မရှိဘူး။ သားသမီးထွန်းကားမှ သားသမီးကို အကြောင်းပြုပြီး ယောကျ်ားရဲ့ပစ္စည်းကို ပိုင်ဆိုင်ခွင့်ရှိတာ။ အဲဒီ တော့ သားသမီးမရတဲ့ပုဂ္ဂိုလ်က အမြဲတမ်း မနာလိုဖြစ်နေတာ။ ပစ္စည်းရေးနဲ့ပတ်သက်ပြီး မနာလိုဖြစ်နေတာ။ မနာလိုဖြစ်ပြီး အခုလို သားသမီးမရအောင် ကိုယ်ဝန်ဖျက်ချတာတွေ ဘာတွေ လုပ်လာတဲ့အခါ ဟိုတဖက်က မိဘတွေက သူ့လက်ချက်လို့ ထင်လာတယ်။ ထင်တော့ သူ့ကိုစွပ်စွဲတာပေါ့။

လောကမှာ အစွပ်စွဲခံရပြီ ဆိုတဲ့အခါမှာ လူတွေက ကျိန်တတ်ကြတယ် မဟုတ်လား။ ကိုယ်ပြောတဲ့စကား ယုံအောင် ကျိန်တာကို "သပထ" လို့ခေါ်တယ်။ "ယုံကြည်စေလို သစ္စာ

ဆိုတာ"ပေါ့။ အဲဒီ ကျိန်တာဟာလည်း အင်မတန်မှ ကြောက်စရာကောင်းတာ။

သူတို့က ဘာကျိန်တုန်းဆိုရင် "သူလုပ်တာ မဟုတ်ပါဘူး၊ အကယ်၍ သူလုပ်တာဆိုရင် နောင်ဘဝမှာ ကိုယ်မွေးတဲ့ သားသမီးကို ကိုယ်စားရပါလို၏" လို့ ကျိန်ခဲ့တယ်။ လုပ်လျက်နဲ့ မလုပ်ဘူးလို့ ကျိန်တဲ့အခါ အကုသိုလ်က မနေဘူး။ ကျိန်လိုက်တယ်ဆိုကတည်းက ဒီကျိန်စာဟာ ဘယ်သူ့မှာသွားသင့်တုန်းဆို သူ့အပေါ်မှာ သွားသင့်တယ်ပေါ့။ ကျိန်စာသည် သူ့ရဲ့ Wish ဆန္ဒလို ဖြစ်သွားတယ်။

ဒီအဖြစ်မျိုးကို ကျိန်စာဆိုပြီး ရောက်လာတဲ့အခါကျတော့ ကိုယ့်သားသမီးကို စားရပါလို၏ဆိုပြီးတော့ စားပေမယ့်လို့ မဝဘဲနဲ့ အမြဲတမ်း ဆာလောင်မွတ်သိပ်နေတယ်။ "သွေးရဲရဲ သံရဲရဲနဲ့ စားပြီး ဆာလောင်မွတ်သိပ်နေရပါလို၏" လို့ ကျိန်ခဲ့တာကိုး။ ဒါကြောင့် ဒီနှစ်ဦးလုံးဟာ တူညီတဲ့ အဖြစ်ဆိုးတွေကို ရရှိခဲ့ကြတယ်။

တစ်ကြိမ်စီတွေ့တဲ့ သူတို့နှစ်ဦးလုံးက အမှာစကား ပြောကြတယ်။ "သူတို့ဟာ အခုလို မကောင်းတာတွေလုပ်ပြီး လိမ်လည် ကျိန်စာဆိုခဲ့သည့်အတွက်ကြောင့် ဒီအဖြစ်မျိုးကို ရပါတယ်။ ဒါကြောင့် နှုတ်ကနေ လိမ်လည်ပြီး ကျိန်တာဟာ အင်မတန်မှ ဆိုးဝါးတဲ့ အကျိုးဆက်တွေကို ရရှိနိုင်ပါတယ်" တဲ့။ ဒါ သူတို့ရဲ့အမှာစကားပေါ့။ အဲဒါကို ရှင်နာရဒက တွေ့ကြုံခဲ့လို့ ပြန်ပြီးတော့ ဟောပြတာ။

## အစားသွေးပုပ်ကြီး အဝတ်မီးရဲငြိး

နောက်ဇာတ်လမ်းလေး တစ်ပုဒ်ကတော့ ရှေးတုန်းက အိန္ဒိယနိုင်ငံမှာ အင်မတန်ဝေးလံတဲ့ ခရီးတွေကို သွားကြတဲ့အခါ တောတွေဘာတွေ ဖြတ်သွားရတော့ တစ်ဦးတည်းသွားလို့ အန္တရာယ် မကင်းဘူးပေါ့။ အဲဒါနဲ့ ကုန်သည် လှည်းတွေနဲ့ အတူတူလိုက်ရတာနော်။ ကုန်သည်တွေဟာ လှည်းပေါင်းငါးရာ စုပေါင်းပြီးတော့ သွားတာ။ သူတို့ကိုအမှီပြုပြီး ခရီးသွားတဲ့ ဘုန်းကြီးတစ်ပါး ပါလာတယ်။

တောထဲမှာ စခန်းချတဲ့အခါ ဘုန်းကြီးဆိုတော့ လူတွေနဲ့ ရောနှောပြီး မနေတတ်လို့ ချောင်ကျတဲ့နေရာမှာ သူ့ဟာသူ တစ်ပါးထဲသွားပြီး သီတင်းသုံးနေတာ။ အဲဒီအချိန်မှာ ကုန်သည် တွေက ဒီဘုန်းကြီးကိုခေါ်ဖို့မေ့ပြီး ခရီးဆက်သွားကြတယ်။ ဘုန်းကြီးကပြန်လာတဲ့အခါ တစ်ယောက်မှမတွေ့တော့ သူလည်း ကြုံရာလမ်း လိုက်တာပေ့ါနော်။ ဘယ်ရောက်သွားတုန်းဆိုတော့ အင်မတန်မှ ကြီးမားတဲ့ သစ်ပင်ကြီးတစ်ပင်ရှိတဲ့ လမ်းထဲကို ရောက်သွားတာ။ အဲဒီသစ်ပင်မှာရှိတဲ့ ရုက္ခစိုးနတ်ကြီးက ဒီ ဘုန်းကြီးကို မြင်တဲ့အခါမှာ သဒ္ဓါတရားဖြစ်လို့ လူ့အသွင် ဖန်ဆင်းပြီး ဆွမ်းတွေဘာတွေကပ်ပြီး ပြုစုတယ်။

အဲဒီအချိန်မှာ အမျိုးသမီးတစ်ဦး ရုက္ခစိုးနတ်ကြီးနား ရောက်လာတယ်။ သူက အဝတ်လဲ မပါဘူး၊ စားစရာလဲ မရှိဘူး၊ "သူ့ကို အဝတ်ပေးပါ၊ စားစရာပေးပါ" လို့ တောင်းတယ်။ တောင်းတော့ အဲဒီရုက္ခစိုးနတ်ကြီးက သူတို့စားတဲ့ အင်မတန်

မွန်မြတ်တဲ့ အစာအာဟာရတွေ ပေးတယ်။ ကောင်းပေ့ဆိုတဲ့ အဝတ်တွေ သူဝတ်ဖို့ပေးတယ်။ ဒါပေမယ့် အဲဒီ အမျိုးသမီး လက်ထဲလည်းရောက်ရော စားဖွယ် သောက်ဖွယ်တွေက မစင် ကျင်ကြီးတွေ ဖြစ်သွားတယ်၊ သွေးတွေပြည်တွေ ဖြစ်သွားတယ်။ သူ့လက်ထဲရောက်တာနဲ့ အစာအာဟာရတွေဟာ ပြောင်းလဲ သွားတယ်။ ပေးလိုက်တဲ့ အဝတ်က သူလည်းဝတ်လိုက်ရော မီးရဲရဲပူနေတဲ့ သံပြားကြီးဖြစ်သွားတယ်။ ပူလှချေရဲ့ လောင်လှ ချေရဲ့ဆိုပြီး ချွတ်ချပြီး အော်ဟစ်ထွက်ပြေးသွားရတယ်။

ဒီလိုပဲ နေ့စဉ်နဲ့အမျှ လာလာတောင်းပြီး ပေးလိုက်တိုင်း လည်း ဒီအဖြစ်ဆိုးနဲ့ပဲ ကြုံတယ်တဲ့။ ဒီအဖြစ်ဆိုးကို ဘုန်းကြီး မြင်လိုက်ရတော့ ဘာဖြစ်လို့လဲ မေးတာပေါ့။ ရက္ခစိုးနတ်ကြီးက ပြောပြတယ်တဲ့။ "သူက တခြားမဟုတ်ဘူး ဘုရား။ အရင်ဘဝ တုန်းက တပည့်တော်ရဲ့ဇနီးပဲ။ အိမ်မှာ ရဟန်းသံဃာတွေပင့်ပြီး ဆွမ်းခဲဘွယ် ဘောဇဉ် ချိုချဉ် အရသာ အဖြာဖြာ ဆက်ကပ် လှူဒါန်းတယ်။ သင်္ကန်းတွေ လှူဒါန်းတယ်။ အဲလို လှူတဲ့အခါမှာ သူက လှူရမလားလို့ဆိုပြီး ရဟန်းသံဃာတွေကို ဆဲတယ်။ တပည့်တော်ကိုလည်း ဆဲတယ်။ ရဟန်းသံဃာတွေကို ဆဲတဲ့အခါ ရိုးရိုးမဆဲဘဲ သူလှူတဲ့ ဆွမ်းဟင်းတွေ သွေးပုပ် ပြည်ပုပ်တွေ ဖြစ်ပါစေ၊ ဝတ်ထားတဲ့ အဝတ်သင်္ကန်းတွေလည်း မီးရဲရဲငြိုးတဲ့ သံပြားကြီးဖြစ်ပါစေလို့ ဆဲခဲ့ပါတယ်ဘုရား" တဲ့။

အဲဒီအမျိုးသမီးက အမြဲတမ်းဆဲနေတော့ ယောကျ်ားက စိတ်ညစ်ပြီး သဘောကောင်းတဲ့ သူ့ညီမနဲ့ အိမ်ထောင်ပြုခဲ့တယ်။

ဒီလိုပဲ ရဟန်းသံဃာတွေကို ဆက်လက်ပြုစုလုပ်ကျွေးခဲ့တယ်။ သူမကတော့ အမြဲတမ်း ရန်လုပ်ပြီး ဆဲရေး တိုင်းထွာနေခဲ့တယ်။ သေတော့ ငရဲကျသွားပြီး ပြိတ္တာမ လာဖြစ်တယ်။ ကုသိုလ်ကောင်းမှုလုပ်ခဲ့တဲ့ သူ့ယောက်ျားကတော့ အခု ရုက္ခစိုး နတ်ကြီးဖြစ်တာ။ အမျိုးသမီးကတော့ သူဆဲရေး ပြောဆိုခဲ့တဲ့အတိုင်းပဲ အစားအစာဟာ သူ့လက်ထဲရောက်တာနဲ့ တစ်ပြိုင်နက် သွေးပုပ်ပြည်ပုပ်တွေ ဖြစ်သွားတယ်။ အဝတ်ကလည်း မီးရဲရဲငြိုးတဲ့ သံပြားကြီး ဖြစ်တယ်ပေါ့။

ဒါကိုကြည့်ပြီး ဒီလို မကောင်းတဲ့ အကုသိုလ်ကံတွေကို ကျူးလွန်ခဲ့သည့်အတွက်ကြောင့် ဒီဘဝမျိုးကို ရောက်ကြရတယ်။ အင်မတန်မှ ကြောက်စရာ ကောင်းပါတယ်။ “အရှင်ဘုရား ဘယ်သူမပြု မိမိမှုဆိုတဲ့အတိုင်း သတ္တဝါတွေဟာ ကိုယ်လုပ်ခဲ့တဲ့ ကံအားလျော်စွာ အကောင်းအဆိုးကို ခံနေကြရတယ်” ဆိုတဲ့ အမှာစကားကိုပါးလိုက်တယ်။ ဒီလို မြတ်စွာဘုရားကို လျှောက်တဲ့ အကြောင်းကို ပေတဝတ္ထုမှာ **“မဟာပေသကာရပေတီ”** ဆိုပြီး ဇာတ်လမ်းတစ်ခုအနေနဲ့ မှတ်တမ်းတင်ထားတယ်ပေါ့။

ဒီကနေ့ “ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကား”ကို ဝတ္ထုငါးပုဒ်နဲ့ မှတ်သားကြပြီးဖြစ်တယ်။ အားလုံးဟာ ကံကြမ္မာရဲ့အကျိုးတွေကို ဖော်ပြထားတာဖြစ်သောကြောင့် ဘုန်းကြီးတို့တတွေ ဘဝသင်ခန်းစာ ယူရမယ်။ ကိုယ့်စိတ်ကိုလည်း ထိန်းချုပ်ဖို့ လိုအပ်တယ်။ မကောင်းတဲ့ အတွေးအကြံတွေဖြစ်တဲ့ မနောဒုစရိုက်တွေ မဖြစ်အောင် တစ်ဖက်သားကို ထိခိုက်သော “မုသာဝါဒ၊

**ပိသုဏာဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ**" ဆိုတဲ့ ဝစီဒုစရိုက်တွေ မဖြစ်အောင်၊ ကာယဒုစရိုက်တွေ မဖြစ်အောင် ထိန်းသိမ်းကြရမယ်။

ဒီလို ဒုစရိုက်ဆယ်ပါး အဆိုးတရားတွေ မိမိတို့သန္တာန်မှာ မဖြစ်မှသာလျှင် အခုလို ဆိုးဝါးတဲ့ ဘုံဘဝမျိုးမှာ ဆိုးကျိုးတွေ မခံရမှာဖြစ်တယ်။ တို့တတွေ အခုလို သိတတ်တဲ့ဘဝမှာ ရှောင်ကြဉ်ဖို့ လိုအပ်တယ်။ ကောင်းမွန်တဲ့ မနောသုစရိုက်၊ ဝစီသုစရိုက်၊ ကာယသုစရိုက် ကုသိုလ်ကမ္မပထတရား ဆယ်ပါးကို လုပ်မိအောင် သတိထားပြီး ကြိုးစား အားထုတ်ကြရမှာလို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ဒုစရိုက်တရားတွေကို ရှောင်ရှားလို့ သုစရိုက်တရားတွေကို ပွားများ အားထုတ်နိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
# အပိုင်း (၂)

သာသနာတော်နှစ် ၂၅၅၆- ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၄-ခုနှစ်၊ နယုန်လပြည့်ကျော် (၆)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၁-ခုနှစ်၊ ဇွန်လ(၁၀)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိ ဓမ္မဗိမာန်တော် အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်း အနား၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး မိဘဘိုးဘွား ဆွေမျိုးများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင် အမတဒါန ဓမ္မဒါနအဖြစ် ဟောကြား အပ်သော **"ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား အပိုင်း(၂)"** အကြောင်း တရားဒေသနာတော်။

## ကိုယ့်ဘဝ ကိုယ်ပုံဖော်

ပေတဝတ္ထုပါဠိတော်လာ ဝတ္ထုပုဒ်ပေါင်း ၅၁-ပုဒ် ထဲက ရွေးထုတ်ပြီး ဘုန်းကြီးတို့ ဟောပြောပေးပါမယ်။ ဇာတ်လမ်း ဇာတ်ကွက်က အဓိကမဟုတ်ဘူး။ ငံကြမ္မာရဲ့ ပုံရိပ်တွေဟာ သတ္တဝါတွေရဲ့အပေါ် လာရောက် ထင်ဟပ်ပေါ်လွင်နေတတ် တယ်ဆိုတာ သတိပြုပြီး သင်ခန်းစာယူကြဖို့ ဖြစ်တယ်။ အဲဒီလို

သင်ခန်းစာယူမှ ကိုယ့်ဘဝကိုယ် ပုံဖော်နိုင်မှာ ဖြစ်ပါတယ်။ လူတိုင်းလူတိုင်းဟာ ကိုယ့်ဘဝကိုယ် ပုံဖော်နေတာသာဖြစ်တယ်။ ကိုယ်ဖော်တဲ့ပုံအတိုင်း သို့မဟုတ် ကိုယ်ရေးတဲ့ ပန်းချီရုပ် အတိုင်းပဲ ဘဝမှာထင်ဟပ်နေတယ်။ ဒါကိုသတိထားပြီး သိတတ်တဲ့ဘဝမှာ ကိုယ့်ကိုယ်ကို အကောင်းဆုံးဖြစ်အောင် ကြိုးစားကြဖို့ အရေးအကြီးဆုံးပါ။

လူတိုင်းလူတိုင်းဟာ "**အတ္တာဟိ အတ္တနော နာထော**" လို့ ဆိုတဲ့ ဗုဒ္ဓရဲ့တရားတော်အတိုင်း ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကိုယ်ဖန်တီးကြရမှာ ဖြစ်တယ်။ ဒီလိုဖန်တီးတဲ့အခါမှာ ဆရာကောင်း သမားကောင်းရဲ့ အကူအညီ၊ မိတ်ကောင်း ဆွေကောင်းတို့ရဲ့ အကူအညီ၊ မှန်ကန်တဲ့ တရားဓမ္မ အကူအညီဟာ လိုအပ်ပါတယ်။ မိတ်ကောင်း ဆွေကောင်းတွေဆီက အကြံဉာဏ်၊ တရားဓမ္မအသံတွေ၊ မှန်ကန်တဲ့ လမ်းကြောင်း မှန်ကန်တဲ့ အတွေးအခေါ်တွေရဖို့ ကြိုးစားကြရမှာ ဖြစ်တယ်။

## ပစ္စုပ္ပန်ရဲ့အတိတ်

ဘဝမှာ ဇာတ်လမ်းဇာတ်ကွက်တွေ ဆိုတာတော့ နေ့စဉ်နဲ့ အမျှရှိနေကြမှာပဲ။ ရာဇဝတ်မှုခင်းတွေနဲ့ ကြည့်မယ်ဆိုရင် တစ်လောကတင်ပဲ ဂျာနယ်ထဲမှာ ဖတ်လိုက်ရတယ်။ သနားစရာ ကျောင်းသူလေးတစ်ယောက် ရက်ရက်စက်စက် အသတ်ခံလိုက်ရတယ်တဲ့။ တစ်ဖက်ကနေကြည့်မယ်ဆိုရင် ဒါလူသတ်ကောင်ရဲ့ လုပ်ဆောင်မှုလို့ အပြစ်တင်ကြမယ်။ ပစ္စုပ္ပန် အကြောင်းတရား

အနေနဲ့ သူနဲ့ပတ်သက်နေတာကိုး။ သို့သော် ထိုကဲ့သို့ဖြစ်ဖို့အတွက် ကံကြမ္မာက ဘယ်လိုဖန်လာတယ်ဆိုတာတော့ မသိနိုင်ဘူး။ မြတ်စွာဘုရားရှိမယ်ဆိုရင် အတိတ်အကြောင်း ဟောပြောကောင်း ဟောပြောလိမ့်မယ်ပေါ့။

ဘာဖြစ်လို့လဲဆိုတော့ မြတ်စွာဘုရား လက်ထက်တော်က ကာလဆိုတဲ့ အမျိုးကောင်းသားတစ်ယောက်ဟာ တစ်ညလုံး ဘုရားကျောင်းတော်မှာ တရားနာတယ်။ တရားနာပြီးတဲ့အခါ နံနက်စောစောထပြီး ရေကန်နားသွား မျက်နှာသစ်နေတဲ့အချိန် မြို့ထဲကသူခိုးတွေက နောက်ကလူအုပ်ကြီး လိုက်လာတော့ မလွတ်တော့ဘူးဆိုတဲ့အခါမှာ လွတ်ရာလွတ်ကြောင်း ကြံစည်တဲ့အနေနဲ့ ခိုးယူလာတဲ့ပစ္စည်းထုပ်ကို ကာလဆိုတဲ့အမျိုးကောင်းသား အနီးမှာ ချသွားကြတယ်။ အဲဒီအထုပ် သူ့အနီးချသွားသည့်အတွက် သူ့ဘဝဟာ ပြောင်းလွဲသွားတယ်။ လိုက်လာတဲ့လူတွေက သူ့ကိုသူခိုးလို့ မှတ်ယူပြီး ခိုးထုပ်ခိုးထည်နဲ့ မိပြီဆိုကာ ဝိုင်းဝန်းရိုက်နှက်ကြတယ်။

ရိုက်နှက်ကြတဲ့အထဲမယ် ကံကြမ္မာဆုံတာ နှစ်ဦးရှိတယ်။ တစ်ဦးကသေဆုံးသွားတယ်။ အဖြစ်အပျက်ကတော့ တစ်ချိန်စီပေါ့။ တစ်ဦးကမသေဘူး။ မသေတာ ဘာဖြစ်လို့တုန်းဆိုတော့ ကုမ္ဘဒါသီ လို့ခေါ်တယ်၊ ရေခပ်တာဝန်ကို ဆောင်ရွက်ရတဲ့ အမျိုးသမီးတွေ ရောက်လာပြီး “မဟုတ်ဘူး၊ မလုပ်ကြနဲ့ ဒီပုဂ္ဂိုလ်ဟာ လူတော်လူကောင်း၊ ဘုရားတရား နာနေတာ”လို့ ဝိုင်းဝန်းပြောဆို ကယ်တင်လိုက်လို့ ဖြစ်တယ်။

ဒီအကြောင်းကို မြတ်စွာဘုရားဆီ လျှောက်ထားတော့ သေတဲ့လူက အတိတ်ဘဝတုန်းက သူက သေအောင် သတ်ခဲ့တယ်။ ဒီဘဝကြည့်မယ်ဆိုရင် လူတွေက မှားယွင်းပြီး ရိုက်သတ်လို့ သေသွားတယ်လို့ ပြောရမယ်။ သို့သော် ဒီလို ရိုက်သတ်လို့ သေသွားတာက အတိတ်အကြောင်း ရှိတယ်ပေါ့။ ကံကြွေးမှာ ဟောင်းကို ပေးဆပ်ရခြင်းပဲ ဖြစ်တယ်။ ရေခပ်လာတဲ့ အမျိုးသမီးတွေက ဝိုင်းဝန်းထောက်ခံပြောကြားလို့ သေဘေးက လွတ်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ကတော့ အတိတ် ဘဝတုန်းက သူက သူများကို သေအောင်မသတ်ခဲ့ဘူး။ အဲဒါကြောင့် သူအသတ်မခံရတာဖြစ်တယ်လို့ မြတ်စွာဘုရားက ဖြေရှင်းပြီး ဟောကြားတယ်။

## ကံကြွေးမှာလှည်းဘီး

ဆိုလိုတာက မမြင်နိုင်တဲ့ ကံကြွေးမှာတွေဟာ လူတွေရဲ့စိတ်အစဉ်မှာ လိုက်ပါပြီးနေတယ်၊ အရိပ်သဖွယ်ပေါ့။ ကံဆိုးကိုတော့ မြတ်စွာဘုရားက လှည်းရုန်းနေရတဲ့ နွားကြီးရဲ့နောက်က လှည်းဘီးလို့ ဥပမာပေးတယ်။ ဒုက္ခတွေဟာ လှည်းဘီးလိုလိုက်ပါတယ်။ ကံဟာ အခွင့်ရတိုင်း ဒီပြုလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကို အကျိုးပေးလေ့ရှိတယ်။ ကံကြွေးမှာရဲ့စွမ်းအားက ဒီပုဂ္ဂိုလ် အခြေအနေကောင်းရင် အကုသိုလ်ကံက များများအကျိုးမပေးနိုင်ဘူး။ အခြေအနေ မကောင်းဘူးဆိုရင် ဖိပြီး အကျိုးပေးတတ်တယ်။ အဲဒီတော့ ကံကြွေးမှာရဲ့ သဘောအတိုင်းပဲ လောကလူသား

တွေဟာ ဖြစ်နေကြရတယ်။ တို့ဒီဘဝကစပြီးတော့ မကောင်းမှု အကုသိုလ်တွေကို ရှောင်မယ်၊ ဒုစရိုက်တရားတွေကိုရှောင်မယ်။ ဒုစရိုက်တွေရဲ့အပြစ်ဟာ အင်မတန်မှဆိုးတယ် ဆိုတာကို သင်ခန်းစာယူဖို့ အဓိကကျတာပေါ့။

ဇာတ်လမ်း ဇာတ်ကွက်ဆိုတာ အမြဲတမ်းဖြစ်ပေါ်နေမှာ။ Story လို့ ခေါ်တဲ့ ဝတ္ထုတွေဇာတ်လမ်းတွေ၊ True story ရှိတယ်၊ လုပ်ကြံပြီးရေးထားတဲ့ ဇာတ်လမ်းတွေရှိတယ်။ ဘယ်ဇာတ်လမ်း ပဲဖြစ်ဖြစ် ဇာတ်လမ်းက အဓိကမဟုတ်ဘူး။ သင်ခန်းစာယူပြီး ကိုယ်တိုင် လက်တွေ့ကျင့်သုံးမှုက ပိုပြီး အဓိကကျတယ်။ ဇာတ်လမ်းတင် လမ်းမဆုံးပဲနဲ့ ဒီဇာတ်လမ်းမှာ ရယူရမယ့် သင်ခန်းစာကို မိမိကိုယ်တိုင်သင်ယူပြီး ရှောင်သင့်တာရှောင်ဖို့နဲ့ ဆောင်သင့်တာဆောင်ဖို့ အရေးကြီးတာပေါ့။

"**ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကား**" ဆိုတာ ဒုဂ္ဂတိဘုံ ရောက်သွားလို့ ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ အခြေအနေကနေ လှမ်းပြောလိုက်ကြတဲ့ စကားတွေဖြစ်တယ်။ သူတို့လိုမမှားဖို့နော်။ အဲဒီအချိန်မှာ သူတို့ ဘာမှမတတ်နိုင်ကြပါဘူး။ ဒါကြောင့် တတ်နိုင်တဲ့အချိန်မှာ မြတ်စွာဘုရားဟောတဲ့တရားကို ဦးထိပ် ထားပြီး "အကုသိုလ်မှန်သမျှရှောင်၊ ကုသိုလ်မှန်သမျှ မိမိတို့ သန္တာန်မှာဖြစ်အောင် ကျင့်သုံး၊ စိတ်နှလုံးဖြူစင်အောင်ထား" ဆိုတဲ့အတိုင်း ဒီလိုသင်ခန်းစာ ယူကြရမယ်။

## ဝတ်လစ်စလစ် ပြဿာ

ဒီကနေ့ ရွေးချယ်ထားတဲ့အထဲက ခြောက်ခုမြောက် ဇာတ်လမ်းက "ခလ္လာင္ကိယ ပေတိ" ဝတ္ထုဖြစ်တယ်။ ဆံပင်တွေကျွတ်ပြီး ခေါင်းပြောင်နေတဲ့ ပုဂ္ဂိုလ်မျိုးကို ခလ္လာင္ကလို့ခေါ်တယ်။ သူနဲ့ပတ်သက်တဲ့ ဇာတ်လမ်းမို့ ခလ္လာင္ကိယ ပေတဝတ္ထုလို့ ခေါင်းစဉ်တပ်တဲ့သဘောရှိတယ်။ သို့သော် ခေါင်းပြောင်နေတဲ့ အချိန်မှာ သူဟာ လူသားတစ်ဦးမျှသာ ဖြစ်သေးတယ်။ သူကိုယ်တိုင်က ပြန်ပြီးတော့ သူ့ရဲ့ဘဝဇာတ်ကြောင်းကို ဟောပြောထားတာ။ သူဘာတွေလုပ်ခဲ့လို့ ဘယ်လိုအကျိုးတွေ ခံစားရတယ်၊ တွေ့ကြုံရတယ်ဆိုတာ ကဗျာဂါထာတွေနဲ့ မှတ်တမ်းတင်ထားတဲ့ ဇာတ်လမ်းလေးတစ်ပုဒ်ပေါ့။

ကဗျာဂါထာတွေနဲ့ ဇာတ်လမ်းဆင်ထားတဲ့ နေရာက စတင်ပြီး ပြောကြမယ်ဆိုရင် "အိန္ဒိယနိုင်ငံမှာ ရှေးတုန်းက ရွက်လှေတွေနဲ့ ပင်လယ်ခရီးကိုဖြတ်သန်းပြီး ကုန်ရောင်းကုန်ဝယ် လုပ်ကြတယ်" ခုခေတ်တော့ သင်္ဘောလို့ခေါ်တယ်နော်။ အခု ကုန်သည်တစ်စုဟာ ရွက်လှေကြီးတွေ သင်္ဘောကြီးတွေနဲ့ အိန္ဒိယ သမုဒ္ဒရာလို့ဆိုတဲ့ ပင်လယ်ခရီးကြီးကို ဖြတ်သန်းပြီး သုဝဏ္ဏဘူမိ ဆိုတဲ့အရပ်ကို ကုန်ရောင်းကုန်ဝယ် သွားကြတယ်။

သုဝဏ္ဏဘူမိကို ဒီနေ့ခေတ် Identify လုပ်ကြတာ အမျိုးမျိုး ရှိတယ်ပေါ့။ တချို့စာအုပ်တွေက အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဒီနေ့ခေတ် ဘင်္ဂလားဒေ့ရှ် နယ်ထဲမှာလို့ Identify လုပ်တာ ရှိတယ်။ မြန်မာစာပေအရ သို့မဟုတ် သီရိလင်္ကာကလာတဲ့

ပါဠိစာပေတွေအရ ဇာတ် အဋ္ဌကထာတို့မှာ ဆိုထားတဲ့ သုဝဏ္ဏဘူမိ ဆိုတာ သထုံမြို့ပတ်ဝန်းကျင်လို့ ယုံကြည်ကြတယ်ပေါ့။ သို့သော် တချို့ကလည်း အင်ဒိုနီးရှားနိုင်ငံ စူမားတြားကျွန်းနဲ့ ထိုင်းနိုင်ငံတို့ အပါအဝင် အရှေ့တောင်အာရှ ဒေသကြီးကို "သုဝဏ္ဏဘူမိ"လို့ သတ်မှတ်တဲ့ ပုဂ္ဂိုလ်လည်းရှိတယ်။ ဒါကြောင့် ထိုင်းနိုင်ငံက စုဝဏ္ဏဘူမိဆိုတဲ့ လေဆိပ်ကြီးတောင်မှ ဒီနာမည်နဲ့ မှည့်ထားတာ ရှိတယ်ပေါ့။

ရာဇဝင်နဲ့ပတ်သက်လို့ နေရာဒေသဆိုတာ အငြင်းပွားတာလေးတွေ ရှိပါတယ်။ ဥပမာ တစ်ခုပြောရမယ်ဆိုရင် မြတ်စွာဘုရား မွေးဖွားတဲ့ ကပိလဝတ်သည်ပင်လျှင် အိန္ဒိယနိုင်ငံက သူတို့နိုင်ငံထဲမှာရှိတယ်ဆိုပြီးတော့ နီပေါနယ်စပ် မြို့တစ်မြို့ကို Identify လုပ်တယ်။ Location ဖော်ပြတယ်၊ အများစုကတော့ အိန္ဒိယနိုင်ငံက မဟုတ်ဘဲနဲ့ နီပေါနိုင်ငံထဲမှာရှိတဲ့ ကပိလဝတ္ထုဆိုတာကို လက်ခံထားကြတယ်ပေါ့။ ဒီလိုပဲ ရာဇဝင်နဲ့ပတ်သက်တဲ့ Historical side ဆိုတာဟာ မတူညီမှုတွေ ရှိတတ်ပါတယ်။

အဲဒီတော့ ဒီကုန်သည်တွေဟာ ပင်လယ်ခရီးကို ဖြတ်ပြီးတော့ သုဝဏ္ဏဘူမိမှာ ကုန်ပစ္စည်းတွေကို အရောင်းအဝယ်သွားလုပ်ကြတာ။ အခုအိန္ဒိယတောင်ပိုင်း ဩရိဿပြည်နယ်ကနေပြီးတော့ အရှေ့ကိုကြည့်မယ်ဆိုရင် မြန်မာနိုင်ငံ ပုသိမ်ကမ်းရိုးတန်း မော်လမြိုင်တို့ထိအောင် အရှေ့စူးစူး အနေအထားမျိုးကို တွေ့ရတယ်ပေါ့။ အဲဒီပင်လယ်ကမ်းရိုးတန်းကို ဖြတ်သန်း

ပြီးတော့ သုဝဏ္ဏဘူမိအရပ်ကို ရွက်လှေလွှင့်ပြီး စီးပွားရှာကြတယ်။

တစ်ခါတစ်ရံ ကံမကောင်း အကြောင်းမလှတဲ့အခါ မုန်တိုင်းနဲ့တွေ့ပြီး ရွက်လှေ ပျက်စီးပြိုကွဲ၊ လူတွေဟာ ကစင့်ကလျားဖြစ်ပြီး သေဆုံးကြရတာလည်းရှိတယ်။ ဆိုပါစို့ ဗုဒ္ဓဘာသာဝင်သူတော်စင်တွေအားလုံး ကြားဖူးတဲ့ မဟာဇနကဇာတ်တော်ကြီးပဲ ကြည့်၊ ပင်လယ်ခရီး ဖြတ်သန်းတဲ့အခါမှာ လှိုင်းဒဏ်လေဒဏ်ခံရလို့ ရွက်လှေကြီးကွဲပြီး နစ်မြုပ်သွားတာနဲ့ ကြုံရတယ်။ အခု ဒီဇာတ်လမ်းမှာတော့ သုဝဏ္ဏဘူမိဘက်ကို ရွက်လွှင့်သွားရာက မုန်တိုင်းမိပြီးတော့ ရွက်ပြတက်ကျိုးပြီး လှေကြီးဟာ မျောချင်ရာမျောပြီးတော့ ပင်လယ်ထဲက ကျွန်းတစ်ကျွန်းကို ရောက်သွားတယ်၊ သုဝဏ္ဏဘူမိကို မရောက်ဘဲနဲ့ ကျွန်းတစ်ကျွန်းကို ရောက်သွားတယ်။

အဲဒီကျွန်းမှာ ဘုံဗိမာန်နဲ့နေတဲ့ ဝေမာနိက ပြိတ္တာမတစ်ဦးနဲ့ သွားတွေ့ကြတယ်။ ဘုံဗိမာန်ကြီးက အင်မတန်မှလှတယ်။ အဲဒီဘုံဗိမာန်ကြီးထဲမှာ ဗိမာန်ရှင်ရှိနေတယ်။ စကားပြောသံကြားရတယ်။ သို့သော် ဘုံဗိမာန်ထဲက ထွက်မလာဘဲနဲ့ အသံလောက်သာ ပေးနေတယ်။ ဒီတော့ လှေသူကြီးလုပ်တဲ့ပုဂ္ဂိုလ်က သူ့ကို လှမ်းပြီးတော့ပြောတဲ့စကားနဲ့ ဒီဇာတ်လမ်းကို စထားတယ်။ "ဒီလိုလှပတဲ့ ဗိမာန်ကြီးထဲက ထွက်မလာဘဲနဲ့ စကားပြောနေတဲ့ ဗိမာန်ရှင်၊ ကိုယ်ထင်ပြပြီးထွက်လာခဲ့ပါ။ အားလုံးကတွေ့ချင်ကြပါတယ်"လို့ အပြင်ဘက်က အသံပေးခေါ်ကြတယ်။

အဲဒီလိုခေါ်တဲ့အခါ ဗိမာန်ထဲက တုန့်ပြန်တဲ့အသံက "သူဟာ အဝတ်မပါ ဗလာကိုယ်တီးဖြစ်နေလို့ ထွက်ရမှာရှက်တယ်။ သူ့မှာဝတ်ထားတဲ့အဝတ်မရှိဘူး။ သူ့တစ်ကိုယ်လုံးကို အင်မတန်ရှည်လျားတဲ့ ဆံကေသာနဲ့ဖုံးပြီးတော့ နေရတာ။ ထွက်ပြီးတော့ပြရမှာ အင်မတန်မှရှက်လို့ သူလုပ်ထားတဲ့ ကုသိုလ်ကံလေးကလည်း အင်မတန်မှ အားနည်းလို့ သူ့မှာ ပြည့်ပြည့်စုံစုံမရှိပါဘူးတဲ့။ ရွှေကျောင်း ပြောင်ပြောင် ဝမ်းခေါင်ခေါင် ဆိုတာလို ဝတ်စရာအဝတ်တောင် မရှိပါဘူး"တဲ့။ ဗိမာန်ရှင်က အဲဒီလို အကြောင်းပြန်တယ်။

## ဘဝကူးသူ ဖေးမကူ

အကြောင်းပြန်တဲ့အခါ လှေသူကြီးက သူ့မှာ ပါလာတဲ့ အဝတ်တွေကို ဘုံဗိမာန်ထဲကို လှမ်းပြီးတော့ ထည့်ပေးလိုက်တယ်။ ဗိမာန်ရှင်က ဘာပြန်ပြောတုန်းဆိုတော့ "သူတို့ဘဝဟာ အခုလို လက်နဲ့ပေးလို့ ဘာပစ္စည်းမှ ရနိုင်စွမ်း မရှိပါဘူး" တဲ့။ သရဲကားတွေ ဘာတွေ ကြည့်ဖူးကြလိမ့်မယ်။ တချို့ သရဲကားတွေမှာကြည့်၊ ထိလို့ကိုင်လို့ မရဘူး။ ပေးလို့ ကမ်းလို့လည်း မရနိုင်ဘူးပေါ့။ သူတို့ဘဝက အဲဒီလို သူများကပေးတဲ့ပစ္စည်းကို လှမ်းယူပြီးတော့ ဝတ်ဆင်လို့မရဘူးတဲ့နော်။

လူ့ဘဝက တော်တော်ဟန်ကျတာပဲ။ လူ့ပြည်မှာတော့ ကံကြမ္မာက တယ်ကောင်းတယ်လို့ပဲ ပြောရမယ်။ အဝတ်အစား လှလှလေး လက်ဆောင်ပေးလည်း ဝတ်လို့ရတာပဲ။ ဟိုလူကပေး

ဒီလူကပေးလည်း ဝတ်လို့ရတယ်။ အဲဒီ ဗိမာန်ရှင်ကတော့ ရွှေဗိမာန်ကြီးနဲ့ နေပေမယ့်လို့ အခုလို လှမ်းပေးတဲ့ အဝတ်ကို ရယူပြီးတော့ ဝတ်နိုင်စွမ်းမရှိပါဘူးတဲ့။ ဒါ သူပြောတဲ့စကားအရ ဆိုရင် **"ဟတ္ထေန ဟတ္ထေ တေ ဒိန္နံ၊ န မယှံ ဥပကပ္ပတိ"** လက်ဆင့်ကမ်းပေးတဲ့အဝတ်မျိုးက သူ့ဆီဘယ်တော့မှ မရောက် ဘူးတဲ့။ ဒါကြောင့်ထင်တယ်၊ ခုခေတ် နတ်တင်ထားတာတွေက ဒီအတိုင်းပဲရှိတယ်နော်။ ငှက်ပျောသီး အုန်းသီးတွေ အဝတ်တွေ ဆက်ထား ဒီအတိုင်းပဲ။ ထောက်ကြံ့က ရွှေညောင်ပင် သွားကြည့် ပေါ့။ ကားအသစ်ကလေးတွေ ဆက်ကြသေးလားမသိပါဘူး။ ဒီအတိုင်းပဲ လက်နဲ့ပေးတာမျိုးက သူ့အတွက် ဘာမှအကျိုးမဖြစ် ဘူးတဲ့။

သူက နည်းလမ်းပေးတယ်။ သူ့ကို ပေးချင်ရင်တဲ့ "ရှင်တို့ ထဲမှာ ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်ပြီး ကိုယ်ကျင့်သီလနဲ့ ပြည့်စုံတဲ့ ဥပါသကာတစ်ယောက်ရှိတယ်။ သူဟာ သဒ္ဓါတရား လည်း ကောင်းတယ်၊ ကိုယ်ကျင့်သီလနဲ့လည်း ပြည့်စုံတယ်၊ မြတ်စွာဘုရားရဲ့ တပည့်သာဝကလည်းဖြစ်တယ်၊ အဲဒီဥပါသကာ ကိုလှူပါ။ လှူပြီးတော့ အဲဒီ ကုသိုလ်ကောင်းမှုကို ကျွန်မအတွက် ရည်ညွှန်းအမျှဝေပါ" တဲ့။ ဒါပြဿနာဖြေရှင်းတဲ့ နည်းလမ်းကို ပေးတာ။

ဘုန်းကြီးတို့ တစ်ခါတုန်းက **"တမလွန်ဘဝက ဆွေမျိုး များ အရေး"** ဆိုပြီး ဟောထားတာရှိတယ်။ ကိုယ့်မိဘဆွေမျိုး တွေ တမလွန်ဘဝ ရောက်သွားလို့ရှိရင် အကျိုးရှိအောင် ဘယ်လို

ကူညီနိုင်မလဲဆိုတာ ပါတယ်။ တချို့ကတော့ ပန်းခြင်းလေး သွားချထားတယ်။ ပန်းခြင်းလေးသွားချထားလို့ သူပန်ရမှာတော့ မဟုတ်ဘူးနော်။ စားစရာ သောက်စရာလေးတွေ သွားပြီးတော့ တင်ထားတာလည်း အကောင်ပလောင်တွေတော့ စားရတာပေ့ါ။ တချို့ကလည်း ခွေးယောင်ဆောင်ပြီး စားတယ်လို့ထင်တာ။ တကယ်တော့ ခွေးနက်ကြီးက စားသွားတာပါ။

တမလွန်ဘဝရောက်သွားတဲ့ ဆွေမျိုးတွေကို ကူညီချင်တယ်ဆိုရင် သူတို့အတွက်ရည်စူးပြီး ကုသိုလ်ကောင်းမှု လုပ်ပေးသင့်တယ်ပေ့ါ။ အခုခေတ် လုပ်နေကြတာ ရှိတယ်။ အကျွတ်အလွတ်ပွဲဆိုပြီး ကုသိုလ်ကောင်းမှုတွေလုပ်၊ သင်္ချိုင်းတွေကိုသွား၊ အမျှအတန်း ပေးဝေကြတယ်။ အလွန်ကောင်းတယ်။ သူတို့အတွက် ကုသိုလ်လုပ်ပေးတာ။ ကိုယ့်အတွက် ကုသိုလ်လုပ်တာ မဟုတ်ဘူး။ အားလုံးအတွက် ရည်စူးပြီး အမျှအတန်း ပေးဝေတယ်။ အင်မတန်မှ ကောင်းတဲ့ ကူညီမှုတစ်ခုပဲ။ သာဓုခေါ်ရင် သူတို့ အပြည့်အဝ ရပါတယ်တဲ့။ ဒါ ဖြေရှင်းတဲ့နည်းတစ်ခု၊ သူတို့ကို ပေးချင်တယ်ဆိုရင် အဲဒီနည်းနဲ့ပဲ လုပ်ပေးလို့ရမယ်။ တစ်ခြားနည်းတွေနဲ့ လုပ်ပေးလို့မရဘူးတဲ့။

ကူညီချင်တဲ့ ကုန်သည်တွေကလည်း အဲဒီ ဥပါသကာကို ရေမိုးချိုးစေပြီး သူတို့ပါလာတဲ့ စားစရာတွေ၊ အဝတ်တွေ သူ့ရှေ့မှာချပြီး လှူဒါန်းကြတယ်။ ဗိမာန်ရှင်အတွက် ရည်ညွှန်းအမျှဝေကြတယ်။ ဒါကြောင့် ဗိမာန်ရှင်ဟာ အင်မတန်မှလှပတဲ့ ဝတ်စုံကြီး တစ်ခု ဝတ်ဆင်ပြီးသား ဖြစ်သွားတယ်။ အတော်အံ့သြစရာပဲ။

ကုသိုလ်ကံရဲ့ အကျိုးဆိုတာ သာဓုခေါ်လိုက်တာနဲ့ သူ့မှာ ဝတ်စရာပြည့်စုံသွားတယ်။ စားစရာတွေ ရသွားတယ်။ အရင်ကလို "ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင်" မဟုတ်တော့ဘဲ ပြည့်ပြည့်စုံစုံ ဖြစ်သွားတယ်။ သူ့မှာ နဂိုက ဆံပင်နဲ့ဖုံးပြီး ဝတ်စရာမရှိ စားစရာမရှိ ဗိမာန်ကြီးထဲမှာ နေရတဲ့ဘဝက လွတ်သွားတယ်။ အခုတော့ ဝတ်စရာ စားစရာတွေ ပြည့်ပြည့်စုံစုံ ရလာတယ်။ အဲဒီလို ရလည်းရရော ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနဲ့ ဘုံဗိမာန်ထဲက ထွက်ပြီးပြတယ်။

ကုသိုလ်အကျိုးက ချက်ချင်းရတယ်။ ချက်ချင်းရတယ်ဆိုတာကလည်းပဲ မြတ်စွာဘုရား ဟောထားတာ ရှိတယ်။ "**ဥန္နမေ ဥဒကံ ဝုဋ္ဌံ**" မြင့်ရာမှာ ရွာချလိုက်တဲ့ မိုးရေဟာ "**ယထာ နိန္နံ ပဝတ္တတိ**" နိမ့်ရာကို စီးသွားသလိုပဲ။ "**ဧဝမေဝ ဣတော ဒိန္နံ ပေတာနံ ဥပကပ္ပတိ**" ဒီဘဝက လှူလိုက်တဲ့ ကုသိုလ်ကံရဲ့ အကျိုးတရားဟာ တမလွန်ဘဝက ဆွေမျိုးတွေဆီ ချက်ချင်း ရောက်ပါတယ်၊ အချိန်မဆိုင်းပါဘူး၊ သာဓုခေါ်လိုက်တာနဲ့ ချက်ချင်းရသွားတယ်။ ဒီလို ဆိုတာနော်။

"**ယထာ ဝါရိဝဟာ ပူရာ ပရိပူရေန္တိ သာဂရံ**" မြစ်ချောင်းတွေက စီးသွားတဲ့ ရေတွေအားလုံးဟာ ပင်လယ်ထဲ ဝင်သွားသလိုပဲ ဒီကရည်စူးပြီး လုပ်လိုက်တဲ့ ကုသိုလ်ကောင်းမှုရဲ့ အကျိုးကျေးဇူးတွေဟာ ကိုယ်ရည်စူးတဲ့ ပုဂ္ဂိုလ်ဆီ အပြည့်အဝ ရောက်သွားတယ်၊ စီးဝင်သွားတယ်တဲ့။ ဒါက "**တိရော ကုဋ္ဋ**" သုတ်မှာ မြတ်စွာဘုရား ဟောထားတဲ့ ဂါထာဖြစ်တယ်။

ပုညကိရိယာ ဝတ္ထုဆယ်မျိုးဆိုတာရှိတယ်။ အဲဒီ ဆယ်မျိုးထဲမှာ ကြည့်လေ **"ပတ္တိဒါန"** တဲ့။ ပတ္တိ-ဆိုတာ ကိုယ်ရ,ထားတဲ့ ကုသိုလ်ကောင်းမှုကို၊ ဒါန-တမလွန်ဘဝက ဆွေမျိုးသားချင်းတွေကို Share လုပ်တယ်၊ အမျှဝေတယ်ပေါ့။ **"ပတ္တာနုမောဒန"** တစ်ဖက်က သူ့အတွက် Share လုပ်လိုက်တဲ့ ကုသိုလ်ကို ဝမ်းမြောက်နုမော် သာဓုခေါ်တယ်။ ဒီဖက်ကပေးတယ် ဟိုဖက်က ခံယူတယ်။ ဒီနှစ်ခု ကိုက်ညီသွားတာနဲ့ တစ်ပြိုင်နက် အကျိုးကျေးဇူးဟာ ချက်ခြင်းရောက်သွားတယ်။ မှန်ကန်တဲ့ နည်းစနစ်တစ်ခုပေါ့။ ဒီနည်းနဲ့ ကောင်းကျိုးချမ်းသာတွေ ရတယ်။

မြန်မာနိုင်ငံမှာလည်း ဒီလို ပုံဝတ္ထုလေးတွေ ခဏခဏကြားရတယ်။ သူ့အတွက် အမျှဝေပေးပါလို့ အိပ်မက်ပေးတာတို့ကြားဖူးတယ်ပေါ့။

ဒီဗိမာန်ရှင်ဟာလည်း အခုလို အမျှအတန်း ပေးဝေလိုက်တာနဲ့ တစ်ပြိုင်နက် လှပတဲ့ဝတ်စုံကြီး ဝတ်ဆင်ပြီး ဗိမာန်ထဲကထွက်လာတယ်။ **"ဒက္ခိဏာ"** လို့ဆိုတဲ့ တစ်စုံတစ်ခု ရည်ညွှန်းပြီး လုပ်လိုက်တဲ့ ကုသိုလ်ကံရဲ့ အကျိုးကျေးဇူးဟာ ချက်ချင်းဖြစ်လာတယ်။ အားလုံး ကြည့်ကြပါ ဆိုပြီးတော့ သူရ,ထားတာကို ပြုံးပြုံးရွှင်ရွှင်နဲ့ ဗိမာန်ထဲကထွက်ပြီးပြတယ်။

အဲဒီမှာ ကုန်သည်တွေက ဝိုင်းမေးကြတယ်။ "ဘာဖြစ်လို့ ဒီလောက်လှတဲ့ ဗိမာန်ကြီးကိုရတာလဲ?၊ ဘာကုသိုလ် လုပ်ခဲ့တာလဲ?" ပေါ့။

## ခေတ်ယုံကြည်ချက် သနားလျက်

သူကပြောတယ် "သူဟာ တစ်ခုသောဘဝ ဗာရာဏသီပြည်မှာ ခန္ဓာကိုယ်နဲ့ ရင်းနှီးလုပ်ကိုင်စားသောက်ရတဲ့ အမျိုးသမီးဖြစ်တယ်"တဲ့။ ပြည့်တန်ဆာလို့ ခေါ်တယ်။ ရှေးက တစ်ခါတစ်ရံ အမျိုးသမီးငယ်လေးတွေ အင်မတန်မှ သနားစရာကောင်းတယ်။ သူတို့ခေတ် လူနေမှုစနစ်တွေ၊ ခေတ်ရဲ့ ယုံကြည်ချက်တွေ၊ လူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေကြောင့် သနားစရာကောင်းတယ်။

အမေရိကန်ကထုတ်တဲ့ Geography မဂ္ဂဇင်းထဲမှာ တွေ့လိုက်ရတယ်။ လူမျိုးတွေရဲ့ ဓလေ့ထုံးတမ်းစဉ်လာတွေက တော်တော်ထူးဆန်းတယ်။ တချို့ လူမျိုးတွေက ရုပ်ကလေးတွေက သနားကမား လှလှပပလေးတွေ အင်္ကျီမဝတ်ဘူး။ တချို့ ဝါးကျည်တောက်ကြီးတွေကို ပါးစပ်မှာ ဆွဲထားတာ။ နှုတ်ခမ်းကြီးက အောက်တွဲကျနေတယ်။ ဘာလို့ဆွဲတယ် မသိဘူး။ ဓါတ်ပုံထဲမှာ အဲဒီလို တွေ့ရတယ်။ အမျိုးမျိုးပဲ နှာခေါင်းတွေကို ဖောက်ထားတယ်။ နားရွက်တွေကို ဖောက်ထားတာလည်း တွေ့ရတယ်။

ဗမာတိုင်းရင်းသားတွေထဲမှာလည်း ပဒေါင်လူမျိုးတွေကြည့်၊ လည်ပင်းကြီးကို ရှည်နေအောင် ကြေးကွင်းကြီးတွေစွပ်ထားတာ။ ဒါ သူတို့ရဲ့ ဓလေ့ထုံးတမ်းစဉ်လာအရ ဒီလိုယုံကြည်ချက်ကလည်း လူ့ရဲ့အလှအပတွေကို ဖျက်ဆီးနေသလိုဖြစ်တာပဲ။ အဲဒီတော့ ရုပ်တန်ဆာဆင်တာတောင်မှပဲ မတူညီကြဘူး။ အခုခေတ် နားကပ်ပန်တာ တစ်ပွင့်တင် မကဘူး နားရွက်

တစ်ခုလုံးပန်တာတောင် ရှိတယ်။ နားကပ်တင် အားမရလို့ တစ်ချို့ ပါးစပ်ဖောက်ပြီး ပန်တာရှိသေးတယ်။ ဩော် လူ့ရဲ့စိတ်ဆိုတာ အင်မတန်မှဆန်းကြယ်တယ်။ နောက်ဆုံး မျက်လုံးမျက်ခုံးလေးတွေတောင်မှပဲ စိန်စီဦးမလား မသိဘူးနော်။ လူတွေက လှတယ်ထင်ရင် လုပ်ကြတယ်။

ရှေးခေတ်တုန်းက ယုံကြည်မှုစနစ်အရ သိပ်လှတဲ့ အမျိုးသမီးဟာ ပြည့်တန်ဆာ ဖြစ်သွားတယ်။ ပြောရရင်တော့ ဘုံဆိုင်ပစ္စည်း လုပ်တာပေါ့။ ဘုရားလက်ထက် ဇီဝကရဲ့ မယ်တော်က အင်မတန်မှရုပ်ချောတယ်။ ရုပ်ချောလို့ အဲဒီနေရာ ရောက်သွားတာ။ **အမ္ဗပါလီ** ဆိုတာလည်း ဒီအတိုင်းပဲ။ အင်မတန်မှ ရုပ်ချောသည့်အတွက် ပြည့်တန်ဆာဘဝ ရောက်သွားရှာတာ။ သူတို့ခေတ်ရဲ့ စနစ်ပေါ့။

အခု ဟာရာဏသီပြည်က ဗိမာန်ရှင်ကလည်း အတိတ်ဘဝက ရုပ်အင်မတန်မှ ချောမောလှပတယ်တဲ့။ သူ့ရဲ့ အလှအပဟာ ဘာတုန်းဆိုတော့ **ကေသကလျာဏီ**လို့ ခေါ်ရလောက်အောင် ဆံပင်က သူများထက် ပိုလှတယ်။ ရှေးခေတ်အလှကတော့ ဆံပင်ရှည်ပြီး ကော့ပျံနေတာကို အလှလို့ယူတယ်။ ကနေ့ခေတ်က လှပုံလှနည်း တစ်မျိုးပြောင်းသွားပြီ။ တိုနိုင်သမျှ တိုအောင် ဖြတ်ရတယ် ထင်ပါတယ်။ နောက်ဆုံး ကတုံးဖြစ်သွားတယ်။ အခု သူ့ရဲ့ ဆံပင်က အင်မတန်မှရှည်ပြီး လှပတော့ အားကျတဲ့ **အမျိုးသမီးက** အားကျ၊ မနာလိုတဲ့ အမျိုးသမီးကမနာလိုဖြစ်ကြတယ်။ ဒါ ဆံပင်ကို တန်ဖိုးထားတဲ့ခေတ်လို့ ပြောရမယ်။ အဲဒီ

ဆံပင်ကို မနာလိုဖြစ်တော့ ဆေးဆရာတစ်ယောက်နဲ့ပေါင်းပြီး ဆံပင်ကျွတ်ဆေး ဖော်စပ်တယ်။ အနီးကပ်ပြုစုတဲ့ အမျိုးသမီး တစ်ယောက်ကို ပိုက်ဆံပေးပြီး ဆံပင်လျှော်တဲ့အထဲ အဲဒီ ဆံပင် ကျွတ်ဆေးတွေ ထည့်လိုက်တယ်။

လူ့လောကဆိုတာ တော်တော်ဆန်းတယ်နော်။ အဲဒီ ဆံပင်ကျွတ်ဆေးကလည်း တော်တော်ပြင်းပုံရတယ်။ ဘာနဲ့ ဖော်စပ်တယ်မသိဘူး၊ ခေါင်းလျှော်ပြီး ရေထဲငုံ့လိုက်တာနဲ့ တစ်ပြိုင်နက် ဆံပင်တွေ အကုန်ကျွတ်ပြီး ကတုံးဖြစ်သွားတယ်၊ အဲဒါကို ရည်ညွှန်းပြီး "ခလ္လာဋိယ" ဦးထိပ်ပြောင်လို့ ဆိုတယ်။ ဆံပင်တွေကျွတ်သွားပြီး ကတုံးပြောင်ဖြစ်သွားတော့ ရှက်တာ ပေါ့။

ဘုန်းကြီးတို့ ငယ်ငယ်တုန်းကတောင်မှပဲ ကတုံးဆိုတာ ရှက်စရာကြီး။ ငယ်ငယ်တုန်းက ဗုံးကခဏခဏချတော့ "ကတုံးမ ဒေဝီ ဗုံးချသေပြီ" လို့ ဆိုကြတာ ကြားဖူးတယ်။ ကတုံးတွေ့ရင် အဲဒီလို ပြောကြတယ်။ အခုခေတ်ကတော့ ကတုံး ခေတ်စား နေတာ၊ ကိစ္စမရှိဘူး။ ဦးထုပ်လေးဆောင်းလိုက်လည်း ရတယ်။ ဆံပင်တုလေးနဲ့ဆိုလည်း အဆင်ပြေတယ်။ ဒါကြောင့် အမျိုးသမီး လေးတွေ သီလရှင်ဝတ်ကြတယ်။ ကောင်းတယ်။ နို့မို့ဆိုရင် သီလရှင်ဝတ်ဖို့ တော်တော်ခက်တယ်နော်။ ကနေ့ခေတ်တော့ ခေါင်းတုံးတာ ဘာမှပြဿနာမရှိတော့ဘူး။ ဘုန်းကြီးတို့ ငယ်ငယ် က ခေါင်းတုံးဖို့ ခက်သေးတယ်။ ယောကျ်ားတွေတောင်မှ သျှောင်ထုံးတွေနဲ့။ ဒါသူ့ရဲ့ ထုံးတမ်းစဉ်လာ။ ခေတ်ရဲ့ အခြေ

အနေတွေ၊ ခေတ်ရဲ့အမြင်တွေ၊ ခေတ်ရဲ့အတွေးတွေဆိုတာက ထာဝရ ပြောင်းလဲနေတဲ့ အရာတွေသာ ဖြစ်တယ်။

အမေရိကန်နိုင်ငံရဲ့ ရှေးဦးလူသားတွေဖြစ်တဲ့ Red Indian တွေကို အမေရိကန်အစိုးရက ကိုလိုနီနယ်မြေတစ်ခု သတ်မှတ်ပြီး ထောက်ပံ့ကြေးပေးထားတယ်။ အစိုးရထောက်ပံ့တာ စားပြီး သူတို့က အေးအေးဆေးဆေး နေကြတယ်၊ အရက်သောက်ကြတယ်၊ အသက်(၄၀)လောက်ဆို သေကုန်ကြတယ်။ သူတို့တွေမှာ ယုံကြည်ချက်တစ်ခု ရှိတယ်။ သူတို့ဆီကိုသွားရင် ကတုံးနဲ့မသွားနဲ့။ လူဆိုးဆိုပြီး ပိုဒုက္ခပေးတယ်တဲ့။

ဗမာပြည်က ဆရာဝန်တစ်ဦး အဲဒီဘက်ကို ခရီးထွက်ရမယ်။ ဒုလ္လဘရဟန်းဝတ်ဖို့လည်းရှိတယ်။ အဲဒီတော့ ဒုလ္လဘရဟန်းဝတ်ပြီးမှ ခရီးထွက်ရင် ကတုံးနဲ့ဖြစ်မှာကိုး။ ဆံပင်က ရှည်မှာမဟုတ်ဘူး။ ဒါကြောင့် သူ့အစီအစဉ် ပြောင်းလိုက်ရတယ်။ အဲဒီကပြန်မှ ဒုလ္လဘရဟန်းဝတ်တော့မယ်။ ဒီ Red Indian ကိုလိုနီဒေသကို သွားဖို့အတွက် ရဟန်းဝတ်တာကို ရွှေ့ဆိုင်းလိုက်ရတယ်။ နို့မို့ဆိုရင် သူ့ကိုလူဆိုးလို့ အောက်မေ့မှာ။ တကယ်ကတော့ ဆေးကုပေးဖို့ သွားတဲ့ဆရာဝန်ပဲ။ ဒါက သူကိုယ်တိုင် ပြောပြလို့သိရတဲ့ အကြောင်းအရာလေးတစ်ခု ဖြစ်တယ်။ အဲဒီလို ခေါင်းပြောင်အောင် တုံးထားလို့ရှိရင် သူတို့က လူဆိုးလို့ သတ်မှတ်တယ်တဲ့နော်။

အိန္ဒိယနိုင်ငံရဲ့ထုံးစံတစ်ခုက ဟိန္ဒူတွေ မိဘသေလို့ရှိရင် သားတွေ ကတုံးတုံးရတယ်။ အမျိုးသမီးတွေတော့ မပါဘူး။

ကတုံးတုံးပေမယ်လို့ ထိပ်ပေါ်မှာ ဆံပင်အရှည်လေးတစ်စု ချန်ထားရတယ်။ အဲဒီအရှည်လေးက ဘာလို့ ချန်ထားတာတုန်း ဆိုတော့ ဗြဟ္မာ့ပြည်တက်တဲ့ "ဗြဟ္မရဏ္ဍ" လို့ခေါ်တယ်၊ အတ္တက အဲဒီကနေထွက်ပြီး ဗြဟ္မာ့ပြည်ကိုသွားတာ။ အတ္တ လမ်းပျောက်မှာစိုးလို့ အဲဒီဆံပင်စု ချန်ထားရသေးတယ်လို့ ပြောတာပဲ။ အကုန်လုံးရိတ်လိုက်ရင် လမ်းပိတ်သွားမှာစိုးလို့တဲ့။ ယုံကြည်ချက်က အဲဒီလိုရှိတာ။

တစ်ခါတစ်လေ ယုံကြည်ချက်တွေက ဟုတ်လား မဟုတ် လားလည်း ဘာမှမပြောနိုင်ဘူး။ Tradition တို့၊ Custom တို့ ဆိုတာ ရယ်စရာလည်း ကောင်းတယ်၊ စိတ်ပျက်စရာလည်း ကောင်းတယ်။ တချို့က Reasonable ဖြစ်တယ်။ တ ချို့က Reasonable မဖြစ်ဘူး။ သို့သော် ယုံကြည်ချက်တွေက မစွန့်လွှတ် နိုင်ကြဘူးပေါ့။

ဘုန်းကြီးတို့ အရပ်တွေမှာ တူးရွှင်းထမ်းရင် အသွားကို ရှေ့ကမထားရဘူး။ ဘာကြောင့်လဲဆိုတာတော့ မပြောဘူး။ မထားကောင်းဘူးတဲ့။ လူတွေက လိုက်နာကြရတယ်။ တချို့ အရပ်က နောက်က မထားရဘူး။ ရှေ့ကထားရတယ်။ တစ်ရပ်နဲ့ တစ်ရပ် မတူဘူး။ ရှေ့ကထားပြီးသွားရင် ရှေ့လူ ထိုးမိမှာ စိုးလို့လားမသိပါဘူး။ အဲဒီလို ယုံကြည်ချက်တွေက အမျိုးမျိုးပဲ။

ဘုန်းကြီးတို့ မိသားစုတောင်မှ နတ်နဲ့ ပတ်သက်တဲ့ ပညတ်ချက်ရှိတယ်။ ဘောင်းဘီရှည် မဝတ်ရဘူး။ အဝတ်နက် မဝတ်ရဘူး။ ဘွတ်ခြေနင်း မစီးရဘူး။ အဲဒါ ဘယ်သူက ပညတ်

တာတုန်းဆိုတော့ အစဉ်အလာပဲ။ နတ်က မကြိုက်ဘူးလို့ ပြောတာပဲ။ အဲဒီနတ်ကိုလည်း တစ်ခါမှ မြင်ဖူးတာ မဟုတ်ဘူး။ တစ်ခုတော့ကောင်းတာရှိတယ်။ နတ်တင်တဲ့အခါ မုန့်ကောင်းကောင်း စားရတယ်။ အဲဒီလို လူတွေရဲ့ ယုံကြည်ချက်ဆိုတာ Reasonable တော့ မဖြစ်ဘူးပေါ့။

## မုန့်ညက်လှူဖူး ဗိမာန်ထူး

အခုလည်း ဒီအမျိုးသမီးဟာ ဆံပင်ကျွတ်ဆေးတွေ ခေါင်းလျှော်ရည်ထဲမှာ ရောထည့်ပြီး လိမ်းပေးခံလိုက်ရတဲ့အခါ ဆံပင်တွေ ကျွတ်ထွက်သွားတယ်။ ကတုံးမဘဝ ရောက်သွားတယ်။ သူရှက်တော့ မြို့ထဲတောင် မဝင်နိုင်ဘူး။ မြို့ပြင်တစ်နေရာမှာ နေတယ်။ ကတုံးမဖြစ်သွားတော့ သူ့ရဲ့ ဖောက်သည်တွေလည်း မလာတော့ဘူး ထင်ပါရဲ့။ အဲဒီတော့ သူ့မှာ စားဝတ်နေရေး ခက်ခဲသွားတော့ ဘာလုပ်စားတုန်းဆို ဆီရောင်းစားတယ်၊ အရက်ရောင်းစားတယ်။ အဲဒီလို ဘဝဝမ်းကြောင်းကို ကျောင်းနေရရှာတယ်။

အဲဒီအချိန် သူတော်စင်ရဟန်းတစ်ပါး ဆွမ်းခံကြွလာတာ မြင်တဲ့အခါ အိမ်ပင့်ပြီး အရသာရှိတဲ့ နှမ်းမုန့်ညက်ကို ရဟန်းရဲ့ သပိတ်ထဲ လောင်းထည့်ပြီး တရိုတသေ ဝပ်ချတယ်။ ကုသိုလ်ကောင်းမှုတွေ သူလုပ်ခဲ့တယ်တဲ့။ ဆီရောင်းဖို့ဆီကြိတ်တဲ့အခါ ထွက်လာတဲ့ နှမ်းစချည်ထွေး သို့မဟုတ် နှမ်းမုန့်ညက်ကို သူက လှူတယ်။ အဲဒီ ကုသိုလ်ကံရဲ့ အထောက်အပံ့ကြောင့် ဒီရွှေဗိမာန်

ကြီးမှာ နေရတာတဲ့။ ကုသိုလ်ကံကနေ အကျိုးပေးတာပေါ့။ ဒါ ဗိမာန်ရခြင်းရဲ့ အကြောင်းကို သူပြောတာ။

သူဘာဖြစ်လို့ ဝတ်လစ်စလစ် ဖြစ်သွားတာတုန်းဆိုရင် သူ့ဆီ အရက်လာသောက်တဲ့ အရက်သမားတွေ ပုဆိုးကျွတ် ဘာကျွတ် ကျွတ်တဲ့အခါ အဲဒီအဝတ်တွေ သူကခိုးထားလိုက်တယ်။ အဲဒီလို ခိုးယူလိုက်တဲ့ အကုသိုလ်ကံကြောင့် နောက်ဘဝရောက်တဲ့အခါ သူ့မှာ ဝတ်စရာအဝတ် မရှိဘူးတဲ့။ ဒီလောက်လေးလုပ်တာနဲ့ ပြင်းထန်လှချေလားလို့ မပြောကြနဲ့။ လူဆိုတာ တစ်ဦးနဲ့တစ်ဦး မတူဘူး။ လူတိုင်းမှာတော့ ပြင်းထန်ချင်မှ ပြင်းထန်မယ်ပေါ့။ ကုသိုလ်ကံ လုံးဝမရှိတဲ့ ပုဂ္ဂိုလ်တွေကိုတော့ အကုသိုလ်က နည်းနည်းလေးလည်း အကျိုးပေးတယ်။ ကုသိုလ်ကံရှိပြီး ကောင်းတာတွေလုပ်ပြီး မကောင်းတာ တစ်ခါ တစ်ခါ ဖြစ်တဲ့ ပုဂ္ဂိုလ်မျိုးကိုတော့ ကောင်းတာတွေက အကာအကွယ် ပေးသွားတယ်။

မြတ်စွာဘုရားက နားလည်အောင် ဥပမာနဲ့ ဟောထားတာ ရှိတယ်။ "လောဏကပလ္လ"သုတ် (အင်္ဂုတ္တရနိကာယ်)မှာ ဆားခဲနဲ့ ဥပမာပေးထားတယ်။ ဆီးသီးလုံးလောက် ဆားခဲလေးကို ဖန်ခွက်ထဲကရေထဲ ထည့်လိုက်မယ်ဆိုရင် သောက်မဖြစ်လောက်အောင် ငံသွားမယ်။ မြစ်ထဲ ချောင်းထဲမှာ ထည့်လိုက်လို့ရှိရင် ဘာအရသာမှ မပေါ်ဘူး။ ဆိုလိုတာက ကုသိုလ်ကံ အင်မတန်နည်းပြီး အကုသိုလ်ကံတွေ များနေတဲ့ ပုဂ္ဂိုလ်ဟာ နည်းနည်းလေးလုပ်လည်း ခံရမယ်လို့ ဒီလိုပြောတာ။

လောကမှာ ဒီကနေ့ လူလုပ်တဲ့ ဥပဒေတောင်မှပဲ ပိုက်ဆံချမ်းသာတဲ့လူ ကျူးလွန်တဲ့အမှုနဲ့ ဆင်းရဲတဲ့လူ ကျူးလွန်တဲ့အမှု၊ အမှုချင်းတူတယ်။ ပိုက်ဆံချမ်းသာတဲ့လူမှာတော့ အမှုပေါ့တယ်၊ ငွေပေးနိုင်တာကိုး။ ဒါသဘာဝပဲလေ၊ အဲဒါဆိုရင် မတရားဘူးလို့ မပြောနဲ့။ သူက Condition ကောင်းတယ်လေ။ ပိုက်ဆံပေးနိုင်တာကိုက Condition ကောင်းတယ်လို့ပြောတာ။ သို့မဟုတ် သူက အားကိုးလောက်တဲ့ လူတွေရဲ့ အကူအညီကို ရတယ်။ အပြစ်ဒဏ်က လွတ်တယ်။ ကံကြမ္မာအရာမှာ ပိုက်ဆံရှိတာလို ကုသိုလ်ကောင်းမှုတွေ ရှိတယ်။ တခြားကုသိုလ်တွေလုပ်တယ်။ အကုသိုလ် လုပ်တာချင်း တူပေမယ့် ကုသိုလ်ကံရှိတဲ့လူက သက်သာပြီး ကုသိုလ်ကံနည်းတဲ့သူက အပြည့်အဝ ခံရတတ်တယ်တဲ့။ ဒီလိုမတူညီတဲ့ အခြေအနေလေးတွေကို သတိထားရမယ်။

လူတိုင်းဟာ တူညီတဲ့အကျိုး ရလိမ့်မယ်လို့တော့ မအောက်မေ့လေနဲ့။ ပတ်ဝန်းကျင် အခြေအနေဆိုတာ လူ့ရဲ့ အခြေအနေတွေပေါ်မှာ မူတည်တယ်။ Condition ပေါ့။ အဲဒီ Condition တွေဟာ သိပ်ပြီးတော့ အရေးပါတယ်။ ဒါကိုပဲ ဥပနိဿယပစ္စယောလို့ ပြောတာ။

သစ်စေ့လေး စိုက်တာတောင်မှ မြေဩဇာကောင်းတဲ့ နေရာစိုက်တာနဲ့ ကြွတ်တီးကုန်းစိုက်တာ ကွာတယ်။ မြေဩဇာကောင်းတဲ့နေရာစိုက်ရင် အပင်ကြီးထွားမှု အင်မတန်မှ ကြီးမားတယ်။ ကြွတ်တီးကုန်း သွားစိုက်ရင် လှီလှီလေး ဖြစ်မှာပေါ့။

မျိုးစေ့ခြင်း တူတာတောင်မှပဲ အထောက်အကူချင်းက ကွာခြားတယ်။ မိုးခေါင်ရေရှားအရပ် စိုက်တာနဲ့ မိုးကောင်းတဲ့အရပ် စိုက်တာ မတူပြန်ဘူး။ အခြေအနေချင်း မတူတာကို ဆိုလိုတယ်။ ကံကြမ္မာမှာလည်း ဒါတွေကို ထည့်သွင်းစဉ်းစားရတယ်။

**“လောဏကပလ္လ”** သုတ်ကို နားလည်သဘောပေါက်ရင် ကံကြမ္မာဆိုတာ လုပ်မိပေမယ့် စိုးရိမ်စရာ မရှိဘူး။ စိုးရိမ်စရာ မရှိဘူးဆိုတာ လုပ်သာလုပ်လို့ ပြောတာမဟုတ်ဘူး။ လုပ်တော့ မလုပ်နဲ့၊ သို့သော် လုပ်မိထားရင် ဘာလုပ်ရမလဲ? ကောင်းတာတွေလုပ်ပေါ့။

မြတ်စွာဘုရားနဲ့ တစ်ခေတ်ထဲပွင့်တဲ့ မဟာဝီရဆိုတဲ့ ဂျိန်းဘုရားက ဘယ်လိုဟောတုန်းဆိုတော့ **“ယော ကောစိ ပါဏာ မတိပါတေတိ၊ သဗ္ဗော သော နိရယံ ဥပပဇ္ဇတိ”** ပါဏာတိပါတ လုပ်တဲ့လူမှန်သမျှ ငရဲကျတယ်လို့ ဒီလိုဟောတာ။ သူက အတိအကျကြီး ဟောတာ။ မြတ်စွာဘုရားကတော့ **“ပါဏာတိပါတော နိရယသံဝတ္တနိကော”** ပါဏာတိပါတ ဆိုတဲ့ အကုသိုလ်အမှုသည် ငရဲဖြစ်စေနိုင်တယ်လို့ ဟောတယ်။ ဒီစကားနှစ်ခုက အင်မတန်မှ ကွာခြားတယ်။ ဖြစ်နိုင်တယ်လို့ ပြောတာ။ ဖြစ်ချင်မှလည်း ဖြစ်တယ်။ ဖြစ်ချင်မှဆိုတာ တခြား Condition တွေ ပါလာလို့ရှိရင် ဖြစ်ချင်မှ ဖြစ်မှာပေါ့။ အဲဒီတော့ ဘယ်လောက် စိတ်သက်သာရာရစရာ ကောင်းသလဲ။ မြတ်စွာဘုရား တရားတွေဟာ အင်မတန်မှ Logical ဖြစ်တယ်၊ Reasonable ဖြစ်တယ်။ ဆိုင်ရာ အကြောင်းတရားတွေကို ထည့်သွင်း

စဉ်းစားရမယ်ဆိုတာ လောကလက်တွေ့နဲ့လည်း အင်မတန် မှန်ကန်တယ်။

ပိုက်ဆံချမ်းသာရင်၊ အားကိုးလောက်တဲ့ လူတွေနဲ့သိရင် ပြစ်မှုသက်သာတယ်။ မိတ်ကောင်း ဆွေကောင်း အထောက် အကူပြုမယ့် လူတွေလာရင်လည်း ပြစ်မှုသက်သာတယ်။ ကူမယ့် လူ မရှိဘူး။ ပိုက်ဆံလည်း မပေးနိုင်ဘူးဆိုရင် အပြစ်လေးတယ်။ ဒါက လောကမှာလည်း ဒီအတိုင်းရှိတယ်။ ကံကြမ္မာမှာလည်း အဲဒီအတိုင်းပဲ။ အဲဒီတော့ ကောင်းတာတွေလုပ်ရင် ကောင်းတာ တွေက မကောင်းတာတွေကို ဖယ်ထုတ်သွားမှာပဲ။ ကောင်းတဲ့ အလုပ်တွေကို များများလုပ်ဖို့ လိုအပ်တယ်။

အခု ဒီအမျိုးသမီးက အဝတ်လေးခိုးလိုက်တာနဲ့ ဝတ်လစ် စလစ်ဘဝရောက်ရတယ်ဆိုတာ ကုသိုလ်ကံကလည်း အင်မတန် မှ နည်းတာကိုး။ သူလုပ်ကိုင်စားသောက်ရတဲ့ဘဝ ကုသိုလ်ဖြစ်တဲ့ အချိန်ဟာ အင်မတန်မှနည်းတယ်။ ဖြစ်လိုက်တဲ့ ကုသိုလ်က လည်း နှမ်းစချည်ထွေး သို့မဟုတ် နှမ်းပျစ်မုန့်လေးကို စေတနာ ထက်ထက်သန်သန်နဲ့ လှူခဲ့လို့ ဘုံဗိမာန်ကြီးရတယ်။ ဒါ ကုသိုလ် ကံရဲ့ အကျိုးတွေ ဖော်ပြတာနော်။

သူ့ဘဝမှာ သူဆုံးရှုံးသွားတာ ဘာတုန်းဆို ဆံပင်ပဲ။ ဒါကြောင့် သူလုပ်တဲ့ကုသိုလ်ကံရဲ့ အကျိုးကို သူဘာဆုတောင်း သလဲဆိုရင် "နောင်ဘဝမှာ အလွန်လှပပြီး ရှည်လျားတဲ့ ဆံပင် ပိုင်ရှင် ဖြစ်ရပါလို၏"လို့ ဆုတောင်းခဲ့တယ်။ ဒါကြောင့် သူဟာ လှပတဲ့ဆံပင်ရှိတဲ့ ဗိမာန်ရှင် ဖြစ်သွားတာ။ သူများရဲ့ အဝတ်ကို

ချွတ်ယူခဲ့သည့်အတွက် အဝတ်တော့ ဝတ်စရာ မရှိဘူး။ ဟော ကံကြမ္မာရဲ့ ပြောင်လှောင်မှုကို ခံရတယ်။ လူတွေဟာ ကိုယ်သိသည်ဖြစ်စေ မသိသည်ဖြစ်စေ တစ်ကြိမ်တစ်ခါတုန်းက ကံဟာ ကိုယ့်ရဲ့သန္တာန်မှာ စဉ်ဆက်မပြတ် သတ္တိတွေလိုက်ပါပြီး အကျိုးပေးပြီဆိုရင်လည်း တူညီတဲ့အကျိုးကို ခံစားကြရတယ်လို့ ဆိုလိုတာ။

အဲဒီနောက် သူက ဝမ်းနည်းစကားပြောတယ်။ "သူလုပ်ခဲ့တဲ့ ကုသိုလ်ကံက အင်မတန်မှ နည်းပါးတဲ့အတွက် လေးလပဲ ဒီဇိမာန်မှာ နေခွင့်ရမယ်။ လေးလကျော်တာနဲ့ သူက သေပြီးတော့ အဝီစိငရဲကျမယ်" သူသွားရမယ့်လမ်းကို ဝမ်းနည်းကြေကွဲပြီး စိတ်ပူနေတယ်။ ဒီမှာနေဖို့ရာ သူ လေးလပဲ အချိန်ရတော့တယ်။ သူ့ကို ကယ်တင်နိုင်တဲ့ နည်းလမ်းတွေ မရှိဘူးလားလို့ ဆိုတော့ ခုနက ရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာက အကြံပေးတယ်။ ဒီဇိမာန်ရှင် ချက်ချင်း ကုသိုလ်ရဲ့ အကျိုးကျေးဇူး ခံစားရတာကို သိရှိပြီး လှေသင်္ဘောပေါ်က ကျန်တဲ့လူတွေကလဲ ရတနာသုံးပါးကို ကြည်ညိုတဲ့ ဥပါသကာအဖြစ် ခံယူပြီးဖြစ်တဲ့အတွက် သူတို့ကိုလည်း ကောင်းမှုကုသိုလ်လုပ်ပါ။ သက်တော်ထင်ရှား မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကိုလည်း ကောင်းမှု ကုသိုလ်လုပ်ပါတဲ့။

ဥပါသကာ အကြံပေးတဲ့အတိုင်း ကုသိုလ်ကောင်းမှုတွေ လုပ်တယ်။ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားအတွက် သူလှူလိုက်တဲ့ ဝတ်စုံတစ်စုံ ယူသွားပြီး

ဘုရားကို လှူပေးဖို့နဲ့ သူလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေ အကြောင်း လျှောက်ကြားဖို့ကို အဲဒီ ဥပါသကာ ကုန်သည်တွေက တာဝန်ယူကြတယ်။

ပင်လယ်ထဲမှာ မုန်တိုင်းမိလို့ လွင့်ချင်ရာလွင့် မျောချင်ရာ မျောပြီး ကမ်းတင်လာတဲ့ လှေသင်္ဘောကြီးဟာ ဗိမာန်ရှင်ရဲ့ စွမ်းရည်သတ္တိနဲ့ပဲ သူတို့နေရပ်ကို ပြန်ရောက်သွားကြတယ်။ ပြန်ရောက်တဲ့အခါ သာဝတ္ထိပြည်မှာ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို အကျိုးအကြောင်း လျှောက်ထားတယ်၊ ဝတ်စုံလှူဒါန်းပြီး သူ့ကိုအမျှဝေတော့ သူက သာဓုခေါ်လိုက်တယ်။ သာဓုခေါ်တဲ့ ကုသိုလ်ရဲ့စွမ်းအားကြောင့် လေးလကုန်ရင် ငရဲကျရမယ့် အစား တာဝတိံသာနတ်ပြည်မှာ နတ်သမီးတစ်ထောင် ခြံရံတဲ့ ဘုံဗိမာန်ရှင် ဖြစ်သွားတယ်တဲ့။

ဒီဇာတ်လမ်းမှာ သူ့ရဲ့ဘဝတွေ ကံကြမ္မာရဲ့ ပြောင်းလှောင်မှုကို ခံရလို့ သူလုပ်ခဲ့တဲ့ကံတွေရဲ့ အကျိုးအတိုင်း သူခံစားရတယ်ဆိုတဲ့ လူသားတွေအတွက် သူပြောလိုက်တဲ့ အမှာစကားဟာ အင်မတန်မှ ထိရောက်တယ်။ အဲဒီ အမှာစကားကို မှတ်သားပြီးတော့ ဘုန်းကြီးတို့တတွေလည်း မကောင်းတဲ့ ကံကြမ္မာတွေ မပြုမိအောင် ကောင်းတဲ့ကံတွေ လုပ်မိအောင် နေ့စဉ်နဲ့အမျှ သတိထားကြဖို့ အရေးကြီးတယ်ပေါ့။

## သွေးပြည်စုပ် ပြိတ္တာ

နောက်ထပ် ဇာတ်လမ်းလေးတစ်ပုဒ်က "နာဂပေတ" ဆိုတဲ့ နာမည်နဲ့ရေးထားတဲ့ ဇာတ်လမ်းတစ်ပုဒ်ပေါ့။ ဒီဇာတ်လမ်းက အားလုံး ကြားဖူးကြတဲ့ သံကိစ္စသာမဏေ ဆိုတာရှိတယ်။ ခုနစ်နှစ်အရွယ်က ရဟန္တာ ဖြစ်သွားတာ။ သူနဲ့ဆက်စပ်တယ်။ တစ်နေ့ သူ့ရဲ့တူတော်တဲ့ ကိုယ်ရင်ငယ်တစ်ပါး ရဟန်းဘဝမှာ မပျော်လို့ လူထွက်ဖို့ ခွင့်တောင်းတယ်၊ သူနဲ့နှစ်ပါး ခရီးသွား တယ်ပေါ့။ တောစပ်ကို ဖြတ်သန်းလိုက်တော့ ရဟန္တာဖြစ်တဲ့ သံကိစ္စသာမဏေက ဘာတွေ တွေ့တုန်းဆိုတော့ အင်မတန်မှ ထူးဆန်းတဲ့ ခရီးသွားနေတဲ့ နတ်နဲ့ပြိတ္တာတွေကို သွားတွေ့တယ်။ တွေ့တော့ ဒီကိုရင်လေး မြင်ရအောင်ဆိုပြီး တန်ခိုးနဲ့ပြလိုက် တယ်။

သူ ဘာမြင်ရတုန်းဆိုတော့ ရှေ့က အစ်ကိုကြီးက ဆင်ဖြူကြီးစီးပြီးတော့ သွားတယ်။ သူ့နောက်က ညီငယ်က မြင်းလေးကောင်ကတဲ့ ရထားကြီးကို စီးတယ်။ နောက်ဆုံး ညီမနဲ့တူတဲ့ နှမငယ်ကတော့ ထမ်းစင်ကြီး စီးပြီးတော့ ခရီးသွား နေကြတယ်။ ခရီးရဲ့နောက်ဆုံးက အရုပ်ဆိုး အကျည်းတန်တဲ့ ပြိတ္တာနှစ်ကောင်ကတော့ သံတင်းပုတ်ကြီးတွေ ကိုင်ထားပြီး တစ်ကောင်နဲ့တစ်ကောင် ထုနေကြတယ်။ ထုလိုက်တော့ ခေါင်းက ဘုကြီးထလာတယ်။ အဲဒီ ဘုကြီးကနေပြီး သွေးတွေ ပြည်တွေ ယိုကျလာတယ်။ ယိုကျလာတဲ့ သွေးပြည်တွေကို အတင်းလုပြီးစုပ်ကြတယ်။ တစ်ကောင်နဲ့ တစ်ကောင် ဘုထွက်

အောင်ရိုက်ပြီး ထွက်လာတဲ့ သွေးပြည်တွေကို အငမ်းမရ အော်ဟစ်စုပ်သောက်ရင်း လိုက်လာတဲ့ ပြိတ္တာနှစ်ကောင်ဟာ အင်မတန်မှ ကြောက်မက်ဖွယ်ကောင်းတယ်ဆိုတဲ့ မြင်ကွင်းကို မြင်ခဲ့ရတယ်။

အဲဒီ မြင်ကွင်းကြီးကို မြင်တဲ့အခါ သံကိစ္စမထေရ်က သူ့ကိုရင်ကို "ဘာလုပ်ခဲ့လို့ သူတို့ဒီလိုဖြစ်တာလဲ?" ဆိုတာ သွားမေးခိုင်းတယ်။ မေးတဲ့အခါ ဆင်ပေါ်ကနေ ကြော့ကြော့ကြော့ကြော့နဲ့ သွားတဲ့သူကို မမေးဘူး။ မြင်းလှည်းပေါ်စီးသွားတဲ့ သူကိုလည်း မမေးဘူး။ ထမ်းစင်ပေါ်က ညီမငယ်ကိုလည်း မမေးဘူး။ ခုနက သွေးပြည်တွေ အလုအယက် လုသောက်နေကြတဲ့ ပြိတ္တာနှစ်ကောင်ကို မေးတဲ့အခါ သူတို့ပြောပြပုံလေးက "သူတို့ဟာ လူ့ဘဝတုန်းက သားအမိသားအဖ ငါးယောက်တဲ့။ ကြမ်းတမ်းရက်စက်စွာ တူကြီးနဲ့ထုပြီး သွေးလုသောက်နေတဲ့ သူတို့နှစ်ယောက်က ဟိုဘဝတုန်းက ဇနီးမောင်နှံ၊ ရှေ့ကသွားတာက သားအကြီးဆုံး၊ အလယ်ကောင်က သွားတာက သားလတ်၊ နောက်ဆုံးသွားတာက သူတို့ရဲ့သမီး ဖြစ်တယ်"လို့ ပြောပြကြတယ်။

"ဘာဖြစ်လို့ ဒီဘဝမျိုးရောက်တာလဲ?" ဆိုတော့ သူတို့မိသားစုဟာ ဘုရား တရား သံဃာကို ကြည်ညိုတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူးတဲ့။ သူတို့ရဲ့ မိတ်ဆွေတစ်ဦးကို အကြောင်းပြုပြီး သားအကြီးက ကုသိုလ်ကောင်းမှုတွေလုပ်တယ်။ သားအလတ်နဲ့ သမီးငယ်ကလည်း ကုသိုလ်ကောင်းမှုတွေ လုပ်တယ်။ အိမ်မှာ

အလှူအတန်းလုပ်တိုင်း အမေ အဖေဖြစ်တဲ့ သူတို့က လုံးဝ မကျေနပ်ဘူး။ သားသမီးတွေနဲ့ အလှူခံပုဂ္ဂိုလ်တွေကို ဆဲတယ်တဲ့။ ဒီလိုနဲ့ အိမ်ပြုကျပြီး သားအမိသားအဖ ငါးယောက်စလုံး သေသွားတယ်။

သေသွားတဲ့အခါ သားအကြီးဆုံးက ခုနက ဆင်စီးရတဲ့ ဘုမ္မစိုးနတ် ဖြစ်လာတယ်။ ညီငယ်လုပ်တဲ့သူက မြင်းရထားကြီး စီးရတဲ့ နတ်သား၊ ညီမငယ်ကလည်း ထမ်းစင်စီးရတဲ့ နတ်သမီး ဖြစ်လာကြတယ်တဲ့။ နောက်က အမေနဲ့အဖေ ဖြစ်တဲ့ သူတို့က တော့ ဒီလို တင်းပုတ်ကြီးထမ်းပြီး တစ်ယောက်နဲ့တစ်ယောက် ရက်စက်စွာ ထုရိုက်လို့ ယိုကျလာတဲ့ သွေးပြည်တွေကို အငမ်းမရ စုပ်ရတဲ့ ပြိတ္တာတွေ ဖြစ်ရတယ်တဲ့။ ဘယ်တော့မှလည်း မဝဘဲ ဆင်းရဲဒုက္ခတွေ ခံနေရတယ်။ သားသမီးတွေက ကုသိုလ် ကောင်းမှုကြောင့် ချမ်းသာသုခ ခံစားနေရချိန် သူတို့ကတော့ မကျေမနပ် ဆဲဆိုမှုကြောင့် ဒီလိုဘဝကို ရောက်လာကြတာ။ ဒီအကုသိုလ်တွေကြောင့် တမလွန်ဘဝမှာလည်း သူတို့တစ်ကိုယ်လုံးဟာ ပူလောင်ပြီး အမြဲတမ်း ဆာလောင်လို့ တစ်ဦးနဲ့တစ်ဦး ညှဉ်းဆဲပြီး ဆင်းရဲဒုက္ခတွေ ခံစားနေကြရတယ်တဲ့။

## စည်းစိမ်ဥစ္စာ ခဏပါ

အဲဒီပြိတ္တာနှစ်ဦးက ကိုရင်ကို ဘာအမှာစကား ပြောလိုက် တုန်းဆိုတော့ **"ဣတ္တရံဟိ ဓနံ ဓည်၊ ဣတ္တရံ ဣဓ ဇီဝိတံ"** ဣတ္တရဆိုတာ သိပ်တိုပါတယ်။ ဆိုလိုတာက "ကိုယ်ပိုင်ဆိုင်တဲ့

မနက်ကြေးငွေ၊ စားစရာသောက်စရာ စပါး ဆန်ရေစတွေဆိုတာ အချိန်တိုလေးအတွင်းမှာပဲ ရှိပါတယ်။ တစ်သက်ထာဝရ စားရမယ့်အရာ မဟုတ်ပါဘူး” မှန်တယ်နော်။ ပိုင်ဆိုင်တဲ့ ဥစ္စာဆိုတာ အချိန်တိုလေးပဲ။ ရန်ကုန်မြို့ကြီး ကြည့်လေ။ အရင်ပိုင်ခဲ့တဲ့ လူတွေ ရှိသေးလား? မရှိဘူး။ ပိုင်ရှင်တွေ ပြောင်းနေကြတာ။ တချို့က ကိုယ်တစ်သက်လုံးပိုင်မှာ အောက်မေ့နေကြတယ်။ “ငါ့အိမ် ငါ့အိမ် ငါ့တိုက် ငါ့တိုက်”နဲ့။ ကိုယ့်ရှေ့က ပိုင်သွားတာတွေ အများကြီးပဲလေ။

ရန်ကုန်မှာ နေသွားတဲ့ ဆာဘိုးသာတို့ ဆာမောင်ကြီးတို့ ဒီလို ဆာဘွဲ့ရသူဌေးကြီးတွေ ပိုင်သွားတာ အများကြီး ရှိတာပဲ။ အဲဒီတော့ ဘယ်အရာပဲဖြစ်ဖြစ် ပိုင်တယ်ဆိုတာ ခဏလေးပဲ။ အချိန်တိုလေးပဲပိုင်တာ။ ဒီကြားထဲမှာပဲ လွှဲပြောင်းလိုက်ရတာတွေလည်း အများကြီးပဲလေ။ ခဏလေးပဲ ပိုင်တာ။ ဒါကြောင့် သူတို့ကပြောတယ်။ “**ဣတ္တရံဟိ ဓနံ ဓညံ**” နေဆိုတဲ့ ငွေကြေးတွေက အချိန်တိုလေးအတွင်းပါ၊ ဓညဆိုတဲ့ စားစရာသောက်စရာတွေကလည်းအချိန်တိုလေးအတွင်းပါတဲ့။ “**ဣတ္တရံ ဣဓ ဇီဝိတံ**” လူ့ဘဝ သက်တမ်းလေးကလည်း အင်မတန်တိုပါတယ်တဲ့။

တစ်ရာဟိုဖက် ရောက်တဲ့လူ အင်မတန်မှ ရှားတယ်။ ခြောက်ဆယ်၊ ခုနစ်ဆယ်၊ ရှစ်ဆယ်ဆို သေကုန်ကြပြီ၊ မရှိကြတော့ဘူး။ အကုန်ထားခဲ့ပြီး သွားကြရတာ။ သတိမထားမိလို့ပါ၊ နေ့တိုင်းသွားနေကြတာ။ သူများသာသွားတာ ငါမသွားသေး

ဘူးလို့ပဲ ထင်နေတာ။ လူတွေက ကမ္ဘာ့ဌာန်းပွားတာတောင်မှပဲ **"သူသေငါပို့၊ ငါပို့သူသေ"**တဲ့။ ငါသေမဟုတ်ဘူး သေတဲ့ ဖက်မှာ သူများပဲထားတာ။ ကိုယ်မထားဘူး။ အဲဒီလို သေခြင်း တရားကို ကိုယ့်အတွက် ဘယ်တော့မှ မထားဘူး။

ဒီလို မေ့မေ့လျော့လျော့ နေတာတွေကို မမေ့ရအောင် သူတို့ကပြောတာ။ "ကိုယ်ပိုင်ဆိုင်မှုဆိုတာ ခဏလေးပဲ တိုတောင်းတယ်တဲ့။ အသက်ဆိုတာလည်း ခဏလေးပဲ" သေသေချာချာ အလေးအနက်ထား စဉ်းစားပြီး ကိုယ့်အတွက် အားကိုးရာဖြစ်မယ့်အရာကို လုပ်သင့်တယ်တဲ့။ ဟုတ်တယ်လေ၊ ဒီပိုက်ဆံကို အကြောင်းပြုပြီး ကုသိုလ်ရအောင် လုပ်ရမယ်။ အစားအစာကို အကြောင်းပြုပြီး ကုသိုလ်ရအောင် လုပ်ရမယ်။ အသက်ရှင်နေတဲ့ အတွင်းလေးမှာ ကုသိုလ်များများရအောင် လုပ်ရမယ်။ ဒါကြောင့် ကိုယ့်အတွက် အထောက်အကူဖြစ်မယ့် အရာကို များများလုပ်ပါ။ မလုပ်ဘဲနဲ့ တိုတောင်းတဲ့အရာတွေကိုပဲ တစ်သက်လို့ထင်ပြီး တစ်သံသရာလို့ထင်ပြီး နေမယ်ဆိုရင် သူတို့လို လွဲမှားလိမ့်မယ်တဲ့။ **"ဒီပံ ကယိရာထ အတ္တနော"** ကိုယ့်ရဲ့အားကိုးရာ ကုသိုလ်ကောင်းမှု ကြိုတင်ပြီး ပြင်ထားကြဖို့ မှာတယ်။

အဲဒီလိုသိပြီဆိုရင်**"ယေတေဓဝံ ပဇာနန္တိ နရာ ဓမ္မဿ ကောဝိဒါ"** ဓမ္မအရေးနဲ့ ပတ်သက်ပြီး လိမ္မာကျွမ်းကျင်လို့ ဒီအချက်ကို ကောင်းကောင်းမွန်မွန် နားလည်တဲ့ ပုဂ္ဂိုလ်တိုင်းဟာ တဲ့ **"တေ ဒါနေ န ပမဇ္ဇန္တိ"** ဒါနကောင်းမှု၌ ဘယ်တော့မှ

မမေ့ဘူးတဲ့။ ကိုယ်စားတဲ့အထဲက Share လုပ်ပြီး အများကို လှူဒါန်းဖို့ ဘယ်တော့မှမမေ့ဘူးတဲ့။ **"သုတ္တာ အရဟတံ ဝစော"** သူတော်ကောင်းတွေ၊ ဘုရား ရဟန္တာတွေရဲ့ ဆုံးမစကားကို နာခံမှတ်သားပြီး ဒါနကောင်းမှုကို မမေ့ဘူးတဲ့။ ဒါနဆိုတာ အဓိက ပဓာနတစ်ခုပဲပြောတာ။ သီလလည်း မမေ့ဘူး။ ဘာဝနာလည်း မမေ့ဘူး။ ကုသိုလ်ရေးနဲ့ ပတ်သက်ပြီး မမေ့ဘူးတဲ့။ ဒါတွေကို လုပ်သင့်တယ်လို့ နောင်တရလာတဲ့ ခုနက ပြိတ္တာကြီးနှစ်ကောင်က ကိုရင်ကို ပြောကြားရင်း အမှာစကား ပါးလိုက်တာဖြစ်တယ်။

ဒါကြောင့် တရားချစ်ခင်သူတော်စင်ပရိသတ်အပေါင်းတို့၊ **"ဒုဂ္ဂတိဘုံသားတို့ရဲ့ အမှာစကား"**ဟာ ကိုယ့်အတွက် ကြီးမားတဲ့ သင်ခန်းစာတွေ ဖြစ်ပါတယ်၊ ကိုယ်မှတ်သားရမယ့် အဓိက အချက်ကတော့ မှားယွင်းတဲ့၊ မလုပ်သင့်တဲ့ အကုသိုလ်တရားတွေ ရှောင်ကြဉ်ပြီး လုပ်သင့်တဲ့ ကုသိုလ်တရားတွေ ကြိုးစားအားထုတ်ပြီး စိတ်ဖြူစင်အောင်ထားဖို့က အရေးကြီးဆုံးဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ သဘောကျပြီး ဘုရားအဆူဆူဟောကြားတော်မူခဲ့တဲ့ အဆုံးအမအတိုင်း အကုသိုလ်ကိုရှောင်၊ ကုသိုလ်ကိုဆောင်၊ စိတ်ဖြူစင်အောင်ထားခြင်းဖြင့် မိမိဘဝ သင်ခန်းစာရအောင် ယူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

## ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
## အပိုင်း (၃)

သာသနာတော်နှစ် ၂၅၅၆- ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၄-ခုနှစ်၊ နယုန်လပြည့်ကျော် (၇)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၁-ခုနှစ်၊ ဇွန်လ(၁၁)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိ ဓမ္မဗိမာန်တော် အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်း အနား၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး မိဘဘိုးဘွား ဆွေမျိုးများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကိုကျော်သင်းဆေးဆိုင် အမတဒါန ဓမ္မဒါနအဖြစ် ဟောကြား အပ်သော **"ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား အပိုင်း(၃)"** အကြောင်း တရားဒေသနာတော်။

### ရခဲလှတဲ့ လူ့ဘဝ

ဘဝဆိုတာ အမျိုးမျိုး ကျင်လည်ကြရတာ။ အမျိုးမျိုး ကျင်လည်ရတဲ့ ဘဝတွေမှာ ကိုယ်လုပ်ခဲ့တဲ့ ကံပေါ်မှာပဲ မှီတည် ပြီး သတ္တဝါတွေ သုခ ဒုက္ခကို ခံစားကြရတာ ဖြစ်တယ်။ ကံ မကောင်း အကြောင်းမလှလို့ အကုသိုလ်ကံတွေ အကျိုးပေး အလှည့် ကြုံတဲ့အခါ ဒုဂ္ဂတိဘုံ ရောက်သွားပြီး ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံကြရတယ်။

ယေဘုယျအားဖြင့် ကြည့်မယ်ဆိုရင် လူ့ဘုံသည် ဘဝအားလုံးကိုသွားနိုင်တဲ့ Junction ကြီးတစ်ခုနဲ့ တူတယ်။ လူ့ဘုံမှာရောက်ရှိနေတဲ့အခိုက် ဘယ်ဘဝ သွားရမယ်ဆိုတာ ရွေးချယ်ဖို့အတွက် အနေအထားတွေအားလုံး ပြည့်စုံတယ်။ လူ့ဘုံကလုပ်ကိုင်ဆောင်ရွက် ကြံစည် ပြောဆိုကြတဲ့ အရာတွေအားလုံးကံအရာမြောက်ပြီး ဂတိငါးပါး Destination လို့ဆိုတဲ့ လမ်းကြောင်းကြီး ငါးသွယ်ကို အသီးသီး ရောက်ရှိသွားကြတယ်။ လူ့ဘုံလူ့ဘဝဟာ ထိုလမ်းကြောင်းကြီးငါးသွယ်ရဲ့ ဗဟိုအချက်အချာမှာ ရှိနေတယ်လို့ ပြောနိုင်တယ်။ ဒါကြောင့် ဘုန်းကြီးတို့တတွေဟာ အင်မတန်မှ အရေးကြီးတဲ့ဘဝ ရောက်နေကြပြီပေါ့။

"**မနုဿတ္တဘာဝေါ ဒုလ္လဘော**" ရခဲတဲ့ လူ့ဘဝကိုရနေကြတယ်။ ရခဲလှတဲ့လူ့ဘဝကို ရနေတဲ့လူတိုင်းဟာ ရရှိထားတဲ့ ဘဝတစ်ခုကို အကျိုးရှိအောင် အသုံးချသွားကြသလားလို့ဆိုတော့ အသုံးချမသွားကြဘူး။ ရရှိထားတဲ့ ဘဝတစ်ခုကို မှန်မှန်ကန်ကန် အသုံးမချတတ်ရင် အချိန်ဆိုတာ တစ်နေ့ ကုန်ဆုံးလာမှာ ဖြစ်တယ်။ မိမိလုပ်သမျှ ကံအရာမြောက်ပြီး အကြောင်းတရားတွေအဖြစ် အကျိုးပေးဖို့ အဆင်သင့်ဖြစ်လာမှာဖြစ်တယ်။

ဒါကြောင့် လူ့ဘဝရတဲ့ အခိုက်လေးမှာ အမှတ်တမဲ့မနေကြဘဲ "**သတိသမ္ပဇဉ**" ရှိကြရမယ်။ သတိသမ္ပဇဉ ဆိုတာသတိထားပြီး ဆင်ခြင်တုံတရားရှိခြင်းဖြစ်တယ်။ ဒါဟာ အရေးအကြီးဆုံးပဲ။ လောကမှာ မစဉ်းစားရင်ဘာမှမသိဘူး။ စဉ်းစားမှု

ဟာ အင်မတန်မှ အရေးပါတယ်။ စဉ်းစားနိုင်အောင် အရာရာကို သတိထားတတ်ဖို့ လိုတယ်။

ကိုယ်ရ,ထားတဲ့ ဘဝဟာ ထာဝရလား တစ်ခဏလား၊ အချိန်ကောင်းဆိုတာ ထာဝရလား တစ်ခဏလား။ ဘယ်အချိန်ထိအောင် ကိုယ်ဟာအသုံးကျနေတဲ့ပုဂ္ဂိုလ်ဖြစ်မလဲ။ ကျန်းမာရေးဆိုတာ ထာဝရလား တစ်ခဏလား ဆင်ခြင်စဉ်းစားကြည့်ရမယ်။ ကျန်းမာနေတဲ့အခိုက် ဘာတွေလုပ်ရမယ် ဆိုတာကိုလည်း ပြတ်ပြတ်သားသား ဆုံးဖြတ်တတ်ဖို့လိုတယ်။

အဲဒီလိုမှမဟုတ်ဘဲ စားကာ, အိပ်ကာ, ပျော်ကာ, ပါးကာ, ရှာကာ, ဖွေကာနဲ့ ဘဝတစ်ခု အဆုံးသတ်သွားရင် ကိုယ်ရ,ထားတဲ့ ဘဝရဲ့အကျိုးအမြတ်ကို ရလိုက်မှာမဟုတ်ဘူး။ အင်မတန်မှ တန်ဖိုးရှိလှတဲ့ ဒီလူ့ဘဝကြီးရဲ့ အခြားမဲ့ဘဝမှာ အင်မတန်မှ ကြောက်စရာကောင်းလောက်တဲ့ အနေအထားမျိုးကို ကြုံတွေ့နိုင်တယ်။ မှန်မှန်ကန်ကန် အသုံးမချတတ်ဘူးဆိုရင် ဤဘဝ၏ အခြားမဲ့ဆိုတာ အင်မတန်မှ ကပ်နေတယ်နော်။ မျက်စိလေး မှိတ်သွားတာနဲ့ တစ်ပြိုင်နက် အကြီးအကျယ် ပြောင်းလွဲသွားမှာ ဖြစ်တယ်။ အပြောင်းအလွဲ ဆိုတာ အကောင်းလည်း ရှိတယ်၊ အဆိုးလည်း ရှိတယ်။ ဒီဘဝ လုပ်ရပ်တွေပေါ်မှာ မူတည်ပြီး အပြောင်းအလွဲဆိုတာဖြစ်တယ်။ ဒါကြောင့် အခုလက်ရှိဘဝဟာ ဘဝတွေထဲမှာ အရေးအကြီးဆုံးပဲလို့ ဒီလိုနှလုံးသွင်းရမယ်။

လူ့ဘဝဆိုတာ "ကမ္မဘူမိ" ကံတရားတွေ ဆည်းပူးအားထုတ်တဲ့ နေရာဖြစ်တယ်။ အကုသိုလ်ကံ ဆိုလည်းပဲ

ကမ်းကုန်အောင် လူ့ဘဝမှာ ဖြစ်နိုင်တယ်။ ကုသိုလ်ကံဆိုလည်း ကမ်းကုန်အောင် ဖြစ်နိုင်တယ်။ ကုသိုလ်ကံ ကမ်းကုန်တယ်ဆိုတာ ရဟန္တာဖြစ်ရင် ကုသိုလ်ကံ ကမ်းကုန်တယ်လို့ ပြောရမယ်။ အရဟတ္တမဂ် ကုသိုလ်ဆိုတာ အမြင့်ဆုံးကုသိုလ်ပဲ။ အဲဒီကုသိုလ်ထိအောင်ရနိုင်တဲ့ ဘုံဘဝဖြစ်တယ်။

**"အယံ ကမ္မဘူမိ"** တဲ့၊ လူ့ဘဝသာလျှင် တကယ့်ကို အကောင်းအဆိုး အကြောင်းအကျိုး အားလုံးဆောင်ရွက်လို့ရတဲ့ ဘုံဘဝမျိုးဖြစ်တယ်။ တန်ဖိုးရှိတယ်။ ဒါပေမယ့် လူတိုင်းအတွက် တန်ဖိုးရှိချင်မှရှိမယ်။ အသုံးချတတ်တဲ့ ပုဂ္ဂိုလ်တွေအတွက် တန်ဖိုးရှိတယ်လို့ ဒီလိုဆိုလိုတာ။ လူဖြစ်ကျိုးမနပ်တဲ့ ပုဂ္ဂိုလ်တွေ အများကြီးရှိတာပဲ။ ဒါကြောင့် လူ့ဘဝရတဲ့ အခိုက်လေးမှာ သတိသမ္ပဇညထားပြီး လုပ်သင့်လုပ်ထိုက်တာတွေ ရွေးချယ်ပြီး လုပ်ဖို့၊ မလုပ်သင့် မလုပ်ထိုက်တာတွေ ရွေးချယ်ပြီး ရှောင်ဖို့ ဆိုတာ အရေးအကြီးဆုံးပေါ့။

## လူ့ဘဝထဲမှာ ရွေးချယ်စရာ

ဘဝတစ်ခုရလာရင် ဘဝရပ်တည်ဖို့အတွက် အသက်မွေးဝမ်းကျောင်းဆိုတာ ရှိလာတယ်။ အသက်မွေးဝမ်းကျောင်းပြုတဲ့အခါ ပတ်ဝန်းကျင်ဟာ သိပ်အရေးကြီးသွားတယ်။ ဒါကြောင့် မြတ်စွာဘုရားက (၂၄)ပစ္စည်းထဲမှာ **"ဥပနိဿယ ပစ္စယော"** ဆိုတာ အင်မတန်မှ အားကြီးတဲ့ အမှီကြီးတစ်ခုပဲလို့ ပြောတာ။ **"ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော"**

ဒါကအင်မတန်မှ အရေးကြီးတယ်။ ဘဝတစ်ခု ရောက်လာတယ်ဆိုတာ တစ်ကိုယ်တည်းလာကြတာမဟုတ်ဘူး။ မိသားစု တစ်ခုထဲ ရောက်လာတာ။ အဲဒီအချိန်လေးမှာ မိမိရောက်လာတဲ့ မိသားစုရဲ့ စိတ်ဓာတ်တွေ၊ မိမိရောက်လာတဲ့ ပတ်ဝန်းကျင်တွေ၊ မိမိရောက်လာတဲ့ မိသားစုရဲ့ အနေအထားတွေအတိုင်း လူတွေဖြစ်သွားကြတာပဲ။ အများအားဖြင့် မိသားစုအတွေးအခေါ်၊ မိသားစု အလုပ်အကိုင်၊ မိသားစု အသက်မွေးဝမ်းကျောင်းအတိုင်း မှီတည်လုပ်ကိုင်ကြတာ။

လူသတ္တဝါတွေပဲလားဆိုတော့မဟုတ်ဘူး။ တခြားသတ္တဝါတွေ မှန်သမျှလည်း ဒီပုံစံပဲပေါ့။ ဥပမာ တောထဲက ရိုင်းစိုင်းတဲ့ ခြင်္သေ့တို့ ကျားတို့ အသိုင်းအဝိုင်းထဲ ရောက်သွားတယ်ဆိုရင် ဘာလုပ်မလဲ? သားကောင်တွေဖမ်းပြီး ကိုက်ဖြတ်စားသောက်တဲ့ အလုပ်ပဲ သူတို့လုပ်ကြတော့မှာ။ သူတို့ အသက်မွေးဝမ်းကျောင်းက ဒီအတိုင်းပဲ။ ကျွဲနွားတွေရဲ့ အသိုင်းအဝိုင်းထဲ ရောက်သွားလို့ ရှိရင်တော့ မြက်စားပြီး ကျား ခြင်္သေ့တွေရဲ့ ကိုက်စားမှု အန္တရာယ်ကနေ မလွတ်နိုင်တဲ့ သနားစရာ သတ္တဝါတွေ ဖြစ်ကုန်ကြပြန်တာပေါ့။

အဲဒီတော့ အသိုင်းအဝိုင်းကို ရှောင်ကွင်းဖို့ဆိုတာ အင်မတန်မှခဲယဉ်းတယ်။ လူ့ဘဝရောက်လာတဲ့အခါ ရှောင်လို့ရတာတွေ အများကြီးရှိတယ်။ မကောင်းတဲ့ အသက်မွေးမှုနဲ့ အသက်မွေးတဲ့ မိသားစုထဲ ရောက်လာဦးတော့ ကိုယ် အရွယ်ရောက်လာတဲ့အခါ ကိုယ်ပိုင်ရွေးချယ်ခွင့်တွေ ရှိတယ်။ တခြား

သတ္တဝါတွေမှာတော့ ရွေးချယ်နိုင်စွမ်းမရှိဘူးပေါ့။ ဒါကြောင့် လူ့ဘဝ ကိုယ်ပိုင်အသိဉာဏ်လေးနဲ့ ဆင်ခြင်စဉ်းစားပြီး လုပ်ကြရမှာပေါ့။

## မုဆိုးလုပ်ငန်း ပြဿနာဆန်း

ဒီနေ့ ဒုဂ္ဂတိဘုံရောက်သွားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ ဇာတ်လမ်းလေးတစ်ခုကို ဘဝသင်ခန်းစာ ယူကြမယ်။ "သူဟာ လူသားတစ်ဦးပဲပေါ့။ လူသားတစ်ဦးအနေနဲ့ ဘဝ ရပ်တည်မှုအတွက် သူ ဘာလုပ်ကိုင် စားသောက်လဲလို့ဆိုတော့ မုဆိုးလုပ်ငန်း လုပ်တယ်။ မုဆိုးအလုပ်ကို သူဘယ်တော့မှ နောင်တမရဘူး" မုဆိုးအလုပ်ကို စဉ်းစားကြည့်၊ လက်နက်ကိုင်ပြီး သတ္တဝါတွေကို ရက်ရက်စက်စက် သတ်ဖြတ်တဲ့ လုပ်ငန်းတစ်ခုပဲပေါ့။ သတ္တဝါတစ်ကောင် တွေ့လိုက်တာနဲ့ တစ်ပြိုင်နက် အမိအရဖမ်းပြီး သတ်ဖြတ်ချင်တဲ့ ဒေါသစိတ်တွေ လွှမ်းမိုးနေတဲ့ အနေအထားမျိုးပေါ့။ လူသားဖြစ်ပါလျက် ကျားတစ်ကောင်ရဲ့ စိတ်ဓာတ်မျိုးတွေ သူ့စိတ်ထဲမှာ ကိန်းဝပ်နေတယ်လို့ ပြောရမှာပဲ။ တောလိုက် မုဆိုးတစ်ယောက်ဟာ သတ္တဝါမြင်ရင် သတ်ဖို့ပဲ ကြိုးစားတယ်။ ဒါပေမယ့် သတ်လို့ရတာရှိတယ်၊ သတ်လို့မရတာရှိတယ်။ သတ်ဖို့ ကြိုးစားတယ် ဆိုကတည်းက သူ့ရဲ့စိတ်ထဲမှာ အကုသိုလ်တွေ လွှမ်းမိုးနေတာ။ အကုသိုလ်စိတ်တွေ ဖြစ်နေပြီပေါ့။

**ပါဏာတိပါတ ကံအကျိုး၊ ငါးချက်စုံက အဖြစ်ဆိုး**

သတ်မှုဖြတ်မှု ဆိုတဲ့နေရာမှာ သတ္တဝါတစ်ကောင်ကို တွေ့ပြီး (၁) သတ္တဝါလို့လည်း အမှတ်ရှိတယ်၊ မေတ္တာတရား ကရုဏာတရားဆိုတာ လုံးဝမကပ်လာဘူး၊ (၂) သတ္တဝါအစစ် လည်း ဖြစ်တယ်၊ (၃) သေစေလိုတဲ့ စိတ် စေတနာတွေလည်း သူ့မှာရှိတယ်၊ (၄) သေအောင် ဖမ်းမိအောင် ကြိုးစားအားထုတ်မှု တွေလည်း သူ့မှာရှိတယ်၊ (၅) တကယ်လည်း အဲဒီသတ္တဝါ သေသွားတယ်။ ဒီ အင်္ဂါငါးချက် ပြည့်ပြည့်စုံစုံဖြစ်ရင် ပါဏာတိပါတ စေတနာဟာ ကံအရာ မြောက်သွားပြီ။ သူ့ရဲ့ စိတ်အစဉ်ထဲမှာ Accumulation ဖြစ်သွားတယ်။ ဒါ ပါဏာတိပါတကံ ဖြစ်သွားပြီလို့ ဒီလိုဆိုတာနော်။

အကယ်၍ သတ္တဝါက မသေဘူး၊ မိမိရဲ့ ကြိုးပမ်း အားထုတ်မှု မအောင်မြင်ဘူးဆိုတဲ့ အခါမှာလည်းပဲ သူ့မှာ ဒေါသစိတ်တွေနဲ့ လွှမ်းမိုးနေတဲ့ စိတ်အစဉ်တွေ ဖြစ်ခဲ့တယ်။ ဒီစိတ်အစဉ်တွေနဲ့ပဲ သူ့မှာ ကုသိုလ်စိတ်ဆိုတာဖြစ်ဖို့ အင်မတန် ခဲယဉ်းတယ်။ ဒါကြောင့် ဒေါသစိတ်တွေ လွှမ်းမိုးပြီး သူများ အသက်ကို သတ်ဖြတ်စားရတဲ့ဘဝရဲ့ နောင်ရေးဟာ ဘယ်မှာ စိတ်အေးစရာရှိမလဲ။ မကောင်းတဲ့ဘဝပဲ ရောက်သွားမှာ ဖြစ်တယ်။

ကံကြမ္မာဆိုတဲ့သဘောက ကိုယ်လုပ်သမျှတွေဟာ ကိုယ့် အပေါ် ပြန်ပြီးထင်ဟပ်တတ်တဲ့ သဘောရှိတယ်။ Echo လိုပဲ တုန့်ပြန်မှုက တူညီတယ်လို့ ပြောတာနော်။ ကိုယ်က သတ်ဖြတ်

သည့်အတွက် ကိုယ့်အတွက် ရရှိလာတဲ့ရလာဒ်ဟာ ကိုယ်ကိုယ်တိုင် အသတ်ခံရတာမျိုး ဖြစ်တတ်တယ်။ ဒါက The law of nature ပဲ။ သဘာဝတရားကြီးရဲ့ မရှောင်လွှဲနိုင်တဲ့ နိယာမကြီးတစ်ခုလို့ ဒီလိုပြောတာ။

အဲဒီတော့ ပါဏာတိပါတ ကျူးလွန်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာ လွှမ်းမိုးနေတဲ့ စိတ်ဟာ ဒေါသမူလစိတ် (ဒေါသ အခြေခံနေတဲ့စိတ်) ဖြစ်တယ်။ လှုပ်ရှားမှုတွေကလည်း အဲဒီစိတ်နဲ့ လှုပ်ရှားနေတာ။ မိမိသတ်လိုတဲ့ သတ္တဝါနောက် လိုက်တယ်၊ ပြေးတယ်၊ သွားတယ်၊ လှုပ်ရှားတယ်၊ တွေးတော ကြံစည်တယ်၊ အားလုံးဟာ ဒေါသမူလစိတ်ပဲ။ ဒေါသရဲ့ စေခိုင်း လွှမ်းမိုးထားမှုအောက်မှာ ရှိနေတယ်။ ရှိနေသည့်အတွက် လှုပ်ရှားသမျှတွေဟာ ခိုင်မာနေလို့ ဒီဒေါသလေးက ကျန်တဲ့လှုပ်ရှားမှုတွေအားလုံးကို ဟေတုသတ္တိနဲ့ ကျေးဇူးပြုနေတယ်။ ဒါကြောင့် သူလုပ်သမျှ လုပ်ငန်းတွေဟာ ဒီဒေါသနဲ့ ဆက်နွယ်နေတဲ့ အလုပ်တွေ ဖြစ်တယ်။

ဒေါသအကြောင်းခံရင် အပြစ်ကင်းတဲ့အလုပ် တစ်ခုမှ မရှိဘူး။ တွေးတာလည်း အပြစ်မကင်းဘူး။ ပြောတာလည်း မပြစ်မကင်းဘူး။ လုပ်တာလည်း အပြစ်မကင်းဘူး။ ကာယကံ၊ ဝစီကံ၊ မနောကံတွေအားလုံး အပြစ်လွှမ်းမိုးနေတော့ ကာယကံတွေလည်း ကံအရာမြောက်နေတယ်၊ ဝစီကံတွေလည်း ကံအရာမြောက်နေတယ်၊ မနောကံတွေလည်း ကံအရာမြောက်နေတယ်။ နောက်ဆုံး ပါဏာတိပါတဆိုတဲ့ ကံဟာ စေတနာစွမ်းအားနဲ့

အောင်မြင်သွားပြီဆိုရင် ကမ္မပထ ဆိုတဲ့ လမ်းကြောင်းထဲ ရောက်သွားပြီ။ အောင်မြင်တဲ့ မျိုးစေ့လိုပဲ ဖြစ်သွားတယ်။ အောင်မြင်တဲ့မျိုးစေ့ဆိုတာ တစ်ချိန်ချိန်မှာ အပင်တစ်ခုကို ထုတ်လုပ်နိုင်တယ်။

အဲဒီလိုလူတွေရဲ့ စိတ်အစဉ်ထဲမှာ ကံကြမ္မာမျိုးစေ့တွေ၊ ကမ္မသတ္တိတွေ ရောက်ရှိလာတဲ့အခါ အကြောင်းအကျိုး ညီညွတ်တဲ့ အချိန်တိုင်း ဒီကမ္မသတ္တိတွေဟာ အကျိုးတွေကို ထုတ်လုပ်တယ်။ အဲဒီ ကမ္မသတ္တိတွေထဲမှာ တချို့ ကမ္မသတ္တိက ဒီဘဝမှာပဲ အကျိုးပေးမယ်။ တချို့ ကမ္မသတ္တိက ဒီဘဝရဲ့ အခြားမဲ့နောင်ဘဝမှာအကျိုးကိုထုတ်လုပ်မယ်။ တချို့ ကမ္မသတ္တိ ကတော့ တတိယ ဘဝကနေစပြီး သံသရာထဲမှာ ရှိနေသမျှ အခွင့်စောင့်ပြီး အကျိုးထုတ်တဲ့ကံမျိုးဖြစ်တယ်။ နိဗ္ဗာန် မရမချင်း ပြေးမလွတ်တော့ဘူး။ Accumulation ဖြစ်ပြီး အမြဲတမ်း positive ဖြစ်နေမှာပဲ။ ဒီကံကို ဘယ်တော့မှ negative ပြောင်းပစ်လို့ မရဘူး။ သံသရာရှိနေသမျှ သူက လိုက်နေဦးမှာပဲ။ ရဟန္တာ ဖြစ်သွားလို့ ဒီဘဝမှာ နောက်ဆုံး positive ဖြစ်တာမျိုးတော့ ရှိတယ်။ ပဋိသန္ဓေကျိုး မပေးတောင်မှဘဲ ပဝတ္တိကျိုးအနေနဲ့ ဒုက္ခပေးဖို့ အဆင်သင့်ပဲ။

ရှင်မဟာမောဂ္ဂလာန်ကိုပဲ ကြည့်လေ၊ အတိတ်ဘဝက လုပ်ခဲ့တဲ့ ကံတွေဟာ လိုက်လာတယ်။ ရဟန္တာ ဖြစ်သွားလို့ ကံအသစ်တွေ သူ့သန္တာန်မှာ မဖြစ်တော့ပေမယ့် condition ဆိုတဲ့ အခါအခွင့် သင့်လာရင် ကံဟောင်းတွေက အကျိုးတွေ

ထုတ်လုပ်တယ်။ ကံဟောင်းတွေက ချောင်းနေတာ။ ရှင်မဟာမောဂ္ဂလာန်က သံဃာတွေထဲမှာ သီတင်းမသုံးဘူး။ ဝေဠုဝန်ကျောင်းတော်ကြီးထဲမှာ သံဃာတွေနဲ့နေမယ်ဆိုရင် ဒီအဖြစ်ဆိုးမျိုးကြုံမှာမဟုတ်ဘူး။ သူ အဖြစ်ဆိုး ကြုံတဲ့အချိန်မှာ **"ကာဠသိလာ"** ဆိုတဲ့ တောင်ပေါ်မှာ တစ်ပါးထဲ **"ဧကစာရီ"** သွားနေတာကို။ ဧကစာရီ သွားနေတယ်ဆိုတော့ လုပ်ကြံသတ်ဖြတ်ဖို့လွယ်သွားတာပေ့ါ။ သံဃာတွေထဲမှာနေရင် ဒီအဖြစ်ဆိုး ကြုံချင်မှကြုံမယ်။

သို့သော် ကံကြမ္မာ ဖန်လာတယ်လို့ပဲ ပြောရမယ်။ ဒီကံက တစ်ပါးတည်းနေသည့်အတွက် အခွင့်ရတယ်။ အခွင့်ရလာပြီဆိုရင်တော့ ရှောင်လို့မရတော့တဲ့ အနေအထားတစ်ခု ဖြစ်တယ်။ ခန္ဓာရှိသည့်အတွက် ပဝတ္တိအကျိုးကို ပေးနိုင်တယ်လို့ ဆိုလိုတာ။ သို့သော် အရဟတ္တမဂ်ကုသိုလ်က ကိလေသာတွေအားလုံး ချေမှုန်းပစ်လိုက်သည့်အတွက် ကံမျိုးစေ့တွေဟာ နောင်ဘဝထိအောင် ဆက်ပြီး အကျိုးမပေးတော့ဘူး။ ဘဝဆိုတာ မရှိတော့သည့် အတွက် နောင်ဘဝကို လိုက်နိုင်တဲ့ကံမရှိတော့ဘူး။

## ကောင်းဆိုးနှစ်တန် ကြုံရပြန်

အခု ဒီအမျိုးသားက လူ့ဘဝရလာတဲ့အခါ မုဆိုးလုပ်ငန်းနဲ့ အသက်မွေးတယ်။ သတ္တဝါတွေကို သွေးရဲရဲ သံရဲရဲ သတ်ဖြတ်ရုံတင် မကဘူး၊ အသားပေါ်ပြီး ရောင်းချ စားသောက်တယ်။ ကိုယ်တိုင်လည်း စားတယ်။ ဒါ သူလုပ်နေကျ အလုပ်

တစ်ခုဖြစ်တယ်။ တောထဲမှာတိရစ္ဆာန်တွေ လိုက်လံသတ်ဖြတ်ပြီး အသားပေါ်ပြီး ရွာပြန်လာတယ်။ သူက ဗာရာဏသီအနီးမှာရှိတဲ့ "စုန္ဒငှိလ"ရွာကဖြစ်တယ်။ အဲဒီရွာမှာ မုဆိုးအလုပ်နဲ့ အသက်မွေးဝမ်းကြောင်း လုပ်တယ်။ အသားရလို့ ပြန်လာတဲ့အခါ ရွာက ကလေးတွေက သူ့ဆီက အသားဝေစု ယူကြတယ်။

တစ်ရက်တော့ အသားမရလို့ သူက ဘာတွေလုပ်တုန်းဆို တောထဲမှာ ပွင့်နေတဲ့ ငုဝါပန်းတွေကို ချိုးယူလာခဲ့တယ်။ တစ်ချို့ကို သူ့ခေါင်းမှာပန်၊ တစ်ချို့ ပန်းခက်ကြီးတွေကို ကလေးတွေ တောင်းတဲ့အခါ အသားကို မပေးနိုင်လို့ ငုဝါပန်းတွေကို ပေးခဲ့တယ်။ အဲဒီတော့ ငုဝါပန်းပေးတာနဲ့ အသားပေးတာချင်း မတူဘူး။ ကလေးတွေကို ပျော်ရွှင်စေချင်တဲ့စိတ်နဲ့ ပေးခဲ့တာဖြစ်တယ်။

မုဆိုးအလုပ်နဲ့ တစ်သက်လုံး မကောင်းမှု အကုသိုလ်တွေလုပ်ပြီး အသက်မွေးတော့ နောက်ဘဝ သူ အပါယ်ငရဲ ရောက်သွားတယ်။ အပါယ်ငရဲက လွတ်လာတော့ အဆစ်ခံရတဲ့သဘောနဲ့ ပြိတ္တာဘုံရောက်တယ်။ ကံကြွင်းမှာကလည်းပဲ အဆစ်ရတယ်။ မကောင်းမှု အကုသိုလ်ဆိုတာ အရှိန်လျော့သွားလည်းပဲ ဒုက္ခပေးနိုင်တဲ့ အနေအထားတစ်ခုက ဆက်ပြီးဒုက္ခပေးတဲ့သဘောပေါ့။ ပြိတ္တာဘုံရောက်တဲ့အခါ ကုသိုလ်ကောင်းမှုတွေ မလုပ်ခဲ့တဲ့ပုဂ္ဂိုလ်ဖြစ်လို့ ဘာမှ စားစရာ သောက်စရာလည်း မရှိဘူး။ အမြဲတမ်း ဆာလောင်နေတယ်၊ ရှာဖွေလို့လည်း မရဘူး။

သို့သော် ကလေးတွေကို ပန်းပွင့်ပေးခဲ့တဲ့ ကုသိုလ်ကံ ကြောင့် ခေါင်းမှာတော့ ပန်းပန်လျက်ပဲ။ ငုပန်းတွေ ပန်ထား တာ။ ကုသိုလ်ကံက ပေးထားတာကိုတော့ သူရတယ်ပေါ့နော်။ ကံဆိုတာအလွန်ဆန်းတယ်။ ငုပန်းလေးခေါင်းပေါ်မှာ ပန်ထား ပြီး အဝတ်မပါ ဗလာကိုယ်တီး ရုပ်ကလည်း အင်မတန်မှ ဆိုးတယ်ပေါ့။ ဘာဖြစ်လို့ အရုပ်ဆိုးတုန်းဆိုရင် သတ္တဝါတွေ ကို လိုက်သတ်နေတဲ့အချိန်မှာ သူ့မျက်နှာဟာ ဒေါသဖြစ်နေတဲ့ မျက်နှာဆိုတာ ဘယ်တော့မှလှတာမရှိဘူး။ ဒါကြောင့် အင်မတန် ရုပ်ဆိုးပြီး ကြောက်မက်ဖွယ် မျက်နှာနဲ့ပေါ့။ သို့သော် ခေါင်းမှာ တော့ ငုပန်းခိုင်ကြီးကို ပန်လျက်ပဲ။

## ကမ္ဗဇိဒ္ဓိ ထူးဆန်းဘိ

တစ်နေ့တော့သူက ဂင်္ဂါမြစ်ကြောပေါ်မှာ မြစ်ရေကြောင်း အတိုင်း သူ့ရဲ့ "ကမ္ဗဇိဒ္ဓိ" တန်ခိုးနဲ့ လမ်းလျှောက်လာတယ်။ ကမ္ဗဇိဒ္ဓိဆိုတာက သတ္တဝါတွေဟာ ကံပေးတဲ့ အစွမ်းတန်ခိုးပဲ။ ဆိုပါစို့- လူတွေဟာ ကိုယ့်ခြေကိုယ့်လက်နဲ့ ကောင်းကင်ကို ပျံမတက်နိုင်ပေမယ့် ငှက်တွေကတော့ တောင်ပံအားနဲ့ ကောင်းကင်ကိုပျံနိုင်ကြတယ်။ ဒါဘာလဲဆိုရင် ကမ္ဗဇိဒ္ဓိလို့ခေါ်တဲ့ အစွမ်းတန်ခိုးလို့ ဒီလိုပြောရတာနော်။ ဒါဖြင့် လူတွေက တန်ခိုး မရှိဘူးလားဆိုတော့ ရှိတယ်။ လူမြင်ရင် ဘယ်တိရစ္ဆာန်ပဲဖြစ်ဖြစ် ကြောက်ကြတယ်။ ဆင်ကြီးတွေကစပြီး လူမြင်လို့ရှိရင် ဒေါသ မုန်တိုင်း ထန်နေချိန်မှသာ သူတို့ လူသတ်တာ။ နို့မို့ဆိုရင် လူကို

အင်မတန်မှကြောက်ကြတယ်။ ဒါက လူရဲ့ အစွမ်းသတ္တိတန်ခိုးပဲ။ သတ္တဝါတိုင်းမှာ အစွမ်းသတ္တိဆိုတာ ကိုယ်စီရှိကြတယ်။ မြွေတွေမှာလည်း မြွေတွေရဲ့ အစွမ်းသတ္တိရှိတယ်။ တစ်ခြားတိရစ္ဆာန်တွေမှာလည်း ကံကပေးတဲ့ စွမ်းရည်သတ္တိလေးတွေ ရှိကြတယ်။

ဒီပြိတ္တာမှာလည်းပဲ ကံကြမ္မာကပေးထားတဲ့ အစွမ်းသတ္တိကြောင့် ရေမျက်နှာပြင်ပေါ်မှာ လမ်းလျှောက်ပြီး လာလို့ရတာဖြစ်တယ်။ သာမန်လူသားတစ်ယောက်ဆိုရင် ရေမျက်နှာပြင်ပေါ် ဘယ်လမ်းလျှောက်နိုင်မလဲ။ အဲဒီအချိန်မှာ ဗိမ္ဗိသာရမင်းကြီးရဲ့ အမတ်စစ်သူကြီး ကောလိယက တိုင်းပြည်မှာ မငြိမ်မသက် ဖြစ်နေတဲ့အချိန် သူပုန်တွေကို နှိမ်နင်းပြီး ရာဇဂြိုဟ်ကိုအပြန် သူဦးဆောင်တဲ့ တပ်တွေကို ကုန်းကြောင်းက လွှတ်လိုက်ပြီး သူက အခြံအရံနှင့်တကွ အေးအေးဆေးဆေး မြစ်ကြောင်းက စုန်ဆင်းပြီး လာခဲ့တယ်။ ညအခါမှာ အဲဒီ ထူးဆန်းတဲ့ပြိတ္တာနဲ့ သွားတွေ့တယ်။

## သာဓုခေါ်က ချက်ချင်းကျိုးရ

ရေပြင်ပေါ်မှာ လမ်းလျှောက်လာပြီးတော့ ခေါင်းမှာ ငုပန်ကြီးပန်လို့ ကြောက်စရာ ရုပ်အသွင် အဝတ်မပါ ဗလာကိုယ်တီးနဲ့ ထူးဆန်းတဲ့ သတ္တဝါကြီးကို မြင်တယ်။ အဲဒီ ထူးဆန်းတဲ့ သတ္တဝါကြီး သူ့လှေနားကို ချဉ်းကပ်တဲ့အခါ သူက မေးတယ်။ "ဘယ်ကိုသွားမလို့ လာတာလဲ"

မေးကြည့်လိုက်တဲ့အခါ သူဟာ "မစားရတာ ကြာပြီ။ ဝတ်စရာလည်း မရှိဘူး။ နေစရာလည်း မရှိဘူး။ အစာအာဟာရ အတွက် အင်မတန်မှ ဒုက္ခရောက်တယ်။ အမြဲတမ်း ဆာလောင် မွတ်သိပ်ပြီးနေတယ်။ ဒီဒုက္ခကြီးကို မခံစားနိုင်ဘူး။ အားကိုးရာ လိုက်ရှာလိုက်တဲ့အခါ သူ့ရဲ့ လူ့ဘဝတုန်းက မိသားစုကို အားကိုးလို့ ရလို့ရငြား မိသားစုရဲ့ မူလရွာ စုန္ဒ္ဒ္ဓိလ ရွာလေးကို သွားမလို့ပါ။ သူတို့ဆီကနေ အကူအညီတောင်းပြီး စားစရာများ ရလိုရငြား အဲဒီကို သွားချင်လို့ပါ" လို့ သူကပြောပြတယ်။

ကောလိယ ဆိုတဲ့ အမတ်ကြီးကလည်း မြတ်စွာဘုရားဆီက တရားမေ့တွေ နာနေတဲ့ ပုဂ္ဂိုလ်ထင်တယ်။ ဗိမ္ဗိသာရမင်းရဲ့ အမတ်ကြီးဆိုတော့ ဘုရားတရားနဲ့ သိပ်မဝေးဘူး။ ဒါကြောင့် ဒီပြိတ္တာကြီးကို သူ ကူညီချင်တယ်။ အဝတ်မရှိတော့ အဝတ် ပေးချင်တယ်။ စားစရာမရှိတာ စားစရာတွေ ကျွေးချင်တယ်။ လက်နဲ့ပေးလို့တော့ သူ တစ်ခုမှရမှာမဟုတ်ဘူး။ ဒီလိုဘဝခြား နေတဲ့ သတ္တဝါတစ်ဦးကို ကူညီချင်တယ်ဆိုရင် သူ့အတွက် ရည်စူးတဲ့ ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတန်း ပေးဝေခြင်း သာလျှင် မှန်ကန်တဲ့ နည်းလမ်းဖြစ်တယ်။ ဒီလိုအသိဟာ လူတိုင်း မရှိဘူး။ တစ်ခြား ဘာသာတွေမှာလည်း ဒီလိုမျိုးမရှိဘူး။ ကုသိုလ်ကောင်းမှုလုပ်ပြီး ရည်စူးအမျှအတန်းဝေရင် ရနိုင်တယ် ဆိုတာ မသိသည့်အတွက် လူတွေဟာ ရမ်းမှန်းပြီး လုပ်ကြတာ။

ဒီအမတ်ကြီးကတော့ သဘောပေါက်လို့ သူ့အခြံအရံ ပရိသတ်ထဲမယ် ဘုရားဂရား လေးစားတဲ့ ဆေတ္တာသည်ကို

သူ့မှာပါလာတဲ့ အစားအစာတွေ ကျွေးတယ်။ အဝတ်တွေ ပေးတယ်။ ပြီးတော့ အဲဒီ ပြိတ္တာကို အမျှဝေလိုက်တယ်။ သူက လည်းပဲ သူ့အတွက် လုပ်ပေးတယ်ဆိုတော့ ဝမ်းသာပြီး သာဓု ခေါ်လိုက်တာနဲ့ တစ်ပြိုင်နက် ချက်ချင်းကြီး သူ့မှာ အဝတ်တွေ ရသွားတယ်။ စားစရာလည်း ရသွားတယ်တဲ့။ ကုသိုလ်ကောင်းမှု ဆိုတာ အင်မတန်မှ အားကိုးရတယ်။

## ဒါနအကျိုး မြတ်နိုးစရာ

ဒါနကောင်းမှုဆိုတာ သာဓုခေါ်တဲ့ ပြိတ္တာတွေ ချက်ခြင်း အကျိုးရပြီး ကိုယ်တိုင်လှူဒါန်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ ဘာဖြစ်လို့ ချက်ခြင်းအကျိုးမရသလဲလို့ မေးကောင်း မေးကြလိမ့်မယ်။ ရေထဲမှာ မိုးရွာနေရင် သိပ်မထင်ရှားဘူးပေါ့။ ရှိနေတဲ့ပုဂ္ဂိုလ်တွေ အတွက် ဒါနကောင်းမှုက မထင်ရှားသလို ဖြစ်နေတယ်။ သို့သော်လည်း တကယ် စဉ်းစားကြည့်ရင် ဒါနကောင်းမှုတွေ လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ အစစအရာရာအဆင်ပြေနေတယ် ဆိုတာ တော့ သေချာတယ်။

ကုသိုလ်ကောင်းမှုလုပ်သူနဲ့မလုပ်သူ အင်မတန်မှကွာခြား တယ်။ အတိတ်ဘဝက အခြေအနေတော့ ရှိကောင်း ရှိနိုင်တယ် ပေါ့။ ကုသိုလ်လုပ်တဲ့ပုဂ္ဂိုလ်က အားလုံးအဆင်ပြေလာပြီးတော့ လာဘ်လာဘ ရှားပါးတယ်လို့ မရှိဘူး။ ဘုန်းကြီးတို့လည်း ငယ်စဉ်ကစပြီးတော့ ကိုယ့်ကိုယ်ကို သတိထားမိတာ။ ကိုရင် ဘဝကတည်းက ကိုယ်ရလာတဲ့ သက်န်းလေးတွေကို ကိုယ့်

မိတ်ဆွေ သူငယ်ချင်းတွေကို မျှဝေပေးခဲ့တယ်။ ရဟန်းခံတဲ့ အရွယ်ရောက်လို့ ရဟန်းခံတယ်ဆိုရင် ရဟန်းသစ်အနေနဲ့ သိမ်အဆင်းမှာ လောင်းလှူကြတာ။ အဲဒီတုန်းက လှူတဲ့သက်န်း တွေ၊ မျက်နှာသုတ်ပုဝါတွေ၊ ဆပ်ပြာခဲတွေကို ရဟန်းခံပွဲကို လာကြတဲ့ သူငယ်ချင်းတွေကို ခွဲပေးလှူလိုက်ရတာ အမှတ်တရ ပဲ။ အဲဒီလို လှူလိုက်သည့် အတွက်ကြောင့် သင်္ကန်းနဲ့ ပတ်သက် ပြီး ရှားပါးတယ်လို့ တစ်ခါမှ မကြုံခဲ့ဖူးဘူး။ အဆင်သင့် ကိုယ့်မှာ ရှိနေတာချည်းပဲ။ အဲဒီတုန်းက ဒီလို ဒါနရဲ့အကျိုးလို့ သိပ်ပြီးတော့ မသိပါဘူး။

နောက်တစ်ခါ ရဟန်းသုံးဝါရတော့ မန္တလေးသကျသီဟ စာသင်တန်းကိုအောင်တယ်။ အဲဒီလိုအောင်တဲ့အခါ စာသင် တန်း အောင်တဲ့ ပုဂ္ဂိုလ်ငါးပါးကို မဲချတော့ အကောင်းဆုံး ပဒေသာပင်ကို ပေါက်တယ်။ ပဒေသာပင်ထဲမှာ သင်္ကန်းအစုံ သုံးဆယ်ပါတယ်။ စားပွဲ၊ ကုလားထိုင်၊ ဘီရို၊ အိပ်ယာခင်း၊ အိပ်ယာ၊ ခုတင် အပြည့်အစုံ အားလုံး အဲဒီခေတ်က ငါးထောင် တန်ဆိုတာ အင်မတန်မှများတယ်လို့ ပြောကြတယ်။ ခုခေတ် ငါးသိန်းလောက် မကဘူး တန်ကြေးရှိတယ်ပေါ့။ အဲဒီတုန်းက ရလာတဲ့ သင်္ကန်းအစုံသုံးဆယ်ကို မှတ်မှတ်ရရ စစ်ကိုင်းကျောင်း ဝါဆိုသံဃာ အပါးသုံးဆယ်ကို ဝါဆိုသင်္ကန်းကပ်လှူလိုက်တယ်။ ဒီလို ကုသိုလ်ကောင်းမှုလုပ်လို့ ကိုယ့်မှာပြည့်စုံတယ် ဆိုတာကို နောက်ပိုင်းမှ သတိထားမိလာတယ်။ သို့သော် ရချင်လို့လှူတာ

မဟုတ်ဘူး။ လှူချင်လို့ လှူလိုက်တာပဲ။ ဒါက ကိုယ်တွေ့လေးကို ပြောပြတာ။

အဲဒီတော့ ဘယ်ပုဂ္ဂိုလ်ပဲဖြစ်ဖြစ် ဒါနကောင်းမှု လုပ်နေတဲ့ပုဂ္ဂိုလ်ဟာ လိုအပ်ချက်တွေကို ထပ်ပြီး ဖြည့်ဆည်းနေတယ်ဆိုတဲ့ အဓိပ္ပါယ်မျိုး ရတယ်။ အခုပြိတ္တာကြီးလို အင်မတန်မှ ဆင်းရဲဒုက္ခရောက်နေတဲ့အချိန်မှာ ပုညကိရိယာ ဝတ္ထုဆယ်ပါးထဲက ပတ္တာနုမောဒန၊ သူများပေးတဲ့ ကုသိုလ်လေးကို သာဓုခေါ်လိုက်တာနဲ့ ကိုယ့်မှာ ပြီးပြည့်စုံသွားတယ်ဆိုတာ လွန်လွန်းတာလို့တော့ မဆိုနိုင်ဘူး။ ကုသိုလ်တရားရဲ့အကျိုးဟာ ချက်ခြင်း ခံစားရတယ်လို့ ဒီလိုဆိုတာ။

## သာဓုခေါ်မှု အကျိုးပြု

ဒါဖြင့် ခုခေတ်လူတွေ ခဏခဏ သာဓုခေါ်နေကြတာ ဘာလို့မရတာတုန်းလို့ မေးကောင်း မေးလိမ့်မယ်။ ခုနကလိုပဲ ရေထဲ မိုးရွာနေတာပဲလေ။ ဆိုပါစို့- ရှိနေတဲ့လူတွေကို ထမင်းတစ်နပ် ခေါ်ကျွေးတော့ သူ့မှာစားရလည်း သိပ်ပြီးမထူးခြားဘူး။ မစားရလည်း သိပ်ပြီး မထူးခြားဘူး။ ဘာဖြစ်လို့တုန်း ဆိုတော့ ပြည့်စုံနေတာကိုး။ မပြည့်စုံတဲ့ လူတွေကျတော့ အင်မတန်မှ ကွာခြားသွားတယ်။ အခု မပြည့်စုံတဲ့ ပြိတ္တာမှာ ချက်ခြင်းကြီး ရသွားတယ်။

ပြိတ္တာဘုံရောက်နေတဲ့ ပုဂ္ဂိုလ်တွေအဖို့တော့ "အကျွတ်အလွတ်ပွဲ"တွေလုပ်ပြီး အမျှအတန်း ပေးဝေတာ အင်မတန်မှ

ကောင်းတဲ့ လုပ်ငန်းတစ်ခုပဲ။ သူတို့အတွက် ချက်ခြင်းအကျိုး ရှိတယ်။ အဲဒီတော့ လူသားတစ်ယောက် ဒီလိုသာဓုခေါ်ရုံနဲ့ ကောင်းကျိုးချမ်းသာတွေရတာ မရှိဘူးလားဆိုတော့ ငါးရာ့ ငါးဆယ်ဇာတ်ထဲမှာ သခ်ဇာတ်ဆိုတာရှိတယ်။ ဘုရားအလောင်း သခ်ပုဏ္ဏားကြီးက ကုသိုလ်ကောင်းမှုလုပ်တယ်။ တစ်နေ့ ပင်လယ်ခရီးထွက်တဲ့အခါ သင်္ဘောပျက်လို့ သူ့နောက်က ပါလာတဲ့ တပည့်နဲ့ သူတို့နှစ်ယောက် ပျဉ်ချပ်တစ်ခုပေါ်မှာ မျောပါပြီး ခုနစ်ရက်လုံးလုံး ပင်လယ်ထဲမှာ ဒုက္ခ ရောက်နေကြ တယ်။ သူလုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုကြောင့် ပင်လယ်စောင့် နတ်သမီးကလာပြီး သူ့ကိုကယ်တယ်။ ကယ်တဲ့အခါ သခ်ပုဏ္ဏား တစ်ယောက်ထဲပဲကယ်တယ်၊ သူ့တပည့်ကိုမကယ်ဘူး။ ဘာဖြစ် လို့ မကယ်လဲဆိုတော့ သူ့မှာ ဘာကုသိုလ်မှ မရှိဘူးတဲ့။ ကုသိုလ် ရှိမှ ကယ်လို့ရတာ။

လူဆိုတာ သနားချင်ပေမယ့် သနားလို့ မရဘူးဆိုတာ ရှိတယ်။ ကံမပါရင် သနားလို့မရဘူး။ ဆိုပါစို့ - မြတ်စွာဘုရားက အင်မတန်ကြီးမားတဲ့ တန်ခိုးရှင်ဖြစ်ပေမယ့် လူတိုင်းကို "ဧဟိဘိက္ခု" ခေါ်ပြီး တန်ခိုးနဲ့ပြီးတဲ့ သင်္ကန်းသပိတ်ပေးလို့ မရဘူး။ ကုသိုလ်ကံရှိတဲ့ ပုဂ္ဂိုလ်ကိုသာ ကံလမ်းဖွင့်ပေးတဲ့ သဘောပဲ။ အတိတ်ဘဝတုန်းက သင်္ကန်းသပိတ်လှူပြီး ဆုတောင်းခဲ့တဲ့ ပုဂ္ဂိုလ်မဟုတ်ရင် မြတ်စွာဘုရားတောင် လုပ်ပေး လို့မရဘူး။

အဲဒီတော့ တပည့်က ကုသိုလ်ကံ မရှိသည့်အတွက် နတ်သမီးက လျစ်လျူရှုထားတော့ ဘုရားအလောင်း သခ်ပုဏ္ဏားက သူ့ကို ကုသိုလ်ရှိအောင် ဘယ်လိုလုပ်ပေးတုန်းဆိုရင် "လမ်းမှာတုန်းက ဖိနပ်တို့ ထီးတို့ လှူခဲ့တဲ့ ငါ့ရဲ့ ကုသိုလ် ကောင်းမှုရှိတယ်။ အဲဒီကုသိုလ်ကို မင်းအတွက် အမျှဝေပါတယ်" လို့ ပြောပြီး အမျှဝေပေးတယ်။ ဟိုလူက သာဓုခေါ်တယ်။ သာဓုခေါ်လိုက်တဲ့အခါမှ သူ့ကိုကယ်လို့ရသွားတယ်။ သာဓုခေါ်တဲ့ ကုသိုလ်က လူသားစင်စစ်ပေါ်မှာလည်း အကျိုးသက်ရောက်မှုရှိတယ်နော်။ ဒါကို သတိထားရမယ်။

**အမျှပေးဝေခြင်း**

အခုလည်း မုဆိုးဘဝမှ ဒုဂ္ဂတိဘုံသို့ ရောက်သွားလို့ ဆင်းရဲဒုက္ခကြုံနေတဲ့ ဒီပြိတ္တာကြီးကို နားလည်ပါးလည်ရှိတဲ့ ကောလိယ အမတ်ကြီးက ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှပေးဝေလိုက်တယ်။ ချက်ခြင်း သူ့မှာ စားစရာတွေ ဝတ်စရာတွေ ရသွားတယ်။ ဝမ်းသာလွန်းလို့ သူက ဘာပြောတုန်းဆို "**တဿာ ဒက္ခိဏာယ ပေတာနံ၊ အနုကမ္ပာယ ပုနပ္ပုနံ**" တမလွန်ဘဝမှာ ဒုက္ခရောက်သွားတဲ့ ပုဂ္ဂိုလ်တွေအတွက် ကုသိုလ်ကောင်းမှုတွေ လုပ်ပြီး အမျှအတန်း ပေးဝေကြပါတဲ့။ အမျှပေးဝေခြင်းဖြင့် ချက်ခြင်း ဒုက္ခမှ ကယ်တင်လိုက်နိုင်တယ်ပေါ့။

ဘုန်းကြီးတို့ စစ်ကိုင်းမှာနေတုန်းက အမျှအတန်း ပေးဝေတဲ့ ပွဲလေးတစ်ခု လုပ်ကြည့်တယ်။ ကိုယ်ကိုယ်တိုင်တော့ ဘာမှ

မမြင်ရဘူး။ မြင်ရတဲ့ ဒကာမကြီးတစ်ယောက်က နာမည်နဲ့တကွ ပြောပြီးဖိတ်တယ်။ ဟုတ်မဟုတ်တော့ မသိဘူး။ ဘယ်သူတွေ လာတယ်ဆိုတာ ပြောတယ်။ အမျှ လိုချင်လို့လာတာ။ တစ်ချို့ အဝတ်မပါဘူးတဲ့။ အမျှလိုချင်လို့ လာတဲ့အထဲမယ် ဘုန်းကြီး တွေ၊ သီလရှင်တွေလည်း ပါတယ်။ အမျိုးစုံ လာကြတယ်တဲ့။ ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတန်း ပေးဝေခြင်းဟာ သူတို့ အတွက် အကျိုးရှိတယ်ဆိုတာ သေချာတယ်။ တခြားသူ ကိုယ်တွေ့တွေ ပြောတာကိုလည်း ကြားဖူးတယ်ပေါ့။ ကိုယ်တိုင် မမြင်ရသည့်အတွက် ဖြစ်နိုင်တယ်လို့ပဲ ပြောရမယ်။ ကိုယ်မြင်တဲ့ အရာ မဟုတ်သည့်အတွက် ဖြစ်နိုင်တဲ့အဆင့်လောက်ပဲ ထားရ တာပေါ့။

## ပြိတ္တာမျိုးစုံရောက်လို့လာ သာဓုခေါ်ဖို့ပါ

ဒီပြိတ္တာကြီးကို ကူညီလိုက်ရတဲ့အတွက် အမတ်ကြီးက ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။ မနက်မိုးလင်းတဲ့အခါ ဗာရာဏသီ ဆိပ်ကမ်းကို ရောက်တယ်။ ဆိပ်ကမ်းမှာ မြတ်စွာ ဘုရားက ရှိနေတော့ ဘုရားကိုပင့်တယ်။ သူ တွေ့ကြုံခဲ့တဲ့ သနားစရာ ပြိတ္တာကြီးကို ကုသိုလ်ကောင်းမှုလုပ်ပြီး အမျှအတန်း ထပ်ဝေချင်တယ်။ ဘုရားအမှူးရှိတဲ့ သံဃာတွေ သီတင်းသုံးဖို့ မဏ္ဍပ်ကြီးတစ်ခုထိုးပြီး အမျှအတန်းဝေဖို့ စီမံတယ်။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးရဲ့ အဓိဋ္ဌာန် တန်ခိုးနဲ့ ဗာရာဏသီ ပတ်ဝန်းကျင်မှာရှိတဲ့ ပြိတ္တာတွေ အားလုံး

ရောက်လာကြတယ်။ မြတ်စွာဘုရားရဲ့အစွမ်းတန်ခိုးနဲ့ ဖိတ်မန္တက ပြုလို့ ဒီပွဲမှာ အမျှလာပြီး ယူကြတယ်။ "အကျွတ်အလွတ်ပွဲ" ပေါ့။ အဲဒီတော့ ပြိတ္တာတွေ ရောက်လာလိုက်ကြတာ အမျိုးကို စုံနေတာပဲတဲ့။ အဝတ်မပါတဲ့ပြိတ္တာတွေကတစ်မျိုး၊ ခန္ဓာကိုယ်က ကြီးပြီး ပါးစပ်ပေါက်ကသေးနေတဲ့ ပြိတ္တာကတစ်မျိုး၊ မျက်လုံးက ခေါင်းမှာမရှိဘဲနဲ့ ဗိုက်မှာရောက်နေတာက တစ်မျိုး၊ အမျိုးကို စုံနေတာပဲတဲ့။

ပြိတ္တာတွေ အများကြီး အဲဒီပွဲကို ရောက်လာတဲ့အခါ ဘုရားရဲ့ တိုက်တွန်းချက်အရ ဘာကြောင့် သူတို့ ဒီဘဝ ရောက်တယ်ဆိုတာကို ပြောပြကြတယ်။ အားလုံး သူတို့လုပ်ခဲ့တဲ့ ကံတွေကို ပြောပြကြတယ်။ အဓိကကတော့ သူတို့ရရှိလာတဲ့ ပစ္စည်းဥစ္စာတွေကို မလှူရုံ မတန်းရုံတင် မကဘူး လာရောက် တောင်းရမ်းတဲ့ ပုဂ္ဂိုလ်တွေကို ဆဲလွှတ်တာတို့၊ ကြိမ်းမောင်း လွှတ်တာတို့၊ ပစ္စည်းဥစ္စာတွေအပေါ် တွယ်တာတာတို့၊ လှူတဲ့ တန်းတဲ့ ပုဂ္ဂိုလ်တွေကို ဆဲဆိုကြိမ်းမောင်းတာတို့ ဒီလိုအလုပ်တွေ ကြောင့် သူတို့ ဒုက္ခရောက်ရတဲ့အကြောင်း ပြောပြကြတယ်။

တစ်ချို့ဆို ဘယ်လောက် ဒုက္ခရောက်တုန်းဆို အစာဆာ လို့ လိုက်ရှာတာ ဖတ်ဖတ်မောပြီး စားစရာမတွေ့ဘူး။ မောပြီး လဲသွားတယ်။ ရေငတ်လို့ ရေလိုက်ရှာ သောက်စရာရေ မတွေ့ ဘူး။ မြစ်ကြီးထဲဆင်းသွားရင်လည်း ရေမတွေ့ဘူး။ တစ်ခါတုန်း ကဆို ပြိတ္တာကြီးတစ်ကောင် ဂင်္ဂါမြစ်ကြောမှာ တောင်ပြေးလိုက် မြောက်ပြေးလိုက်နဲ့ ပြေးနေတာ။ ဆွမ်းခံသွားတဲ့ ကိုယ်တော်

တွေနဲ့တွေ့တော့ ဘာလို့ပြေးတာတုန်း၊ ဘာလိုချင်လို့တုန်းလို့ မေးတဲ့အခါ ရေဆာလွန်းလို့ ရေသောက်ချင်လို့တဲ့၊ ဒီမှာ မြစ်ကြီး စီးနေတာပဲဆိုတော့ သူ မမြင်ရဘူးတဲ့လေ။

"မင်းမျက်စိထဲ မြစ်မမြင်ရဘူးဆိုရင် ဒီသဲခုံပေါ်မှာ ပက်လက်လှန်ပြီးအိပ်၊ တို့ ရေတိုက်ကြမယ်" ဆိုပြီး ရဟန်းတွေက သပိတ်တွေနဲ့ ရေတွေခပ်ပြီး သူ့ပါးစပ်ထဲ လောင်းထည့်ကြတယ်၊ အခေါက်ပေါင်းများစွာတဲ့။ ဆွမ်းခံချိန်ရောက်လို့ ကိုယ်တော် တွေက "ရေတွေအများကြီး တို့တိုက်ပြီးပြီ၊ မင်းလည်း ဒီလောက် ဆိုရင် ဝလောက်ပါပြီ"လို့ဆိုတော့ "အရှင်ဘုရားတို့ တိုက်တဲ့ရေ လည်ချောင်း ဟိုဖက်ရောက်ရင် တပည့်တော် ပြိတ္တာဘဝက မလွတ်ပါရစေနဲ့" လို့ပြန်ပြောတယ်။ လည်ချောင်း ဟိုဖက်ကို မရောက်ဘူးတဲ့။ အကုသိုလ်ကံများ အင်မတန်မှ ကြောက်စရာ ကောင်းတယ်။ အင်မတန်ဆာလောင်ပြီး ဒုက္ခရောက်ကြတယ်။ ခရီးဝေးကြီး ပြေးလွှားပြီးတော့ အစာအာဟာရရှာတာ မစားရ ဘဲနဲ့ ပိန်ချုံးပြီး အရိုးပြိုင်းပြိုင်းထနေတဲ့ ပြိတ္တာတွေ အမျိုးစုံပဲတဲ့။

သူတို့လုပ်ခဲ့တဲ့ အကုသိုလ်တွေကြောင့် ဒုက္ခရောက်ရတဲ့ အကြောင်းတွေကို သူတို့ကိုယ်တိုင် မြတ်စွာဘုရားရှေ့မှာ ပြောပြ ကြတယ်။ ပရိသတ်တွေ အားလုံးကြားကြရတယ်။ သူတို့ ပြောတဲ့ ထဲမယ် ဘာတွေပါတုန်းဆိုတော့ **"အကမ္မကာမာ အလသာ"** အလုပ်မလုပ်ချင်ဘူး။ လူဘဝရောက်လာပြီး လုပ်ကိုင် မစား သောက်ချင်ဘူး။ ပျင်းတယ်တဲ့။ **"သာဒုကာမာ မဟဂ္ဃသာ"** အကောင်းကြိုက်တယ်။ အစားကြီးတယ်။ တစ်ချို့ လူတွေက

အဲဒီအတိုင်းပဲလေ။ အလုပ်လုပ်ရမှာတော့ပျင်းတယ်။ အစားကြီးတယ်၊ အကောင်းကြိုက်တယ်။ "**အာလောပပိဏ္ဍဒါတာရော၊ ပဋိဂ္ဂဟေ ပရိဘာသိမှသေ**" သူတို့အစာထဲက ခွဲပေးရမယ်ဆိုရင် မကျေနပ်ဘူး။ ဆဲတယ်နော်။

တစ်ခါတုန်းက အိမ်တစ်အိမ်မှာ ဘုန်းကြီးတွေ ဆွမ်းဘုဉ်းပေးနေတုန်း ကလေးလေးက ဘာပြောတုန်းဆို "ဘုန်းကြီးတွေ အကုန်စားမသွားနဲ့ ငါ့အတွက်ချန်ဦး"တဲ့။ တကယ်ပြောတာနော်။ အဲဒီလိုမျိုးတွေလည်း ရှိတတ်သေးတယ်၊ ကလေးမို့ မသိတတ်သေးလို့ ပြောတယ်ဆိုပေမယ့် သူ့ရင်ထဲရှိတာ ပြောတာပေါ့။ သူ့အတွက် စဉ်းစားနေတာလေ။ ကလေးမို့ စဉ်းစားတယ်၊ လူကြီးကရော မစဉ်းစားဘူးလားဆိုရင် စဉ်းစားမှာပဲ။ နှမြောတာလူ့သဘာဝမို့ ဒီလိုပဲစဉ်းစားမှာပဲ။

"**တေဃရာတာစဒါသိယော၊ တာနေဝါ ဘရဏာ-နိနော**" ဆိုလိုတာက "သူတို့ လူ့ဘဝရတဲ့ အချိန်မှာ ဒီကုသိုလ်ကောင်းမှုကို လုံးဝသတိမရဘူး။ သူတို့ပိုင်ဆိုင်ခဲ့တဲ့ အဝတ်အစားတွေ စားစရာတွေ ရှာဖွေစုဆောင်းခဲ့တဲ့ ပစ္စည်းဥစ္စာတွေကို သူတို့သေသွားတဲ့နောက် ဘယ်သူတွေ သုံးစွဲရစ်တုန်းဆိုရင် တခြားလူတွေ သုံးနေရစ်ကြတယ်။ အဲဒီလို လူတွေလည်း အများကြီးရှိတယ်။ ရှာရုံရှာသွားတယ်။ တစ်ခါမှလည်း အလှူအတန်းမလုပ်ဘူး။ ကိုယ်ကိုယ်တိုင် ရှာပြီးစုသွားတယ်။ စုနေတုန်းပဲမစားရခင် သေသွားတယ်။ သူတို့သေသွားတာနဲ့ တစ်ပြိုင်နက်ဒီပစ္စည်းတွေက သူတို့အတွက် ဘာမှတန်ဖိုးမရှိတော့ဘူး။ မျက်စိ

နှစ်လုံး မှိတ်သွားတာ၊ ဇီဝိန်ချုပ်သွားတာနဲ့ တစ်ပြိုင်နက် သူတို့ ဒုက္ခကိုခံစားကြရတယ်။

ရာဇဂြိုဟ်ပြည်က ဈေးသည်မကြီး လေးယောက်ဟာ အလေးခိုးပြီး ဈေးရောင်းကြတယ်။ ပစ္စည်းထဲ ဟိုဟာ ဒီဟာတွေ ထည့်ရောင်းတယ်။ မမှန်မကန် ရောင်းဝယ်ကြပြီး ရသမျှတွေ စုထားကြတယ်။ ရှုတ်တရက်သေတော့ ပြိတ္တာမကြီးတွေ သွားဖြစ်တယ်။ သူတို့ရှာထားတဲ့ ပစ္စည်းတွေ၊ ဆောက်ထားတဲ့ အိမ်တွေကို သားစဉ်မြေးဆက် အမွေရတဲ့လူတွေက ဇိမ်နဲ့သုံးစွဲနေထိုင်ကြတယ်။ ယူကြုံးမရဖြစ်ပြီး ညညမှာ အော်ကြတယ်တဲ့။

**"မယံ ဘောဂေ သံဟရိမှ၊ သမေန ဝိသမေနစ"** တို့ကတော့ တရားတဲ့နည်းနဲ့ရော မတရားတဲ့နည်းနဲ့ရော စည်းစိမ်ဥစ္စာတွေ ရှာလိုက်ကြ၊ စုလိုက်ကြ။ **"တေ အညေ ပရိဘုဉ္ဇန္တိ"** တို့ရှာထားတာတွေကို တခြားလူတွေ သုံးနေကြတယ်။ **"မယံ ဒုက္ခဿ ဘာဂိနီ"** တို့ကတော့ ဒုက္ခခံနေကြရတယ်။ တို့ရှာတာတွေလည်း တို့မသုံးရဘူးလို့ ငြီးကြသတဲ့။

ဟုတ်တယ်လေ၊ ပစ္စည်းဆိုတာ မျက်စိနှစ်လုံးမှိတ်ပြီး ဇီဝိန်ချုပ်သွားတာနဲ့ ကိုယ်နဲ့ဘာမှမဆိုင်တော့ဘူး။ ဒီဘဝကပစ္စည်းတွေ အကုန်ထားခဲ့ရတာကိုး။ ဒါလည်း သတိထားစရာ ကောင်းတယ်။ ကိုယ်ရှိနေတုန်း ကိုယ့်ခြေကိုယ့်လက် ကုသိုလ်ကောင်းမှုတွေ လုပ်ဖို့လိုအပ်တယ်။ သေခြင်းတရားဆိုတာ ကပ်နေတာ။

**"တေ ဃရာ တာ စ ဒါသိယော"** တို့ဆောက်ထားတဲ့ အိမ်တွေ တို့ငှားထားတဲ့ လူတွေ၊ **"တာနေဝါ ဘရဏာနိနော"**

တို့ဝယ်ထားတဲ့ လက်ဝတ်တန်ဆာတွေ အဝတ်အစားတွေ၊ **“တေ အညေ ပရိစာရေတိ”** အဲဒါတွေနဲ့ သူတို့က ကြော့လို့ မော့လို့ သုံးနေကြတာ။ **“မယံ ဒုက္ခဿ ဘာဂိနော”** ငါတို့တော့ အခု ဒုက္ခခံနေရပြီလို့ ငိုးပြုကြသတဲ့။ ဒါကြောင့် ဒါနကောင်းမှုဆိုတာ ပြုသင့်ပြုထိုက်တဲ့ အရာတစ်ခုပဲပေါ့။

## နမြောခြင်းနဲ့ မေ့လျော့ခြင်း

မြတ်စွာဘုရားက ဟောထားတယ်။ လောကမှာ အစာအာဟာရနဲ့ ကင်းပြီး သတ္တဝါတွေ အသက်မရှင်ကြဘူး။ အဲဒီ အစာအာဟာရက ဘယ်လိုပုဂ္ဂိုလ်ဆီ ရောက်လဲဆိုရင် လှူခဲ့တန်းခဲ့တဲ့ ပုဂ္ဂိုလ်ဆီသာ စုရောက်တာ။ စားချင်တိုင်း ကိုယ့်ဆီ ရောက်မယ်လို့ မအောက်မေ့လေနဲ့။ လှူခဲ့တန်းခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဆီပဲ ရောက်တယ်တဲ့။ သူစားနိုင်သည် ဖြစ်စေ၊ မစားနိုင်သည် ဖြစ်စေပေါ့။ ကျန်တဲ့ပုဂ္ဂိုလ်ကိုတော့ လှည့်တောင်ကြည့်မှာ မဟုတ်ဘူးတဲ့။ ဒါမှန်တယ်။ တကယ့်ကို ကံက အကျိုးပေးပြီ ဆိုရင် စားစရာ သောက်စရာတွေ သူ့ထံ စုပြုံရောက်လာတယ်။ ဒါကြောင့် မြတ်စွာဘုရားက ပစ္စည်းဥစ္စာနဲ့ ပတ်သက်ပြီး မစ္ဆရိယ စိတ်တွေ မထားကြဖို့နဲ့ မစ္ဆရိယကို တော်လှန်ပြီး ဒါနကောင်းမှု ကို လုပ်သင့်တယ်လို့ တဖွဖွဟောခဲ့တာ ဖြစ်တယ်။

စားစရာ သောက်စရာတွေ ပေါနေတဲ့ဆီကို သွားပြီးတော့ မငြူစူလေနဲ့။ သူလုပ်ခဲ့တာတွေ သူပြန်ရနေတာ။ လောက လူတွေက ကိုယ်ပိုင်တဲ့ ပစ္စည်းတွေရှိလျက်သားနဲ့ ဘာဖြစ်လို့

ကုသိုလ်ကောင်းမှု မလုပ်ကြတာလဲဆိုရင် **"မစ္ဆေရာ စ ပမာဒါစ ဧဝံဒါနံ န ဒီယတိ"** တဲ့။ ကိုယ့်အတွက်သာ ကိုယ်ကြည့်တယ်။ ကိုယ့်အတွက်သာ ကိုယ်စဉ်းစားတယ်။ ဒါကို မစ္ဆရိယလို့ ခေါ်တယ်။ ကိုယ်သာသုံးမယ် သူများကိုမမျှဘူးဆိုတဲ့ စိတ်ဓာတ်ဟာ လူတွေမှာ ရှိနေတတ်တယ်။ အဲဒါကို မစ္ဆရိယစိတ်လို့ ခေါ်တယ်။

မစ္ဆရိယဆိုတဲ့ သဘောတရားက စိတ်ကို မှီပြီးဖြစ်တဲ့ သဘောတရား ဖြစ်တယ်။ ဒေါသနဲ့ တွဲဖက်ပြီး လာတယ်။ လောဘနဲ့တွဲတာ မဟုတ်ဘူး။ ဒေါသနဲ့ တွဲတယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။ ကိုယ်ပိုင်ပြီဆိုရင် "မထိနဲ့"ဆိုတာ လာတော့တာပဲ။ အဲဒီကတည်းက တစ်ဖက်သားကို ရန်လုပ်တာ။

ကြောင်ကလေးတွေ ကြည့်၊ ပါးစပ်ထဲ ကွက်ကလေး သို့မဟုတ် အစာလေးတစ်ခု ရောက်သွားရင် အနားနား ကြောင် တစ်ကောင်လာရင် မာန်ဖီတော့တာပဲ။ အဲဒါဘာလုပ်တာတုန်းဆို သူ့ဟာကိုသူ ကာကွယ်တာပဲ။ ကလေးလေးတွေ မုန့်ပေးပြီး ပြန်တောင်းကြည့်ပါလား မရဘူး။ သူတို့လက်ထဲ ရောက်သွား ရင် မပေးတော့ဘူး။ ဘာဖြစ်လို့လဲ? ဒါမစ္ဆရိယရဲ့ သဘောကို ပြတာပေါ့။ သူပိုင်ပြီဆိုရင် ပေးမယ်မထင်နဲ့။ အဲဒီလို ပေးဖို့ကမ်းဖို့ လက်တွန့်သွားတာ မစ္ဆရိယကြောင့်ပဲ။ မစ္ဆရိယဆိုတဲ့ သဘော တရားဟာ အစာရေစာ ရှားပါးခြင်းရဲ့ အကြောင်းဖြစ်တယ်။ ကိုယ်ကိုယ်တိုင်က ရက်ရက်ရောရော ပေးကမ်းခြင်း မရှိသည့်

အတွက် ကိုယ့်ဆီမှာလည်း ရက်ရက်ရောရော ရောက်လာမှာ မဟုတ်တော့ဘူး။

ကုသိုလ်ကောင်းမှု လုပ်မယ့်အပေါ်မှာ စိတ်မဝင်စားဘူး၊ မေ့ထားတယ်၊ မေ့နေလို့မလှူတာတဲ့။ **"မစ္ဆေရာ စ ပမာဒါစ ဧဝံ ဒါနံ နဒီယတိ"** လောကလူတွေဟာ နှမြောလို့ မလှူတာနဲ့ မေ့နေလို့ မလှူတာ ဒီနှစ်ခုကြောင့် အလှူဒါနက မဖြစ်မြောက်ဘူးတဲ့။ အလှူဒါနဆိုတာ အကြီးအကျယ်လှူမှ အလှူဒါန မဟုတ်ဘူး။ ကိုယ်စားတဲ့ထဲကနေ တစ်လုပ်တစ်ဆုပ် သတ္တဝါလေးတွေကိုပဲ ဖြစ်ဖြစ်၊ ကိုယ်နဲ့နီးစပ်တဲ့ ပုဂ္ဂိုလ်ကိုပဲဖြစ်ဖြစ် ပေးတာ ကမ်းတာ ကျွေးတာ မွေးတာ ဒါတွေဟာ ဒါနပဲ။ အိမ်လာတဲ့လူ ကော်ဖီတိုက်တာ၊ လက်ဖက်ရည်တိုက်တာက အစ ဒါနပဲ။

ဒါပေမယ့် လူတွေက တစ်ခါတစ်ရံ မဟုတ်တဲ့နေရာ သွားပြီး သဒ္ဓါတရား ကောင်းတတ်ကြတယ်။ ကော်ဖီတိုက်ရမှာတော့ ဈေးကြီးလို့တဲ့။ အရက်ဝိုင်းမှာ သောက်ဖော်သောက်ဖက်ကိုသွားပြီး သဒ္ဓါတရားကောင်းနေတယ်။ ဒီတစ်ခါ ဒကာခံလိုက်ဦးမယ်နဲ့ လုပ်နေသေးတာလေ။ တကယ့်ကို တစ်ဖက်သားအကျိုးရှိမယ့် ဒါနမျိုးဖြစ်အောင်လုပ်ဖို့ အင်မတန်မှ အရေးကြီးတယ်။ မလုပ်ဘူးဆိုရင် ဒေါသနဲ့ တွဲဖက်လာတဲ့ ဒီမစ္ဆရိယ သဘောတရားက ဖြစ်လေရာဘဝမှာ အမွဲအတေ ရှားရှားပါးပါး ဘဝမျိုးကို ရောက်စေနိုင်တယ်လို့ ဒီလိုဆိုတာ

နေ၁်။ ဒါကြောင့်မို့ ဒီပြိတ္တာတွေဟာလည်းပဲ ဒုက္ခရောက်ကြတယ်တဲ့။

ဘဝမှာ အောက်တန်းကျတဲ့ အမျိုးတွေ၊ ဆင်းရဲတဲ့အမျိုးတွေမှာ မစ္ဆရိယကြီးမားတဲ့ ပုဂ္ဂိုလ်ဟာ ဖြစ်တယ်တဲ့။ ဆိုပါစို့ လူ့ဘဝရောက်လာပြီဆိုရင် မွေးကတည်းက တဲစုတ်နဲ့အိမ်မှာ သွားမွေးတယ် သို့မဟုတ် နေစရာမရှိတဲ့ မိသားစုထဲ သွားမွေးတယ်။ မစ္ဆရိယ နည်းပြီးတော့ ဒါနကောင်းမှုလုပ်တဲ့ပုဂ္ဂိုလ်က မွေးကတည်းက တိုက်အိမ်မှာ သွားမွေးတယ်။ သူဌေးအိမ်မှာ သွားမွေးတယ်။

ဒါကြောင့် ကိုယ့်ကိုယ်ကို ဆုံးဖြတ်ရမှာ။ ငါ နောင်ဘဝကျရင် တဲစုတ်ထဲသွားမွေးမလား သို့မဟုတ် သူဌေးအိမ် သွားမွေးမလား။ သူဌေးအိမ်မွေးချင်ရင် ကုသိုလ်ကောင်းမှုတော့ လုပ်နေရမှာပဲ။ ကိုယ့်စိတ်ထဲမှာဖြစ်တဲ့ မစ္ဆရိယကို တော်လှန်ဖို့ အရေးကြီးတာ။ စိတ်ထဲ နှလုံးထဲမှာ မထားဖို့ အရေးကြီးတာ။ မစ္ဆရိယကလည်း တော်တော်ကို လူ့စိတ်ကို လွှမ်းမိုးထားနိုင်တဲ့ အနေအထားမျိုး ရှိတယ်ပေါ့။

မစ္ဆရိယကင်းတဲ့ ပုဂ္ဂိုလ်တွေကျတော့ အင်မတန်မှ အဆင်ပြေတဲ့ နေရာမျိုးကို ရောက်တယ်တဲ့။ မစ္ဆရိယကင်းလို့ ကုသိုလ်ကောင်းမှုတွေ လုပ်တဲ့ပုဂ္ဂိုလ်ဟာ ဒီဘဝမှာ ချမ်းသာတဲ့ အမျိုး၊ မြင့်မြတ်တဲ့အမျိုး၊ မိသားစုထဲမှာ မတောင့်မတ မကြောင့်မကြ စားရတဲ့အမျိုးထဲမှာ လာပြီးတော့ လူဖြစ်တယ်တဲ့။ လူဖြစ်ပြီး

တော့ သူ့ဘဝမှာ အမြဲတမ်း ပြီးပြည့်စုံတဲ့ဘဝမျိုးကို ရောက်တယ်တဲ့။

## ကုသိုလ်ပြုက ချမ်းသာရ

ဒါကြောင့်မို့ ဒီနေရာမှာ သတိပေးတဲ့အနေနဲ့ မှတ်သားစရာ ရေးသားထားတဲ့ စကားလေးတစ်ခုက "**သုခံ အကတပုညာနံ၊ ကတ္တမ နတ္ထိ ပရတ္ထစ**" တဲ့။ အကတပုည ဆိုတာ ကုသိုလ်ကောင်းမှု မလုပ်တဲ့ပုဂ္ဂိုလ်ကို ပြောတာ။ ကုသိုလ်ကောင်းမှုဆိုတာ ဒါနကောင်းမှုရှိတယ်၊ သီလကောင်းမှုရှိတယ်၊ ဘာဝနာကောင်းမှုရှိတယ်။ ကုသိုလ်ကောင်းမှုဆိုတာ တန်ပြန်တူညီတဲ့အကျိုးတွေကို ပေးတတ်တာဖြစ်လို့ ကုသိုလ်ဆိုတာ စုံအောင်လုပ်သင့်တယ်။ တစ်ချို့က ဒါန လုပ်စရာမလိုဘူး ပြောရင်လည်း နားမယောင်လေနဲ့။ နောင်ဘဝ ရှားပါးလိမ့်မယ်။ ဒါနလည်း လုပ်ရမှာပဲ၊ သီလလည်း လုပ်ရမှာပဲ၊ ဘာဝနာလည်း လုပ်ရမှာပဲ။

ဒါနကောင်းမှု မလုပ်ဘူးဆိုတာနဲ့ ပတ်သက်လို့ အားလုံးလည်း ကြားဖူးကြလိမ့်မယ်။ ကဿပ ဘုရားလက်ထက်က ရဟန်းနှစ်ပါးက ကမ္မဋ္ဌာန်းတရား အားထုတ်နေတဲ့ ကိုယ်တော်တွေပဲ။ တစ်ပါးက ဘယ်လိုတွေးလဲဆိုရင် ဘုန်းကြီးဆိုတာ လှူစရာမလိုဘူးတဲ့။ ကိုယ့်တရား ကိုယ်အားထုတ်၊ တရားအားထုတ်ရင် ပြီးတာပဲ။ ဘာမှလုပ်စရာမလိုဘူးလို့ အတွေးအခေါ် ရှိတယ်။ ကျန်တဲ့ကိုယ်တော်တစ်ပါးက အဲဒီလို မဟုတ်

ဘူး။ ဘုန်းကြီးဖြစ်ဖြစ် လူဖြစ်ဖြစ် ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ မျှဝေသုံးသင့်တယ်။ ဒါနကောင်းမှု လုပ်သင့်တယ်။ ဒီလိုအယူရှိတယ်။ တစ်ပါးရဲ့အတွေးကို တစ်ပါးက ပြောပေမယ် လို့ လက်မခံဘူး။ သူငယ်ချင်း နှစ်ယောက် အင်မတန်မှ ရင်းနှီးကြ တယ်။

အဲဒီ ကိုယ်တော်နှစ်ပါး ပျံလွန်တော်မူတဲ့အခါ နတ်ပြည် ရောက်တယ်။ ဒါနကောင်းမှု လုပ်သင့်တယ်ဆိုပြီး လုပ်တဲ့ ကိုယ်တော်က အစစအရာရာသာတယ်။ လုပ်စရာမလိုဘူးဆိုတဲ့ ကိုယ်တော်က အောက်ကျနောက်ကျ ဖြစ်တယ်။ နတ်ဘဝကနေ လူ့ဘဝ ရောက်လာတော့လဲ ဒါနကောင်းမှု လုပ်သင့်တယ်လို့ ခံယူပြီး လုပ်တဲ့ကိုယ်တော်က ဘုရင့်သားလာဖြစ်တယ်။ လုပ်စရာ မလိုဘူးဆိုတဲ့ ကိုယ်တော်က အထိန်းတော်သား သွားဖြစ်တယ်။ တစ်ရက်တည်းမွေးကြတယ်။ အထိန်းတော်သားက အောက်မှာ အိပ်ရတယ်။ မင်းသားကတော့ ရာဇပလ္လင်ပေါ်မှာ ထီးဖြူနဲ့ အိပ်ရတယ်။ ကွာခြားတယ်ဆိုတာ အင်မတန်မှ ထင်ရှားတယ်။

ဒါကြောင့် ဒါနဆိုတာ လုပ်မိအောင် လုပ်ရမယ်။ ဒါန ရှိသူနဲ့ မရှိသူ ဘဝသံသရာမှာ ကွဲပြားခြားနားမှု ရှိတယ်။ နောက်ဆုံး အရဟတ္တဖိုလ် ရသွားတာတောင်မှပဲ ဒါနရှိတဲ့ ပုဂ္ဂိုလ်က ဝဝလင်လင် စားရတယ်။ ဒါနမရှိဘူးဆိုရင် ငတ်ငတ် ပြတ်ပြတ်နဲ့ ရဟန္တာဖြစ်ရတယ်။ ဒါနကောင်းမှု ဆိုတာလည်း လုပ်ရမယ်၊ သီလဆိုတာလည်း လုပ်ရမယ်၊ ဘာဝနာဆိုတာ လည်း လုပ်ရမယ်။ ဒါကို ရည်ညွှန်းပြောတာ။ “သုခံ အကတ

ပုညာနံ” ကောင်းမှုကုသိုလ် မလုပ်ဘူးဆိုတဲ့ ပုဂ္ဂိုလ်မှာ **“ဣဓ နတ္ထိ ပရတ္တစ”** ဒီဘဝမှာလည်း သူ့အတွက် ချမ်းသာဆိုတာ မရှိဘူး။ နောင်ဘဝရောက်ရင်လည်း သူ့အတွက် ချမ်းသာဆိုတာ မရှိနိုင်ဘူးတဲ့။ ချမ်းသာဆိုတာ ကုသိုလ်ရဲ့ သင်္ကေတတစ်ခုပဲလို့ ဒီလိုပြောတာ။

မြတ်စွာဘုရားကိုယ်တိုင်က သုတ္တန်တစ်ခုမှာ ဟောထားတာရှိတယ်၊ **“မာဘိက္ခဝေ ပုညာနံ ဘာယိတ္ထ၊ သုခဿေတံ အဓိဝစနံ ယဒိဒံ ပုညာနိ”** ဆိုတဲ့ စကားလေးရှိတယ်။ “ချစ်သား ရဟန်းတို့ ကုသိုလ်ကို မကြောက်ကြနဲ့။ ချမ်းသာဆိုတာ ကုသိုလ်ရဲ့နာမည်ပါ”လို့ ဒီလိုပြောတာ။ ချမ်းသာတယ်ဆိုတာ ကုသိုလ်ကပေးတာလို့ ပြောတာ။ ချမ်းသာတာဆိုရင် လူတွေက လိုချင်တယ်။ ကုသိုလ်ကျတော့ ကြောက်တယ်။ ချမ်းသာကို လိုချင်ရင် ကုသိုလ်ကို မကြောက်နဲ့လို့ ပြောတယ်။ ကုသိုလ် လုပ်ပါ။

**“သုခံ အကတ ပုညာနံ၊ ဣဓ နတ္ထိ ပရတ္တ စ”** ကုသိုလ်ကောင်းမှု မလုပ်တဲ့ပုဂ္ဂိုလ်အတွက် ချမ်းသာဆိုတာ ဒီဘဝမှာလည်းမရှိဘူး။ နောင်ဘဝမှာလည်း မရှိဘူးတဲ့။ **“သုခဉ္စ ကတပုညာနံ၊ ဣဓ စေဝ ပရတ္ထ စ”** ကုသိုလ်ကောင်းမှု လုပ်ပြီးဆိုတဲ့ ပုဂ္ဂိုလ်တွေအတွက် ဒီဘဝမှာလည်း ချမ်းသာ၊ နောင်ဘဝမှာလည်း ချမ်းသာမယ်တဲ့။ ကုသိုလ်ကောင်းမှုနဲ့ ပတ်သက်ပြီး ဘုရားကိုယ်တိုင် ဟောထားတဲ့ သုတ္တန်တွေ၊ ဂါထာတွေ အလွန်များတယ်။ **“ဇဝံ ဇာတေန မစ္စေန ကတ္တဗ္ဗံ

**ကုသလံ ဗဟုံ**"လူ့ဘဝ လူရယ်လို့ ဖြစ်လာရင် ကုသိုလ်ကောင်းမှု များများ လုပ်ပါလို့ တိုက်တွန်းထားတာ။ ဘာလို့လည်းဆိုတော့ ကုသိုလ်ရဲ့ အကျိုးတရားက ချမ်းသာသုခ ဖြစ်လို့ပဲ၊ ဒီလိုဆိုလို တာ။ ဘဝတစ်ခုမှာ ကုသိုလ်ကောင်းမှုရဲ့ အကူအညီကြောင့် ဆင်းရဲဒုက္ခ ရောက်နေတာတောင်မှပဲ ချမ်းသာသုခကို ရသွား တယ်။

အဲဒီတော့ ကောလိယ အမတ်ကြီးက ကုသိုလ်ကောင်းမှု လုပ်ပြီး ပြိတ္တာတွေကို အမျှအတမ်း ပေးဝေလိုက်တဲ့အခါ အားလုံး ပြိတ္တာတွေ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြတယ်။ ဒီသာဓုခေါ်တဲ့ ကုသိုလ်က သူတို့ကို ကယ်တင်သွားတယ်။ ***(အဘိဓမ္မာန ပေတဝတ္ထု)*** သူတို့တွေ ချမ်းသာသုခတွေ ခံစား ကြရတယ်။ အင်မတန်မှ ဝမ်းသာ ကြည်နူးဖွယ်ရာ ကောင်းသည့် အတွက်ကြောင့် "ကုသိုလ်တရားကို မမေ့မလျော့ ကြိုးစား လုပ်သင့်တယ်" ဆိုတာ ဒုဂ္ဂတိဘုံသားတွေရဲ့ အမှာစကားပေါ့။ ဒုဂ္ဂတိဘုံသားတို့ လက်တွေ့ခံစားရတဲ့ အကုသိုလ်ရဲ့အကျိုး ဆင်းရဲဒုက္ခတွေ၊ ကုသိုလ်ရဲ့အကျိုး ချမ်းသာသုခတွေ ဒါတွေကို သိရှိကြပြီး ဘုန်းကြီးတို့တတွေ လူ့ဘဝရနေတဲ့အချိန် ကုသိုလ် လုပ်ဖို့လိုတယ်။ အခွင့်ကောင်းတွေ ကြုံပါလျက် ကုသိုလ် မလုပ် ဘဲနဲ့ မေ့လျော့နေကြမယ်၊ ပစ္စည်းဥစ္စာကို တစ်သက်လို့ထင်ပြီး မက်မောတွယ်တာနေကြမယ်ဆိုရင် တန်ဖိုးရှိတဲ့ လူ့ဘဝကြီးမှာ လူဖြစ်ကျိုးနပ်မှာ မဟုတ်ဘူးလို့ ဒီလို သတိသမ္ပဇဉ်ထားပြီး ကုသိုလ်တရားဖြစ်အောင် ကြိုးစားကြရမှာ ဖြစ်တယ်လို့ ကိုယ်စီ

ကိုယ်စီ သဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

# ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
# အပိုင်း (၄)

သာသနာတော်နှစ် ၂၅၅၆- ခုနှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၄-ခုနှစ်၊ နယုန်လပြည့်ကျော် (၈)ရက်၊ ခရစ်သက္ကရာဇ် ၂၀၁၁-ခုနှစ်၊ ဇွန်လ(၁၂)ရက်၊ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သာသနာရေးဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဇမ္ဗူသီရိ ဓမ္မဗိမာန်တော်အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် ဓမ္မသဘင် အခမ်းအနား၌ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မင်္ဂလာဈေး မိဘဘိုးဘွား ဆွေမျိုးများနှင့် ဦးတင်စိုးတို့အား ရည်စူး၍ ဒေါ်လှခင်မိသားစု ကကျော်သင်းဆေးဆိုင် အမတဒါန ဓမ္မဒါနအဖြစ် ဟောကြားအပ်သော **"ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား အပိုင်း(၄)"** အကြောင်း တရားဒေသနာတော်။

ဒီကနေ့ "နန္ဒက ပေတဝတ္ထု"အကြောင်း ဟောပြောမှာဖြစ်တယ်။ ပေတဝတ္ထုမှာ ဝတ္ထုအပုဒ်ပေါင်း ငါးဆယ့်တစ်ပုဒ် မှတ်တမ်းတင်ထားသော်လည်း အားလုံးစုစုပေါင်း ရှစ်ဝတ္ထုလောက်ပဲ ဘုန်းကြီးတို့တတွေ ဟောကြားပေးမယ်။ ထူးခြားတဲ့ဝတ္ထုတွေကို ရွေးချယ်ပြီး မှတ်သားရမယ့် အချက်တွေကို ဟောပြောမှာ ဖြစ်ပါတယ်။

ကံမကောင်း အကြောင်းမလှလို့ ဒုဂ္ဂတိဘုံဘဝ ရောက်သွားကြတဲ့အခါ လက်တွေ့ခံစားကြရတဲ့ ဒုက္ခတွေ ဘာကြောင့်ဖြစ်ခဲ့တယ်ဆိုတာ ပြန်လည်တွေးတော ဆင်ခြင်ကြည့်ခြင်းအားဖြင့် ဘာတွေ အမှားလုပ်ခဲ့လို့ အခုလို ဒုက္ခရောက်ရတယ် ဆိုတာတွေ သိရှိနားလည်လာကြတယ်။ အဲဒီလို နားလည်လာတဲ့အခါ အင်မတန်မှ နောက်ကျသွားတဲ့ အနေအထားမျိုး ရောက်တယ်ပေါ့။ ဒုဂ္ဂတိဘုံ ရောက်နေကြတဲ့ သတ္တဝါတွေ အထူးအားဖြင့် ပြိတ္တာတွေ အစားဆင်းရဲ အနေဆင်းရဲ ဒုက္ခအကြီးအကျယ် ခံစားနေရာကနေ မှာကြားလိုက်တဲ့ အမှာစကားတွေကို မှတ်သားပြီး သံဝေဂယူဖို့ဖြစ်တယ်။

## မှတ်သားရန်

ဒီ နန္ဒက ပေတဝတ္ထုက ပိဋကတ်စာပေထဲမှာ အတော်နောက်ကျမှ ဝင်လာပြီး မှတ်တမ်းတင်ခဲ့တာ။ မြတ်စွာဘုရားပရိနိဗ္ဗာန်စံသွားလို့ သာသနာတော်နှစ် အနှစ် (၂၀၀) ရောက်တဲ့အချိန် ဒီဇာတ်လမ်းဟာ ဖြစ်ပေါ်လာတယ်။ လူသားတွေ ရှိနေသမျှ ဒီလိုဝတ္ထုဇာတ်လမ်းတွေကတော့ အမြဲတမ်းရှိနေမှာပဲ။ မှတ်တမ်းတင်နိုင်တဲ့ ဝတ္ထုဇာတ်လမ်းရှိသလို မှတ်တမ်းမတင်နိုင်တဲ့ ဝတ္ထုဇာတ်လမ်းတွေလည်း အများကြီးရှိတယ်။ လုပ်ကြံမှတ်တမ်းတင်တဲ့ စိတ်ကူးယဉ်ဝတ္ထုမျိုးတွေ မဟုတ်ဘူး။ တကယ့်အဖြစ်အပျက်တွေကို မှတ်တမ်းတင်ထားတာ။

အခု **နန္ဒကပေတဝတ္ထု** ကို မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့နောက် အနှစ် (၂၀၀)၊ အသောကမင်းကြီး လက်ထက် တတိယ သံဂါယနာတင်တဲ့ အချိန်လောက်မှ စာပေထဲ ထည့်သွင်းခဲ့တာပေါ့။ ဒါကိုကြည့်မယ်ဆိုရင် ပထမသံဂါယနာတုန်းက မပါတဲ့ ကျမ်းတစ်ချို့ကို ဒုတိယသံဂါယနာကျမှ ထပ်ဖြည့်တယ်။ တစ်ခါ နောက်ပိုင်းမှာဖြစ်တဲ့ အကြောင်းအရာတွေကိုလည်း တတိယသံဂါယနာမှာ ထပ်ဖြည့်တယ်။ အဲလိုထပ်ဖြည့်တာလေးတွေရှိတယ်။ သို့သော် ဘုရားလက်ထက်က ဘုရားဟောတဲ့တရားဆိုတဲ့ ပုံစံမျိုးနဲ့ ဖြည့်တာမဟုတ်ဘူး။ အဖြစ်မှန်အတိုင်းပဲ မှတ်တမ်းတင်ထားတာဖြစ်တယ်။ ဒါကြောင့် ဗုဒ္ဓရဲ့တရားတော်တွေသည် လုပ်ကြံထားတဲ့အရာမျိုး မဟုတ်ဘူး၊ နောက်တိုးဆိုတာလည်း နောက်တိုးတာမှန်းသိအောင် သိသိသာသာ ပွင့်ပွင့်လင်းလင်း ထည့်သွင်းထားတယ်။ ဘာဖြစ်လို့ ထည့်သွင်းသလဲ? မှတ်သားဖို့ရာ အင်မတန်မှကောင်းလို့ ထည့်သွင်းတာဖြစ်တယ်။

## ဗုဒ္ဓစာပေ

အခု မြန်မာနိုင်ငံမှာ အားလုံးသိကြတဲ့အတိုင်း ဗုဒ္ဓသာသနာ(၂၅၀၀) အထိမ်းအမှတ်အနေနဲ့ ဆဋ္ဌသံဂါယနာတင်ခဲ့တယ်။ အဲဒီ သံဂါယနာတင်တဲ့အချိန်မှာ အသိအမှတ်ပြုပြီး ကျမ်းစာအချို့ တိုးတာလည်း ပါတယ်ပေါ့။ ပိဋကတ်တော်ပါဠိတော် အုပ်ရေ (၄၀)၊ ထို အုပ်ရေ(၄၀)ကို ထပ်ဖွင့်တဲ့

အဋ္ဌကထာ (၅၂)အုပ်၊ အဋ္ဌကထာထဲမှာ ကျန်နေတာတွေ၊ မရှင်းတာတွေကို ထပ်ဖြည့်ရှင်းတဲ့ ဋီကာ (၂၆)အုပ်၊ ဒါတွေဟာ ဒီဆဋ္ဌသံဂါယနာမှာပါတဲ့ ကျမ်းတွေပေါ့။

သို့သော် သံဂါယနာထဲမှာ မပါဘဲနဲ့ မြန်မာပြည်မှာ ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ သုတ္တန်နှစ်ခုရှိတယ်။ ဒါတွေက ထေရဝါဒသုတ္တန် ဟုတ်ချင်မှဟုတ်မယ်။ **"ပရိမိတ္တဇာလသုတ်"** နဲ့ **"မာရဏပရိတ်"** တို့ဖြစ်တယ်။ သံဂါယနာမှာ မပါတဲ့ စာပေတွေ မရှိဘူးလားဆိုတော့ ရှိတယ်။ မြန်မာပြည်မှာ သံဂါယနာ မတင်တဲ့ စာပေတွေလည်း တော်တော်များများ ရောက်လာတာ ရှိတယ်။

ဥပမာမယ် ခုခေတ် ချင်းမိုင်လို့ခေါ်တဲ့ ဇင်းမယ်မှာ ငါးရာ့ ငါးဆယ်ပုံစံ ရေးထားတဲ့ ပါဠိရေး ကျမ်းစာတစ်စောင်ရှိတယ်။ ဇာတ်လမ်းဇာတ်ကွက်က အင်မတန်မှ ထူးထူးခြားခြားတွေ ရေးထားတာ။ **ဇင်းမယ်ပဏ္ဏာသ** လို့ ခေါ်ကြတယ်။ အဲဒီ ချင်းမိုင်က ဆရာတော်တစ်ပါးရေးပြီး မှတ်တမ်းတင်ခဲ့တာ။ သို့သော် သူမှတ်တမ်းတင်တာက ဘုရားလက်ထက်က ဖြစ်ပျက်ခဲ့တဲ့ တကယ့်အဖြစ်အပျက် အကြောင်းအရာတွေ ဆိုပြီးတော့ မှတ်တမ်းတင်တာပဲ။

"ပဏ္ဏာသ" ဆိုတာ ငါးဆယ်၊ ဇာတ်လမ်း ဇာတ်ကွက် ငါးဆယ်ရှိတယ်လို့ပြောတာ။ ဇမ္ဗူပတိ ချွတ်ခန်းတို့ ဘာတို့ဆိုတာ အဲဒီထဲပါတယ်။ သို့သော် သံဂါယနာတင်တဲ့ အသိအမှတ်ပြု ကျမ်းထဲမှာ မပါဘူး။ မြန်မာလူမျိုးတွေ တစ်ချို့ ရွတ်ဖတ်နေကြ

တဲ့ **ပရိမိတ္တဇာလသုတ်၊ ဓာရဏပရိတ်** တို့ဆိုတာ ဒီသံဂါယနာတင်တဲ့အထဲမှာ မပါတဲ့ ကျမ်းစာတွေလို့ ဒီလိုပြောရမယ်။ အဲဒီအထဲမယ် ပါဠိတွေကလည်း အင်မတန်မှ ထူးဆန်းတယ်၊ ပရိမိတ္တဇာလသုတ်မှာဆိုရင် "**ဣလ္လိ၊ မိလ္လိ၊ နိလ္လိ၊ ရောရုဝေ၊ မဟာရောရုဝေ**" တို့ ကြားရခဲတဲ့ ပါဠိစကားလုံးတွေပေါ့။ အနက်အဓိပ္ပါယ် ပြန်ထားတာလည်း မကြားဖူးတဲ့ အနက်အဓိပ္ပါယ်တွေပဲ။ ဘယ်လိုလုပ်ပြီး ဒီကို ရောက်လာတယ်ဆိုတာတော့ မပြောနိုင်ဘူးပေါ့။

ဘုရားဟော ပါဠိတော်တွေထဲမှာပါတဲ့ တကယ့် ပရိတ္တအစစ်တွေကတော့ အခု မြန်မာပြည်မှာ မှတ်တမ်းတင်ထားတဲ့ **ပရိတ်ကြီးပါဠိ** ဖြစ်တယ်။ အဲဒီထဲမှာလည်း ဂါထာတွေ၊ နိဒါန်းတွေ၊ သစ္စာဆိုပုံတွေထပ်ဖြည့်ထားတယ်။ သို့သော် အဲဒီ "**ဣလ္လိ၊ မိလ္လိ၊ နိလ္လိ**" ဆိုတာတွေပါတဲ့ဟာကတော့ သံဂါယနာမှာလည်း မရှိဘူးပေါ့နော်။

**ဓါရဏပရိတ်**မှာ တစ်ချို့ အပိုဒ်ကလေးတွေက ပါဠိစာပေထဲမှာ တွေ့နိုင်တယ်။ မဟာယာနကျမ်းစာတွေမှာလည်း မြတ်စွာဘုရားရဲ့ ဂုဏ်တော် တစ်ဆယ့်ရှစ်ပါး၊ "**အဋ္ဌရသဟိ ဓမ္မေဟိ**" လို့ဆိုတယ်။ အာဝေဏိက ဂုဏ်တော်လို့လည်း ခေါ်တယ်။ အဲဒါတွေကတော့ ပါဠိ ဝိဘင်းကျမ်းကြီးကို ဖွင့်တဲ့ "**သမ္မောဟဝိနောဒနီအဋ္ဌကထာ**"၊ အဲဒီ အဋ္ဌကထာကို ထပ်ဖွင့်တဲ့ "**မူလဋီကာ**" မှာ တစ်ဆယ့်ရှစ်ကို သရုပ်ဖော်တဲ့အခါ ဒီ အာဝေဏိကဂုဏ်တော်တစ်ဆယ့်ရှစ်ပါးကို ရေတွက်ပြထား

တယ်။ ဒါပေမယ့် အခုရွတ်နေတဲ့ ဓါရဏပရိတ်မှာပါတာ အကုန် မဟုတ်ဘူး။

ပါဠိပိဋကတ်မှာ မြတ်စွာဘုရားကိုယ်တိုင်ဟောတဲ့ သုတ္တန်တွေကို ပိုပြီးတော့ အလေးထားသင့်တယ်ပေါ့။ အဲဒါတွေက လူတွေထဲမှာ သိပ်ပြီး မရောက်ကြဘူး။ လက်တွေ့ကျင့်သုံးရမယ့် တရားစာပေတွေကိုပဲ ပိုပြီး အလေးအနက်ထားဖို့ လိုတယ်။ သာသနာ နှစ်ပေါင်းများစွာကြာပြီး ခေတ်အဆက်ဆက် ဖြတ်လာတဲ့အခါမှာ ရေးဖြည့်ထားတာတွေ မရှိဘူးတော့ မဟုတ်ဘူး၊ ရှိတယ်။ အဲဒါတွေကို ခွဲခြားသိရမယ်ပေါ့။

## Buddhism နဲ့ Tradition

ဘုန်းကြီးငယ်ငယ်က ဖတ်ဖူးတဲ့ စာအုပ်တစ်အုပ် သတိထားစရာ ဗဟုသုတအဖြစ် ပြောပြမယ်။ မြန်မာနိုင်ငံမှာ မြန်မာလိုရေးထုတ်တဲ့ စာအုပ်တစ်အုပ်မှာ ဒီ နန္ဒကပေတဝတ္ထုကို ကိုးကားပြီး ဘာတွေ သူက **Conclusion** ဆွဲသွားသလဲ၊ ကောက်ချက်ချသွားသလဲဆိုရင် ဗုဒ္ဓရဲ့ ပိဋကတ်တော်တွေထဲမှာလည်း ဟိန္ဒူဝါဒတွေ ပါဝင်နေတယ်တဲ့။ တကယ်တော့ ဝတ္ထုကို သူ သေသေချာချာဖတ်ပုံမရဘူး။ ဝတ္ထုထဲက ပြိတ္တာကြီးက သူ ဒီလိုမှားယွင်းတဲ့ အယူအဆတွေ ယူခဲ့တာကြောင့် ပြိတ္တာဘဝ ရောက်တယ်ဆိုတာ ပြောပြထားတာ။

ပိဋကတ်ထဲမှာ ဟိန္ဒူဝါဒတွေဝင်တာ မဟုတ်ဘူးနော်။ ဒါကို သူက မှားမှားယွင်းယွင်း ကိုးကားပြီး ပိဋကတ်စာပေ

မသန့်စင်သယောင် ရေးသွားတယ်။ စာမဖတ်ဘဲနဲ့ Conclusion ဆွဲသွားတာ။ ဒါမျိုးတွေကလည်း ရှိတတ်တယ်ပေါ့။ သတိထားစရာပေါ့နော်။ အဲဒီတော့ "ဗုဒ္ဓစာပေထဲမှာ ဟိန္ဒူဝါဒတွေ ရောနေတယ်" ဆိုတာ မဟုတ်ဘူး၊ လုံးဝမရောဘူး။ လူတွေရဲ့ အတွေးအခေါ်ထဲတော့ ရောချင်ရောမယ်၊ စာပေထဲမှာ မရောဘူး၊ စာပေက သန့်စင်တယ်။

တစ်ခါတုန်းက သမိုင်းဘာသာရပ်ကို ပို့ချတဲ့ ဆရာကြီးတစ်ဦးက ပြောသွားတယ်။ မြန်မာနိုင်ငံရဲ့ ထေရဝါဒဟာလည်း မသန့်ရှင်းဘူးပေါ့။ နတ်ကိုးကွယ်မှုတွေ ဟိုဟာဒီဟာ ကိုးကွယ်မှုတွေနဲ့ ရောနေတယ်တဲ့။ ဘာလို့တုန်းဆို ရွှေတိဂုံဘုရားပေါ် တက်ကြည့်တဲ့၊ ဘိုးတော်ရုပ်တွေ နတ်ရုပ်တွေ ပြည့်နေတာတဲ့။ အဲဒီတော့ သူပြောချင်တဲ့စကားရဲ့အဓိပ္ပာယ်ကို ကွဲအောင်တော့ ပြောသင့်တာပေါ့။ မြန်မာပြည် ထေရဝါဒလို့ဆိုတဲ့ မြတ်စွာဘုရားဟောတဲ့ တရားထဲမှာတော့ ဒီလိုရောတာမရှိဘူး။ ထေရဝါဒသာသနာကို ကိုးကွယ်တဲ့ လူတွေထဲမှာတော့ ရောနှောတာ ရှိနိုင်တယ်။ ဒါက တရားနဲ့ မဆိုင်ဘူးလေ၊ လူနဲ့ဆိုင်တာ။ ဘယ်နိုင်ငံမှာပဲဖြစ်ဖြစ် **Tradition** တွေ၊ **Custom** တွေ ရောနှောနေကြတယ်။ ဒါက အင်မတန်မှ သတိထားစရာကောင်းတဲ့ အချက်တစ်ခုပေါ့။

မြန်မာပြည်ကို နိုင်ငံခြားသူ အမျိုးသမီးတွေ ရောက်လာကြတယ်။ မြန်မာနိုင်ငံက ဘုရားတွေထဲမှာရှိတဲ့ ဂန္ဓကုဋီတိုက်တွေမှာ "အမျိုးသမီး မဝင်ရ" လို့ရေးထားတယ်။ ကျိုက်ထီးရိုး

ဘုရားမှာ ဘုရားစေတီတော်နားထိအောင် တံတားကို ဖြတ်ပြီးတော့ အမျိုးသမီးများ မတက်ရတို့ ဆိုတာလေးတွေရှိတယ်။ အဲဒီ ဆိုင်းဘုတ်တွေမြင်ရင် သူတို့က စိတ်ဆိုးတယ်။ **Discrimination** ခွဲခြားဆက်ဆံတာလို့ ထင်တယ်။ ဒါကို မလည်မဝယ် **Guide** လုပ်တဲ့လူတွေက လျှောက်ပြောရင် ပိုဆိုးကုန်တယ်။ အဲဒါ တကယ်တော့ အဖြေက အလွယ်လေးရယ်။

တစ်ခါတုန်းက **မက်ဆီကို** က **မက်ဆီကန်** လူမျိုးသုံးဆယ်လောက် ဘုန်းကြီးတို့ဆီ ရောက်လာတယ်။ မန္တလေး မဟာမြတ်မုနိ ဘုရားကြီးထဲမှာ "အမျိုးသမီး မဝင်ရ" ဆိုတဲ့ ဆိုင်းဘုတ်ကို မကျေမနပ် ဖြစ်လာပြီး မေးခွန်းမေးတယ်။ အမျိုးသမီးတစ်ယောက်က မေးတယ်။ **Is this Buddhism?** ဒါ **Buddhism** လားတဲ့နော်။ ဒီလိုအမျိုးသမီးနဲ့ အမျိုးသား ခွဲခြားဆက်ဆံတာ ဗုဒ္ဓတရားတော်အရလားလို့ဆိုတော့ ဘုန်းကြီးကတော့ သူ့ကို တိုတိုပဲပြောတယ်။

**This is not the Buddhism. This is tradition.** လို့ လို့ ပြောလိုက်တယ်၊ သူနားလည်သွားတယ်။ ဒါက ဗုဒ္ဓဘာသာ မဟုတ်ဘူး။ ဗုဒ္ဓဘာသာနဲ့ မဆိုင်ဘူး။ ဒါက မြန်မာလူမျိုးတွေရဲ့ **Tradition** သာ ဖြစ်တယ်လို့ဆိုရင် သူတို့ နားလည်သွားတယ်။ ဘာမှ စောဒကမတက်တော့ဘူး။

လူမျိုးတိုင်း လူမျိုးတိုင်း နိုင်ငံတိုင်း နိုင်ငံတိုင်းမှာ **Tradition** ဆိုတာရှိတယ်။ အဲဒီတော့ **Guide** လုပ်တဲ့ လူတွေက လည်း သိပ်သတိထားဖို့ လိုအပ်တယ်ပေါ့။ ဘာမှ ရှည်ရှည်

ဝေးဝေး ပြောမနေနဲ့။ **Tradition** ဆိုရင် သူတို့နားလည်တယ်။ **Buddhism** နဲ့ မဆိုင်ဘူး။

အဲဒီတော့ ရွှေတိဂုံဘုရားပေါ်မှာ ဘိုးတော်ရုပ်တွေ ရောက်တာလည်း ဒါ ယုံကြည်သူတို့ရဲ့ **Tradition** ပဲ။ ထေရဝါဒ တရားတော်မှာ ဒီအယူအဆတွေ ရောနှောနေတာမဟုတ်ဘူး။ တရားတော်က သန့်စင်တယ်။ ဘုရား သာသနာ ကိုးကွယ်တဲ့ လူတွေက ရောထွေးနေတယ်ပေါ့။ ဒါကတော့လူနဲ့ဆိုင်တာလေ။ အရေးကြီးတာ ဘုန်းကြီးတို့က ဘုရားတရားတော် သန့်စင်နေဖို့ လိုတယ်။ ဘုရားတရားတော်တွေထဲမှာ မှားယွင်းတဲ့ အယူအဆ တွေ ထည့်သွင်းလက်ခံပြီဆိုရင်တော့ တရားတော် ပျက်စီး သွားနိုင်တယ်ပေါ့။ ဒါကြောင့်မို့ သန့်စင်တဲ့တရား **Authentic Buddhism** ကို ဘုန်းကြီးတို့တတွေ လေ့လာဖို့ လိုအပ်တယ်။ ပိဋကသုံးပုံထဲမှာ တကယ်ပါတဲ့ တရားမျိုးကို လေ့လာလိုက်စား ရမယ်။

မြတ်စွာဘုရားက **မဟာပဒေသလေးပါး** ဆိုပြီး ဟောထားခဲ့တာ ရှိတယ်။ ပရိနိဗ္ဗာန်စံခါနီး မြတ်စွာဘုရားရဲ့ မှာကြားချက်တွေကို ဘုန်းကြီးတို့ သီးသန့်ဟောထားတာရှိတယ်။ "ဗုဒ္ဓရဲ့မှာကြားချက်များ" ဆိုတာပေါ့။ အဲဒီတော့ ရည်ညွှန်းချက် တွေနဲ့ဆိုရင် ဘုရားက ဒါတွေမြင်လို့ မှာထားတာဖြစ်မယ်။ ဘုရားက "ငါဟောတာပါလို့ပြောလာရင် လက်မခံနဲ့ဦး။ စာပေနဲ့ ညှိကြည့်။ စာပေထဲမှာ မပါဘူးဆိုရင် ပြောဆိုရေးသားသူရဲ့ မှားယွင်းတင်ပြချက်သာ ဖြစ်တယ်။ ငါဟောတာ မဟုတ်ဘူး"

ဆိုပြီး မဟာပဒေသလေးပါးကို ဟောထားတယ်။ မဟာပရိနိဗ္ဗာန သုတ်မှာရှိတယ်။ "ဓမ္မမှတ်ကျောက်" ဆိုတဲ့ အထဲမှာလည်း ဘုန်းကြီးတို့ ရှင်းပြပြီးတော့ ဟောထားတယ်။ ဒါလေးတွေက သိသင့်သိထိုက်တဲ့ အချက်တွေပေါ့နော်။

## အယူမှားက ပြိတ္တာဖြစ်ရ

ကဲ ကောင်းပြီ၊ ဒီဝတ္ထုက သာသနာနှစ်(၂၀၀)ကျမှ ဖြစ်လာတာ။ ဇာတ်လမ်းက "သုရဋ္ဌ" တိုင်း "ပိင်္ဂလက" ဆိုတဲ့ ဘုရင်ကြီးနဲ့ ပတ်သက်တယ်။ သူက အသောကမင်းကြီးရဲ့ လက်အောက်ခံဖြစ်တယ်။ အသောကမင်းကြီးရှိတဲ့ ပါဋလိပုတ် ပြည်ကို ဆင်တပ် မြင်းတပ်ခြံရံပြီး အခွန်ဘဏ္ဍာဆက်သဖို့ သွားတယ်၊ သွားကန်တော့တာပေါ့။

မြန်မာနိုင်ငံမှာလည်း ဒီလိုပဲပေါ့။ မြန်မာ ဘုရင်တွေ ရှိတုန်းက တိုင်းကြပ်၊ ပြည်ကြပ်၊ စော်ဘွားတို့ ဘာတို့ဆိုတာ ပြည်ငယ်လေးတွေက သွားပြီး ဘုရင်ဆီ ဦးခိုက်ကြရတယ်။ လက်ဆောင်ပဏ္ဏာ နှစ်စဉ်ဆက်သကြရတယ်။ ကိုယ့်နေရာတော့ ကိုယ်ဘုရင်ပဲ၊ သို့သော် ကိုယ့်အထက်က ဗဟိုမှာအုပ်ချုပ်နေတဲ့ ဘုရင်ကြီးဆီ သွားကြရတယ်။

အသောက ဘုရင်ကြီးက မောရိယ အင်ပါယာကို တည်ထောင်ပြီးတော့ အိန္ဒိယနိုင်ငံကို အုပ်စိုးတယ်။ မောရိယ မင်းဆက်ကို မောရိယလို့ သုံးတယ်။ ပိင်္ဂလကဘုရင်အုပ်စိုးတဲ့ သုရဋ္ဌတိုင်းဆိုတာ အိန္ဒိယနိုင်ငံရဲ့ အစိတ်အပိုင်းတစ်ခုပေါ့။

ဒါကြောင့် ပိဂ်လကဆိုတဲ့ ဘုရင်ကြီးဟာ အသောကမင်းကြီးဆီ သွားပြီး လက်ဆောင်ပဏ္ဏာ ဆက်သရတယ်။

လက်ဆောင်ပဏ္ဏာ ဆက်သပြီး ပြန်အလာ တောခရီး တစ်ခုကို ဖြတ်သန်းရင်း ဘာတွေ့တုန်းဆိုတော့ ဖြောင့်ဖြူးပြီး အင်မတန်မှ သာယာတဲ့လမ်းကြီးတစ်ခုကိုတွေ့တယ်။ သွားတွေ့တော့ "ဒီလမ်းကသွားရအောင်" ဆိုပြီး သူ့ရဲ့ ဆင်ဦးစီးကို လမ်းသစ်ကိုရွေးချယ် မောင်းနှင်စေတယ်။ နေ့လည်အချိန်ကြီး ခါတိုင်း လမ်းရိုးကမသွားဘဲ အဲဒီလမ်းကို ဖြတ်သွားတယ်။

ဝင်လိုက်တဲ့အခါ နောက်ဆုံးက လိုက်လာတဲ့လူက ဘာ သတိပြုမိတုန်းဆိုတော့ ရှေ့မှာလမ်းကြီး ဖြောင့်ဖြူးနေတာ ဟုတ်တယ်။ အမှတ်တမဲ့ နောက်လှည့်ကြည့်လိုက်တဲ့အခါ နောက်က လမ်းပျောက်နေတယ်ဆိုတာကိုသတိထားမိတယ်။ ရှေ့မှာတော့ လမ်းရှိတယ်၊ နောက်ကြည့်လိုက်တဲ့အခါ သူတို့လာခဲ့တဲ့လမ်းက လုံးဝပျောက်ပြီး တောကြီးဖြစ်နေတယ်။ အဲဒီမှာ သူကလန့်ပြီး ဘုရင်ဆီကို ပြေးသွားပြီး "အရှင်မင်းကြီး၊ ကျွန်ုပ်တို့ လမ်းမှားလာပြီ။ နောက်မှာ လမ်းတွေပျောက်နေပြီ။ ပြန်ကွေ့ချင်လို့ မရတော့ဘူး" ဆိုပြီး လျှောက်တယ်။ ရှေ့က လမ်းကြောင်းကြီး ကတော့ ဖြူးနေတယ်။ နောက်လှည့်ကြည့်လိုက်ရင် လမ်းမရှိတော့ဘူး။

ရှေ့ဆက်သွားလိုက်တဲ့အခါ ဘာတွေဖြစ်တုန်းဆိုတော့ ကြောက်မက်ဖွယ်ရာ အသံတွေလည်း ကြားနေရတယ်။ လူသားတွေရဲ့ အနံ့မဟုတ်တဲ့ အနံ့တစ်မျိုးကိုလည်း သူတို့ရတယ်။

နေ့လည်ကြောင်တောင်ကြီးမှာ သူတို့လမ်းမှားပြီး ပြိတ္တာဘုံဘက်ကို သွားမိလျက်သား ဖြစ်နေတယ်။ ဒီလိုသွားမိအောင် လည်းပဲ တန်ခိုးရှိတဲ့ ပြိတ္တာက လမ်းကြောင်းကြီး ဖန်တီးပြီး အဲဒီဘက်ကို မရောက်ရောက်အောင် ဆွဲခေါ်သွားတာပေါ့။ ခုခေတ်မှာလည်း ကျတ်ဆိုတာတွေ ရှိတယ်လေ။ ဖန်ဆင်းပြီး ပြတတ်တယ်။

အဲဒီလို လမ်းမှားလိုက်မိပြီး ဘုရင်ကြီးက ဆင်ပေါ်ကနေ ကြည့်တဲ့အခါ ခပ်လှမ်းလှမ်းမှာ အုံ့ဆိုင်းပြီး အရိပ်အာဝါသ ကောင်းတဲ့ ညောင်ပင်ကြီးတစ်ပင်တွေ့တယ်။ "ဟော့ ဟိုရှေ့က အုံ့အုံ့ဆိုင်းဆိုင်း အပင်ကြီးဆီ တို့ရောက်အောင်သွားရအောင်၊ အဲဒီမှာ စခန်းချမယ်" လို့ ဘုရင်ကြီးက ပြောပြီး ညောင်ပင်ကြီး ဆီ ရောက်အောင်သွားကြတယ်။

ညောင်ပင်ကြီးကလည်း အင်မတန်မှကြီးပြီး အရိပ်အာဝါသလည်းကောင်းတယ်။ ညောင်ပင်ကြီးအောက်ဝင်လိုက်တာနဲ့ သူတို့ကို ဧည့်ခံဖို့ မုန့်ပဲသရေစာတွေ၊ သောက်စရာတွေ ပြင်ဆင်ထားတာကို ထူးထူးဆန်းဆန်း တွေ့ရတယ်။ အဲဒီအချိန်မှာ ပြိတ္တာက လူယောင်ဆောင်ထားတဲ့ လူတစ်ယောက်က ဘုရင်ကြီးကို ခရီးဦးကြိုပြုတယ်။ "အရှင်မင်းကြီး ဘာမှမပူပါနဲ့၊ ဒါတွေကို စားသောက်ပါဦး" ဆိုပြီး မုန့်တွေ ရေချမ်းတွေနဲ့ ဧည့်ခံတယ်။ ဘုရင်ကြီးကလည်း ဒီတောကြီးထဲမှာ မုန့်ပဲသရေစာ တွေနဲ့ ဒီလူက တို့ကို ဘာလို့ဧည့်ခံနေရတာတုန်းဆိုပြီး

တအုံ့တသြဖြစ်နေတယ်။ ဒီလူဟာ လူတော့ဟုတ်ပုံမရဘူးဆိုပြီး မေးတယ်။

"ဘယ်သူလဲ ? တို့က ဘယ်လို နားလည်ရမလဲ? မင်းက လူတော့ဟုတ်ပုံမရဘူး။ သိကြားမင်းလား၊ ဂန္ဓဗ္ဗနတ်လား၊ တောစောင့်နတ်လား? " လို့ မေးတော့ သူက "မဟုတ်ပါဘူး။ ကျွန်တော်မျိုးဟာ **ဝေမာနိကပြိတ္တာ** ဗိမာန်ရှိတဲ့ ပြိတ္တာပါ။ တခြားသူမဟုတ်ဘူး၊ ဟိုဘဝတုန်းက အရှင်မင်းကြီးရဲ့ စစ်သူကြီး နန္ဒကပါ" လို့ဖြေတယ်။

"ဘာဖြစ်လို့ ဒီဘဝမျိုး ဖြစ်ရတာတုန်း" ဆိုတော့ သူက "နတ္ထိကဒိဋ္ဌိ လို့ခေါ်တဲ့ ကံ၊ ကံ၏အကျိုးကို မယုံကြည်တဲ့ အယူဝါဒကို စွဲကိုင်ထားတယ်။ လှူဒါန်းရမယ် ဆိုတာတွေ မယုံကြည်ဘူး။ တစ်ယောက်နဲ့တစ်ယောက် ကူညီရမယ်ဆိုတာတွေ မယုံကြည်ဘူး။ ဘာလုပ်လုပ် အကုသိုလ်လည်း မဖြစ်ဘူး။ ကုသိုလ်လည်း မဖြစ်ဘူး။ ဒီဘဝသေပြီးရင် နောက်ဘဝဆိုတာ မရှိဘူး။ အားလုံးဟာ သတ်မှတ်ထားတဲ့အတိုင်း သွားကြမှာပဲ ဆိုတဲ့ မှားယွင်းတဲ့ မိစ္ဆာအယူဝါဒရှိတဲ့ ပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်" လို့ သူက ရှင်းပြတယ်။

အဲဒီလို ရှင်းပြတဲ့အခါမှာ သူ့မိစ္ဆာဒိဋ္ဌိ အယူဝါဒတွေနဲ့ ပတ်သက်ပြီး သူဘာတွေပြောတုန်းဆို **"ဝိပါကော နတ္ထိ ဒါနဿ"** သူများကိုပေးတာ ကမ်းတာ၊ လက်ဆောင်ပေးတာ ပေးသမျှ ဘာအကျိုးမှမရှိဘူး။ ပေးကမ်းခြင်းကြောင့် ဖြစ်ပေါ် လာနိုင်တဲ့အကျိုး တစ်ခုမှမရှိဘူးတဲ့။

ပြီးတော့ ဘာပြောသေးတုန်းဆို "လောကမှာ ဆရာဆိုတာ လည်း မရှိဘူး" တစ်ယောက်က တစ်ယောက်ကို သင်ပြနိုင်တယ် ဆိုတာ မရှိဘူး။ ယဉ်ကျေးတဲ့လူ ဆိုတာလည်း သူ့ဟာသူ ယဉ်ကျေးလာတာ။ ဘယ်ဆရာမှဆုံးမလို့ ယဉ်ကျေးတာ မဟုတ် ဘူး။ ရိုင်းတဲ့လူကလည်း ဆရာက မဆုံးမလို့ ရိုင်းတာမဟုတ်ဘူး။ သူ့ဟာသူရိုင်းတာ။ ဒါကြောင့် ဆရာဆိုတာကိုလည်း အသိ အမှတ် မပြုဘူး။ အမေဆိုတာကိုလည်း အသိအမှတ်မပြုဘူး။ အဖေ ဆိုတာကိုလည်း အသိအမှတ်မပြုဘူး။ အကြီးအငယ် ဆိုတာလည်း အသိအမှတ်မပြုဘူး။ သတ္တဝါဟာ အတူတူပဲတဲ့။ ကိုယ့်ရဲ့ အကိုကြီးတွေ၊ ဦးကြီးတွေ၊ ဦးလေးတွေ၊ ကြီးတော်တွေ၊ ဒေါ်ဒေါ်တွေ ဒါတွေတစ်ခုမှ အသိအမှတ်မပြုဘူး။ အတူတူပဲတဲ့။

အကြီးကို အသိအမှတ်မပြုသည့် အတွက်ကြောင့် ကြီးတဲ့ လူကို ရိုသေရမယ် ဆိုတာမျိုးလည်း သူလက်မခံဘူး။ "**ဝုဍ္ဎာပစာယန**" ဟုတ်လား "ငယ်သူကို သနား၊ ကြီးသူကို လေးစား" ဆိုတဲ့ အဆိုအမိန့်ကို သူလက်မခံဘူး။ ဘယ်သူ့ ဘယ်သူမှ လုပ်စရာမလိုဘူး။ အတူတူပဲတဲ့။

နောက်ထပ် သူပြောပုံက "လူတွေမှာ စွမ်းရည်သတ္တိ ဆိုတာလည်း ဘာမှမရှိဘူး။ လုံ့လဝီရိယ ဆိုတာလည်း ဘာမှ မရှိဘူး။ ဘာလုပ်လုပ် ဘာမှမဖြစ်ဘူး။ အရင်သတ်မှတ်ထားတဲ့ အတိုင်းပဲ ဖြစ်တယ်" လုံ့လဝီရိယရဲ့ အကျိုးကိုလည်း သူလက်မခံ ဘူးတဲ့။ ဒါတွေက မြတ်စွာဘုရား လက်ထက်တော် အခါကာလ

တုန်းက တိတ္ထိဆရာကြီး ခြောက်ယောက် ဟောပြောထားတဲ့ အယူအဆတွေပဲ။ သူတို့ရဲ့ Philosophy တွေပဲ။

**မာက္ခလိဂေါသာလ** ဆိုတာ ဟောတယ်လေ။ "ဝီရိယ ဆိုတာ အလကား၊ ဘာမှလုပ်မနေနဲ့။ မင်း အေးအေးဆေးဆေး နေ။ လုပ်ရင် မင်းဒုက္ခနဲ့ပဲ တွေ့မယ်။ လုပ်သည့်အတွက်လည်း ဘာအကျိုးမှ မရဘူး" တဲ့။ ဒီလို သူကပြောဆိုတယ်။

နောက်တစ်ခု ဒီပြိတ္တာကြီးက ဘာပြောတုန်းဆို အတိတ် ဘဝတုန်းက ကုသိုလ်ကောင်းမှုလုပ်လို့ ဒီဘဝ ချမ်းသာကြွယ်ဝ တယ်ဆိုတာ မဟုတ်ဘူး၊ ရသင့်တာကို သူရတာဖြစ်တယ်။ ရဖို့ရာအတွက် သူ့ဟာသူ သတ်မှတ်ပြီးသားပဲ။ ဒီလူက ရရမယ်၊ ဒီလူက မရရဘူး၊ ဒီလူက ဆင်းရဲမယ်၊ ဒီလူက ချမ်းသာမယ် ဆိုတာ ကြိုတင်သတ်မှတ်ချက် ရှိတဲ့အတိုင်းပဲဆိုတဲ့ "**နိယတိဝါဒ**" ကို လက်ခံတယ်တဲ့။ ဒါလည်း မာက္ခလိဂေါသာလရဲ့ ဝါဒပဲ။

နောက် သူ့ရဲ့ အင်မတန်မှ ဆိုးဝါးတဲ့ Philosophy တစ်ခုက "**ပကုဓ ကစ္စာယန**" ရဲ့ ဝါဒဖြစ်တယ်။ "လောကမှာ လူတစ်ယောက်က လူတစ်ယောက်ကို သတ်လို့မရဘူး။လူ တစ်ယောက်ကို ဓားနဲ့ခုတ်သတ်တယ်ဆိုတာ ပထဝီကာယ၊ အာပေါကာယ၊ တေဇောကာယ၊ ဝါယောကာယ၊ သုခ၊ ဒုက္ခ၊ ဇီဝဆိုတဲ့ Seven Body ကာယကြီး ခုနစ်ခုထဲ ဓားဝင်သွားတာ သာဖြစ်တယ်၊ သတ်တာ မဟုတ်ဘူး" တဲ့။ ပြစ်မှုကျူးလွန်ဖို့ မြှောက်ပေးတဲ့ သူ့ရဲ့ Philosophy ပဲနော်။ ရက်ရက်စက်စက်

ဖြစ်အောင် လုပ်ပေးတဲ့ ဝါဒမျိုးပဲ။ ဒါတစ်ချိန်တုန်းက အိန္ဒိယ နိုင်ငံမှာ ထွန်းကားခဲ့တဲ့ Philosophy တစ်ခုပဲ။

နောက်တစ်ခု သူက အတ္တဝါဒကို လက်ခံတယ်တဲ့။ လူတွေရဲ့ ခန္ဓာကိုယ်ထဲမှာ ထာဝရ မြဲတယ်ဆိုတဲ့ အတ္တ၊ ဗြဟ္မာကြီးက ဖန်ဆင်းပေးထားတဲ့ **Individual Soul** ဆိုတာလေး ရှိတယ်ပေါ့။ အဲဒီ **Individual Soul** ကို ဘယ်သူမှ ဖျက်ဆီးလို့ မရဘူးတဲ့။

အဲဒီ **Soul** လေးရဲ့ ပုံသဏ္ဍာန်က တစ်ခါတစ်ရံ ရှစ်မြှောင့် သဏ္ဍာန် ရှိတယ်။ တစ်ခါတစ်ရံ အလုံးကလေး သဏ္ဍာန်ရှိတယ်။ ဒါသူတို့ တွေးကြံကြတာ။ အတ္တနဲ့ ပတ်သက်လို့ အိန္ဒိယ **Philosophy** မှာ အများကြီး ရှိတယ်။ အတ္တကို အသေး အကြီး ဒီလိုရှိတာ။ ပုရွက်ဆိတ်ကသေးလို့ သူရဲ့အတ္တက သေးသေး လေးပေါ့။ ဆင်ကြီးရဲ့အတ္တကတော့ ကြီးတယ်ပေါ့။ အတ္တဆိုတာ တစ်ကိုယ်လုံး ပျံ့နှံ့ပြီးနေတာတဲ့။ အိန္ဒိယမှာ အတ္တဝါဒနဲ့ ပတ်သက်ပြီး အမျိုးမျိုး ကြံဆပြောဆိုတဲ့ထဲမယ် ဒီလို အယူအဆ တွေက ပိုတယ်ပေါ့။

နောက်တစ်ခါ သူပြောတဲ့ စကားလေးက "လူမိုက်ဖြစ်ဖြစ် ပညာရှိဖြစ်ဖြစ် သတ်မှတ်ထားတဲ့ အချိန်အတိုင်း သွားမှာပဲတဲ့။ လူမိုက်ကလည်း ငါလူမိုက်ဆိုပြီး သံသရာရှည်ချင်လို့ မရဘူး။ ပညာရှိကလည်း ငါပညာရှိဆိုပြီး သံသရာ တိုချင်လို့ မရဘူး"တဲ့။ သူပြောတဲ့ဥပမာက မက္ခလိဂေါသာလရဲ့ ဥပမာအတိုင်းပဲ။ မြင့်ရာကနေ အပ်ချည်လုံးတစ်လုံးရဲ့ အပ်ချည်စလေးကို ကိုင်ပြီး

အဲဒီအပ်ချည်လုံးကို အောက်ကိုပစ်ချလိုက်တဲ့။ ကြိုးမဆုံးမချင်း အပ်ချည်လုံးက လိမ့်နေမှာပဲတဲ့။ အပ်ချည်ကြိုးဟာ သူ့ အတိုင်းအတာဆုံးတဲ့နေရာ ရပ်မှာပဲတဲ့။ လူတွေရဲ့ ဘဝဟာ လည်း သတ်မှတ်ထားတဲ့ အတိုင်းအတာတစ်ခုအတိုင်းပဲ သွားမယ်။ သံသရာခရီးသွားတယ်ဆိုတာ အဲဒီအတိုင်းအတာနဲ့ သွားနေကြတာ။ ကြိုးကုန်တဲ့နေ့တစ်နေ့ရပ်ကြမှာပဲတဲ့။ ဒီကြား ထဲမှာ ရပ်ချင်လို့လည်း မရဘူးတဲ့၊ ဒီလိုဆိုတာနော်၊ ဒီလို အယူ အဆတွေ သူ့မှာရှိခဲ့တယ်ဆိုတဲ့ အကြောင်းကို ပြန်ပြောပြတယ်။

နောက်တစ်ခါ လူတစ်ယောက် သေဆုံးခြင်းနဲ့ ပတ်သက် ပြီး သူယူခဲ့တဲ့ မှားယွင်းတဲ့အယူအဆကို ဥပမာလေးနဲ့ ပြောပြ တယ်။

**"ယထာ ဂါမတော နိက္ခမ္မ၊ အညံ ဂါမံ ပဝိသတိ။**
**ဧဝမေဝံ စ သော ဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ"**

လူတစ်ယောက်ဟာ တစ်ရွာကထွက်ပြီး တစ်ရွာဝင်သွား သလို့ပဲ **Soul** ဆိုတဲ့ အတ္တလေးဟာ **Body** တစ်ခုကနေ ထွက်သွားပြီး **Body** တစ်ခုထဲ ဝင်တာပါတဲ့။

စာအုပ်တစ်အုပ်မှာ ဒါကိုရည်ညွှန်းပြီး "ဗုဒ္ဓဝါဒထဲမှာ ဟိန္ဒူဝါဒတွေ ရောနေတယ်" လို့ ပြောတာ။ ဒါက ဒီလို မိစ္ဆာဝါဒ ရှိခဲ့တဲ့အကြောင်းကို ဒီပြိတ္တာကြီးက ပြန်ပြောနေတဲ့စကားသာ ဖြစ်တယ်။ စာပေထဲမှာရောတာ မဟုတ်ဘူးနော်။ အဲဒါဆိုရင် ဗြဟ္မဇာလသုတ်တို့၊ သာမညဖလသုတ်တို့မှာ မိစ္ဆာဝါဒတွေ ထည့်သွင်းဟောထားတာ။

အခု သူပေးတဲ့ ဥပမာအတိုင်း ဗမာတွေပြောတဲ့ “ဝင်စားတယ်” ဆိုတာ အရပ်စကားအနေနဲ့တော့ ပြောလို့ရတယ်၊ အစစ်အမှန်အနေနဲ့ ဝင်စားတာတော့ မရှိဘူး။ ဒီဘဝကနေ နောက်ဘဝကို ပါသွားတာ ဘာမှမရှိဘူး။ ပါသွားတာ မရှိဘူး ဆိုပေမယ့် အကြောင်းတရားအနေနဲ့ ဆက်စပ်မှုရှိတာဖြစ်တယ်။ နောင်ဘဝ ဖြစ်ပေါ်ဖို့အတွက် ဒီဘဝဟာ အကြောင်းဖြစ်တယ်။ ဒီဘဝ အကြောင်းမပါဘဲနဲ့ နောင်ဘဝ မဖြစ်ဘူးလို့ ဒီလိုဆိုလိုတာနော်။

သို့သော် ဒီဘဝက တစ်ခုခုက ထွက်သွားပြီး နောင်ဘဝထဲကို ဝင်သွားတာတော့ မဟုတ်ဘူး။ ဘာဖြစ်လို့တုန်းဆို ဒီဘဝတင်ပဲ ကြည့်လေ၊ စိတ်ကလေးတွေဟာ ဖြစ်ပြီး ပျက်နေတာချည်းပဲ။ ဘယ်အထိပျက်တာတုန်းဆိုရင် ပျက်ပြီး နောက်ထပ် ပြန်မရတဲ့ အပျက်မျိုးဖြစ်တယ်။ ဥပမာ ဖယောင်းတိုင်မီးလေးကို ငြိမ်းလိုက်မယ်ဆိုရင် မီးတောက်ဟာ နောက်ထပ်ပြန်ယူလို့ မရတော့ဘူး။ နောက်ထပ်ထွန်းတာ နောက်မီးပဲ။ အဲဒီသဘောပဲ၊ ပျက်သွားတယ်ဆိုတာ **Forever** အမြဲတမ်းပျက်သွားတာ။

အကြောင်းကြောင့် ပေါ်လာတဲ့အရာဟာ ပျက်သွားတဲ့အရာက ပြန်ပေါ်လာတာ မဟုတ်ဘူး။ သူ့အကြောင်းကြောင့် နောက်တစ်ခုက အသစ်ပြန်ဖြစ်တာ။ စဉ်ဆက်မပြတ် ဖြစ်နေတဲ့သဘော။ ပုနဘဝ ပုနဘဝနဲ့ သုံးတဲ့ စကားလုံးက အဲဒါပဲ။ ထပ်ဖြစ်တယ်၊ ထပ်ဖြစ်တယ်ဆိုတဲ့သဘော။ ဘာလို့ဖြစ်ရတာလဲ

အကြောင်းရှိလို့ဖြစ်တာ။ အကြောင်းရှိနေသေးရင် ထပ်ဖြစ်မှာ။ သစ်ပင်တစ်ပင်ကို ခုတ်လိုက်၊ အောက်က အမြစ်ကျန်နေသေးရင် ပြန်ပေါက်မှာပဲ။ ဒီလိုပဲ အကြောင်းရှိနေသေးရင် ပြန်ဖြစ်တယ်။ အကြောင်းမရှိတော့မှ တစ်ခါတည်း ပြတ်သွားတယ်။

အခုသူပြောတဲ့ စကားက "ရွှာတစ်ရွာကနေထွက်ပြီး နောက်တစ်ရွာ ဝင်သလိုပဲတဲ့။ ဇီဝဆိုတဲ့ အတ္တလေးဟာလည်း ခန္ဓာတစ်ခုကနေထွက်ပြီး နောက်ခန္ဓာတစ်ခုကို ဝင်တယ်" လို့ ဆိုလိုတာ။ ဒီနေ့ခေတ် ဗုဒ္ဓဘာသာလို့ နာမည်ခံနေတဲ့ တိဘက်တွေဟာ **Reincarnation** ဆိုတဲ့ ပြန်လည်ဝင်စားခြင်းကို လက်ခံတယ်။ ဗုဒ္ဓဘာသာဝင် ဗမာတွေလည်း ဒီစကားတော့ ပြောနေတာပဲ။ သို့သော် မြတ်စွာဘုရားရဲ့ တရားတော်ကို အမှန်အတိုင်း သိပြီဆိုရင် **Reincarnation** ဆိုတာ မရှိဘူး။ အကြောင်းရှိလို့ အကျိုးပေါ်တာလို့ပဲ ယူရတယ်။ နောက်ထပ် ဒီကနေပြီးတော့ သွားတယ်ဆိုတာ တစ်ခုမှမရှိဘူး။ သို့သော် ဆက်စပ်မှုတော့ ရှိတယ်။

ဘယ်လိုဆက်စပ်တာလဲ? **Process**အနေနဲ့ ဆက်သွယ်မှုတော့ရှိတယ်။ အရင်တုန်းက ဘုန်းကြီးတို့ ဒီကိစ္စနဲ့ပတ်သက်ပြီး ရှင်းဟောထားတဲ့ "**န စ သော န စ အညော**" ဆိုတာ ရှိတယ်။ "သူလည်းမဟုတ်ဘူး တစ်ခြားသူလည်း မဟုတ်ဘူး" ဒီလိုဆိုလိုတာ။ ဆက်စပ်မှုကတော့ ရှိတယ်ပေါ့။

နောက် ဥပမာ တစ်ခုက -

**"ယထာ ဂေဟတော နိက္ခမ္မ၊ အညံဂေဟံ ပဝိသတိ"** တဲ့။ အိမ်တစ်အိမ်ကနေထွက်ပြီး နောက်အိမ်တစ်အိမ်ထဲ ဝင်သွားသလိုပဲတဲ့။ **"ဧဝ မေဝံ စ သော ဇီဝေါ၊ အညံ ဗောန္ဒိံ ပဝိသတိ"** တဲ့။ ဇီဝဆိုတဲ့ အတ္တလေးဟာ **Body** တစ်ခုကထွက်ပြီး **Body** တစ်ခုထဲ ဝင်တာပါတဲ့။ ဒီဇီဝလေးဟာ ထာဝရမြဲပြီး **Body** ကြီးသာ ပြောင်းလဲနေတာ။ ဇီဝကတော့ မပြောင်းလဲဘူး၊ ဒီလိုဆိုလိုတယ်နော်။ ဒါဖြင့် ဒီ ဇီဝလေးပဲ ခွေးကိုယ်ထဲ ရောက်လိုက်၊ နွားကိုယ်ထဲ ရောက်လိုက်၊ ဝက်ကိုယ်ထဲ ရောက်လိုက် ဒီလိုနေတာပေါ့။

ဒီဇီဝလေးက မြဲနေတယ်လို့ဆိုရင် မဂ္ဂင်ရှစ်ပါးကျင့်ပြီး သံသရာဝဋ်က လွတ်ဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ အဲဒီတော့ မြတ်စွာဘုရားက ဟောတယ်၊ ဒီလိုမဟုတ်ဘူး၊ အကြောင်းနဲ့အကျိုး ဆက်သွယ်နေလို့ဖြစ်တာ။ အမှန်မမြင်သေးလို့ ဖြစ်တာ။ အမှန်မြင်လာတဲ့အခါ အကြောင်းနဲ့အကျိုးနဲ့ ရှင်းရှင်းလင်းလင်း သိသွားပြီဆိုတဲ့အခါ အကြောင်းတရားတွေကို ငြိမ်းသတ်လိုက်တာနဲ့တစ်ပြိုင်နက် အကျိုးတရား နောက်ထပ် မလာတော့ဘူး။ အကြောင်းသတ်တဲ့နည်းနဲ့ သွားတာ။

**သမီးကျေးဇူး**

အဲဒီတော့ ဒီနန္ဒကဆိုတဲ့ ပြိတ္တာကြီးက သူဒီလို မိစ္ဆာအယူဝါဒတွေ ရှိသည့်အတွက်ကြောင့် ပြိတ္တာဘဝ ရောက်ခဲ့ရတဲ့

အကြောင်းကို ဘုရင်ကြီးကို ရှင်းပြတယ်၊ တွေ့ချင်လို့ကို သူက လမ်းလွှဲပြီးတော့ သူ့ဆီခေါ်တာ။

ဘုရင်ကြီးက နောက်တစ်ခုမေးတယ်။ "ဒီလို မိစ္ဆာအယူဝါဒ ရှိလျက်သားနဲ့ ဘာဖြစ်လို့ ဒီဘုံဗိမာန်ကြီးရပြီးတော့ အခုလို မုန့်တွေ ရေချမ်းတွေနဲ့ တို့ကိုဧည့်ခံနိုင်တာလဲ"

သူ့မှာ ဥတ္တရာလို့ခေါ်တဲ့ လိမ္မာတဲ့ သမီးတစ်ယောက် ရှိပါတယ်တဲ့။ ဘုရားတရား အင်မတန်မှ ကြည်ညိုတယ်။သဒ္ဓါ တရား အင်မတန်မှ ကောင်းတယ်။ သူသေသွားတဲ့အခါ သမီးလေးက အဖေ့အတွက်လို့ဆိုပြီး ဆွမ်းခံကြွလာတဲ့ ရဟန်းတစ်ပါးကို သေသေချာချာပင့်ပြီးတော့ သောက်စရာ ရေချမ်းတို့ မုန့်တို့ လောင်းလှူပြီး "ဒီကောင်းမှုသည် တမလွန်ဘဝသို့ ရောက်သွားတဲ့ ကျွန်ုပ်အဖေရဲ့ကောင်းမှုဖြစ်ပါစေ" လို့ ဒီလို အမျှဝေခဲ့တယ်။ အမျှဝေလိုက်တာကို သာဓုခေါ်လိုက်တဲ့ အချိန်ကစပြီး သူ့မှာ ရေချမ်းတွေလည်း အများကြီးရလာတယ်။ မုန့်တွေလည်း စားမကုန်အောင် သူလိုချင်တဲ့ အချိန်တွေတိုင်း ရလာတယ်။ ဒါ သမီးလေးရဲ့ ကျေးဇူးကြောင့်လို့ ပြန်ပြောပြတယ်။

## ခြောက်လလွန်က ငရဲကျမည်

အဲဒီလို ပြန်ပြောပြပြီးတော့ ဘုရင်ကြီးကို သူဟာ မိစ္ဆာအယူဝါဒကြောင့် ခုပြိတ္တာဘဝမှာ သူရောက်ရှိနေတယ်။ သမီးရဲ့ ကျေးဇူးကြောင့် စားစရာတွေ ပေါများသော်လည်း နောင်

ခြောက်လလွန်တဲ့အခါ ဒီမိစ္ဆာအယူဝါဒကြောင့်ပဲ ငရဲကျရ တော့မယ်။ ဒီဘဝမှာ သူအကြာကြီးနေလို့ မရဘူးပေါ့။

အဲဒီတော့ မိစ္ဆာအယူဝါဒ မိစ္ဆာဒိဋ္ဌိဆိုတာကို သာမန် မထင်နဲ့။ သူယူတဲ့ မိစ္ဆာဒိဋ္ဌိကို ဒုစရိုက်ဆယ်ပါးထဲမှာ မနော ဒုစရိုက်လို့ ခေါ်တယ်နော်။ အဲဒီ မနောဒုစရိုက်ကို စာလိုပြောတဲ့ အခါ အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ ဒီလိုပြောတာနော်။ အကုသိုလ် ကမ္မပထတရား ဆယ်ပါးထဲမှာ မနောကံသုံးပါးလို့ ခေါ်တယ်။ ဒုစရိုက် ဆယ်ပါးထဲမှာဆိုရင် မနောဒုစရိုက်။ သူတို့က စေတနာ နဲ့ မဆိုင်ဘူး၊ **"စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ"** လို့ ဟောပေမယ်လို့ ဒီနေရာမှာ စေတနာကို ကံပြောတာ မဟုတ် ဘူး။ အဘိဇ္ဈာဆိုတဲ့ လောဘ၊ ဗျာပါဒဆိုတဲ့ ဒေါသ၊ မိစ္ဆာဒိဋ္ဌိ လို့ဆိုတဲ့ ဒိဋ္ဌိ ဒီတရားသုံးမျိုးဟာလည်းပဲ ကံအရာ မြောက် သွားတယ်တဲ့။ စေတနာလိုပဲ ကံဖြစ်တယ်။ ကံဖြစ်တယ်ဆိုတာ **Accumulate** ဖြစ်ပြီးတော့ အကျိုးကို ထုတ်လုပ်နိုင်တဲ့ စွမ်းရည် သတ္တိတွေ ရှိတယ်လို့ ဆိုလိုတာ။

အဲဒီတော့ ဒီထဲမယ် အဘိဇ္ဈာဆိုတာ ဘာပြောတာတုန်း ဆိုတော့ သူများပစ္စည်းကို ကိုယ့်ပစ္စည်း ဖြစ်ချင်တယ်၊ "ဒါ ငါ့ဟာဖြစ်ရင် ကောင်းမှာ" ဆိုတဲ့ လောဘဖြစ်တယ်။ သူများ ပစ္စည်းကိုတော့ မလိုချင်ဘူး။ သူများပိုင်တဲ့ပစ္စည်းမျိုး ဒါမျိုးလေး ငါရချင်တယ်။ အဲဒါဆိုရင် ရိုးရိုးလောဘ။ သူများပစ္စည်းကိုမှ ကိုယ့်ပစ္စည်း လုပ်ချင်တာကတော့ အဘိဇ္ဈာလို့ခေါ်တယ်။ ဒီ

လောဘက စေတနာလိုပဲ တွန်းအားတစ်ခုဖြစ်ပြီး ကံဖြစ်သွားတယ်။ အဲဒါ မနောကံ။

သားကိုစိတ်ဆိုးတယ်၊ သမီးကိုစိတ်ဆိုးတယ်၊ မလိမ္မာတဲ့ လူတွေကိုစိတ်ဆိုးတယ်။ ဒီလို ရိုးရိုးစိတ်ဆိုးတာက ဒေါသ ဖြစ်တယ်။ အဲဒီလိုမဟုတ်ဘဲနဲ့ "ဒီကောင်သေသွားရင် ကောင်းမှာပဲ၊ ဒီကောင် ဒုက္ခရောက်သွားရင် ကောင်းမှာပဲ၊ ဒီကောင် မမြင်ရရင် ကောင်းမှာပဲ" လို့ဆိုတဲ့ ဒီလို သူပျက်စီးဖို့ရာ တွေးတဲ့ ဒေါသမျိုးကျတော့ ဗျာပါဒတဲ့။ အဲဒါကျတော့ မနောကံဖြစ်သွား ပြန်ရော။

ရိုးရိုးစိတ်ဆိုးတဲ့ ဒေါသက ဒေါသပဲ။ ဒုစရိုက် မဟုတ်ဘူး။ မနောကံ မဟုတ်သေးဘူး။ အခု ဒါကတော့ မနောကံ ဖြစ်သွား ပြီ၊ ပျက်စီးသွားပါစေ၊ သေသွားပါစေဆိုတဲ့ စိတ်ဆိုးပြီး တွေးတဲ့ အတွေးမျိုးတွေ ရောက်လာပြီဆိုရင် ဗျာပါဒတဲ့။ အဲဒါ မနောကံ မြောက်သွားပြီလို့ ဆိုတာ။

တစ်ခါ မိစ္ဆာဒိဋ္ဌိ မှားယွင်းတဲ့ အမြင်ဆိုတာ (၆၂)မျိုး ရှိတယ်။ အဲဒီ(၆၂)မျိုးလုံးကို ဒီနေရာမှာ ဒုစရိုက်လို့ ပြောတာ လား ဆိုတော့ မဟုတ်ဘူး။ အဓိကက "ကံ၊ ကံ၏အကျိုးကို ငြင်းပယ်တဲ့ နတ္ထိကဒိဋ္ဌိကို ပြောတာ" နတ္ထိက ဆိုတာမရှိဘူးလို့ ငြင်းပယ်တာ။ ဘာမရှိဘူးလဲဆိုရင် ကုသိုလ်ကံရဲ့ အကျိုးမရှိဘူး၊ အကုသိုလ်ကံရဲ့အကျိုး မရှိဘူး၊ တမလွန်ဘဝမရှိဘူး၊ သေပြီး ပြန်ဖြစ်တာမရှိဘူး၊ ကုသိုလ်လုပ်လုပ် အကုသိုလ်လုပ်လုပ် အကျိုးဆိုတာ မရှိဘူး၊ အမေမရှိဘူး၊ အဖေမရှိဘူး၊ အမေ အဖေ

မရှိသည့်အတွက် ကြောင့် အမေ အဖေကို အသိအမှတ် မပြုဘူး၊ မပြုသည့် အတွက်ကြောင့် အမေ အဖေကို စော်ကားလည်း ဘာမှမဖြစ်ဘူး၊ ပြုစုလုပ်ကျွေးလည်း ဘာမှ မရဘူး ဆိုတဲ့ အယူအဆမျိုးကို မိစ္ဆာဒိဋ္ဌိ လို့ ခေါ်တာ။ အဲဒီ မိစ္ဆာဒိဋ္ဌိကို မနောကံလို့ ခေါ်တာ။ ဟိုသက္ကာယဒိဋ္ဌိတို့ ဘာတို့ ဆိုတာမျိုးကို ခေါ်တာမဟုတ်ဘူး။

သက္ကာယဒိဋ္ဌိဆိုတာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် လို့ဆိုတဲ့ ခန္ဓာငါးပါးထဲက တစ်ခုခုကို ထာဝရမြဲတဲ့ အရာလို့ပဲ ဖြစ်စေ၊ ထာဝရမမြဲဘူး ပျက်သွားရင် နောက်ထပ် မဖြစ်တော့ဘူးဆိုတဲ့ အယူမျိုးဖြစ်စေ၊ အဲဒီခန္ဓာငါးပါးထဲက တစ်ခုခုကို အတ္တလို့ မှားယွင်းစွာ မှတ်ယူတာဖြစ်စေ ဒါကို သက္ကာယဒိဋ္ဌိ လို့ခေါ်တယ်။ အဲဒါက သံသရာဝဋ်က မလွတ်ရုံဘဲ ရှိတယ်။ အပါယ်ငရဲချတာ မဟုတ်ဘူး။

အခုပြောတဲ့ မိစ္ဆာဒိဋ္ဌိကတော့ အပါယ်ငရဲကို ကျစေနိုင်တဲ့ **နတ္ထိကဒိဋ္ဌိ**ဖြစ်တယ်။ ကံ၏အကျိုးတရားကို ငြင်းပယ်တယ်။ အကျိုးတရားကို ငြင်းပယ်တယ်လို့ ဆိုကတည်းက ကံကိုလည်း ငြင်းပယ်ပြီးသား ဖြစ်သွားတယ်။ ဒါကြောင့် **"အဟေတုကဒိဋ္ဌိ" "အကိရိယဒိဋ္ဌိ" "နတ္ထိကဒိဋ္ဌိ"** ဆိုတဲ့ ဒီသုံးခုဟာ အဆိုးဆုံး မိစ္ဆာဒိဋ္ဌိတွေဖြစ်တယ်။

အဟေတုကဒိဋ္ဌိဆိုတာ အကြောင်းမဲ့ ဖြစ်တယ်လို့ ယူဆတာ။ အကိရိယဒိဋ္ဌိ ဆိုတာ ကံကို ငြင်းပယ်တာ၊ ကံဆိုတာ မရှိဘူး၊ လုပ်လို့လည်း မရဘူး၊ ကုသိုလ်ဆိုတာ မရှိဘူး၊ ကုသိုလ်

ဆိုတာ လုပ်လို့မရဘူး၊ အကုသိုလ်ဆိုတာလည်း မရှိဘူး၊ လုပ်လို့လည်း မရဘူးလို့ဆိုတဲ့ အယူဝါဒဟာ အကိရိယဒိဋ္ဌိဖြစ်တယ်။

အချက်(၁၀)ချက်ကို ငြင်းဆိုထားတာကတော့ နတ္ထိကဒိဋ္ဌိဖြစ်တယ်။ ဒီ(၁၀)ချက်က ဘာတုန်းဆိုရင် ကံရဲ့အကျိုးနဲ့ ပတ်သက်တဲ့ (၁၀)ချက်ဖြစ်တယ်။ ဒါနနဲ့ ပတ်သက်ပြီးတော့ (၃)မျိုးကို ငြင်းဆိုတယ်။ **"နတ္ထိ ဒိန္နံ၊ နတ္ထိ ယိဋ္ဌံ၊ နတ္ထိ ဟုတံ"** ပေးကမ်းခြင်းအကျိုးဆိုတာ မရှိဘူးဆိုတာ အကျိုးကို ရည်ညွှန်းပြီးတော့ ပြောတာ။ ပေးလို့ကမ်းလို့ ဘာအကျိုးမှ မရှိဘူး။ ပူဇော်ပသလို့ ဘာအကျိုးမှ မရှိဘူး။ လက်ဆောင်ပဏ္ဏာ ပေးလို့လည်း ဘာအကျိုးမှ မရှိဘူး။

**"နတ္ထိသုကတ ဒုက္ကဋာနံ ကမ္မာနံ ဖလံဝိပါကော"** တဲ့။ ကုသိုလ်၊ အကုသိုလ်တို့ရဲ့ အကျိုးရင်း အကျိုးဆက်ဆိုတာ မရှိဘူး။ **"နတ္ထိ မာတာ နတ္ထိ ပိတာ"** အမေဆိုတာ မရှိဘူး အဖေဆိုတာ မရှိဘူး။ **"နတ္ထိ အယံ လောကော"** ဒီလောကဆိုတာလည်း မရှိဘူး။ **"နတ္ထိ ပရော လောကော"** နောက်လောက ဆိုတာလည်း မရှိဘူး။ **"နတ္ထိ သတ္တာ ဩပပါတိကာ"** သေပြီး ပြန်မွေးတဲ့သတ္တဝါဆိုတာ မရှိဘူး။

**"နတ္ထိ သမ္မဂ္ဂတာ သမ္မာပဋိပန္နာ ယေ ဣမံ စ လောကံ ပရဉ္စလောကံ သယံ အဘိညာ သစ္ဆိကတွာ ပဝေဒေန္တိ"** တရားမွေ့ကို ကျင့်ကြံလို့ အသိဉာဏ်ထူးရပြီး လောကကြီး အကြောင်းကို ပြည့်ပြည့်ဝဝ ဟောနိုင်တဲ့ ဘုရားဆိုတာ မရှိဘူးတဲ့။ ဘုရားကိုလည်း ငြင်းပယ်တယ်။။ အဲဒီ

ဒိဋ္ဌိမျိုးကျတော့ ဒုစရိုက်ထဲက မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ အဲဒီ မိစ္ဆာဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်သည် နတ်ပြည်တောင် မရောက်ဘူးတဲ့။ ကောင်းရာသုဂတိ မရောက်ဘူး။ လူ့ဘဝလည်း မရောက်ဘူးလို့ ဒီလို ပြောတာနော်။ ဒီ မိစ္ဆာဒိဋ္ဌိကိုမှ ဒုစရိုက်လို့ခေါ်တယ်။ ဟို သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတွေကို ပြောတာ မဟုတ်ဘူး။

သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိဆိုတာ သက္ကာယဒိဋ္ဌိပဲဖြစ်တယ်။ ခန္ဓာနဲ့ ပတ်သက်ပြီး **Soul** လို့ခေါ်တဲ့ အတ္တကို လက်ခံတယ်။ အတ္တဒိဋ္ဌိကို ရည်ညွှန်းတာ။ **Soul**ဆိုတဲ့ အတ္တလေးရှိတယ်လို့ လက်ခံလိုက်တာနဲ့ တစ်ပြိုင်နက် ထို အတ္တရဲ့ မြဲတယ်မမြဲဘူး ဆိုတဲ့ နှစ်ခုဟာ ပေါ်လာတာပဲပေါ့။ ခန္ဓာငါးပါးထဲက တစ်ခုခုကို အတ္တလို့ ယူဆလိုက်တယ်ဆိုရင် သက္ကာယဒိဋ္ဌိ, အတ္တဒိဋ္ဌိ ဖြစ်လာတယ်။ အဲဒီ အတ္တဒိဋ္ဌိကိုမှ မြဲတယ်လို့ ယူဆရင် သဿတဒိဋ္ဌိ။ မမြဲဘူးလို့ ယူဆရင် ဥစ္ဆေဒိဋ္ဌိပေါ့။

အခု ဒီ နန္ဒကပြိတ္တာကြီးက ပြောနေတဲ့ စကားထဲက သူက သဿတဒိဋ္ဌိကို ပြောတာ။ ဇီဝဆိုတဲ့ ဒီအတ္တလေးဟာ ခန္ဓာကိုယ်တစ်ခုကနေပြီးတော့ ခန္ဓာကိုယ်တစ်ခုထဲ ဝင်သွားတယ်လို့ ဒီလိုပြောတာ။ ဒါမြဲနေတဲ့ သဘောကို ပြောတာနော်။ မမြဲဘူးဆိုတဲ့ ပုဂ္ဂိုလ်တွေက ရုပ်ဝါဒီ သမားတွေ ဖြစ်တယ်။ ဒီဘဝသေပြီးရင် နောက်ဘဝဆိုတာ မရှိဘူး။ အဲဒါကျတော့ မမြဲဘူးဆိုတဲ့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်။ ကျန်တဲ့ မိစ္ဆာအယူဝါဒတွေဟာလည်း အတ္တဒိဋ္ဌိကို အခြေခံပြီးတော့ ပေါက်ဖွားလာတာတွေပဲ။ တွေးတောပုံချင်းတော့ မတူဘူးပေါ့။

ဗမာလူမျိုးတွေကျတော့ လိပ်ပြာတဲ့၊ ဝိညာဉ်ကောင်တဲ့။ လိပ်ပြာဝိညာဉ်ကောင်လဲ အတ္တဆိုတာနဲ့ အတူတူပဲ။ ဇီဝဆိုတာနဲ့ အတူတူပဲ။ အသက်ထွက်တယ်လို့ ဗမာတွေက ပြောကြတယ်။ အဲဒီ အသက်ဟာ ထွက်သွားတာ မဟုတ်ဘူးနော်။ သို့သော် ယုံကြည်ချက်အတိုင်း ဒီစကားလုံးကို ပြောတာ။ အသက်က ထွက်သွားပြီးတော့ နောင်ဘဝ ဝင်စားသွားတာ ဒီလိုမဟုတ်ဘူး။ ချုပ်သွားတာပဲ။ တရားဓမ္မအနေနဲ့ဆိုရင် အကြောင်းကုန်လို့ ချုပ်တာ။ နောက်ထပ် ဖြစ်တာက အသစ်။ အကြောင်းတရား ကြောင့် ဆက်ပြီးတော့ ဖြစ်တာ ဒီလိုယူရမယ်။

အေး- အဲဒီတော့ ဒီနန္ဒကပြိတ္တာကြီးက ဒီလို အယူအဆ တွေ ယူခဲ့သည့်အတွက်ကြောင့် ဒီပြိတ္တာဘုံ ရောက်တာ။ ဒီ အယူအဆကြောင့်ပဲ ခြောက်လလွန်ရင် ဒုက္ခတွေ အင်မတန်မှ ကြီးမားတဲ့ အဝီစိငရဲကို သူကျရမှာပါ။ ဒါကြောင့် သူနေ့စဉ်နဲ့ အမျှ စိတ်မချမ်းသာဘူး၊ စိုးရိမ်နေရတယ်။ နောက်ခြောက်လ ဆိုရင် ငါသွားရတော့မယ်ဆိုပြီး လက်ချိုးရေတွက်နေရမှာ။ သွားရင် ဒီထက်ဆိုးတဲ့ဒုက္ခ သူခံရတော့မယ်ဆိုတာ သိနေတယ် နော်။ ထွက်ရာလမ်းကိုတော့ သူမသိဘူး။ ဒီတော့ ဘုရင်ကြီးကို သူက အမှာစကားပါးလိုက်တယ်။ “မိစ္ဆာအယူဝါဒတွေ မယူပါနဲ့။ လိမ္မာတဲ့သမီးလေးကြောင့် သူဒီဘဝမှာ ခေတ္တခဏ ချမ်းသာခံစား ရတာပါ”တဲ့။ အမှန်တရားကို မမြင်နိုင်သည့် အတွက်ကြောင့် မိစ္ဆာအယူဝါဒကို ယူမိတာပါတဲ့။

အမြင်ဆိုတာ အင်မတန်မှ ပြင်နိုင်ခဲတယ်။ ဒါကြောင့်မို့ လူတွေရဲ့အမြင်ဟာ စွဲလမ်းမှုတစ်ခုလို့ပြောတာ။ တခြားမပြောနဲ့ လူတွေ သူ့အယူအဆ ကိုယ့်အယူအဆမတူလို့ ငြင်းနေကြတာ ပေါ့။ သာမန်ကိစ္စလေးတောင်မှပဲ လူတွေက စွန့်လွှတ်နိုင်ခဲတယ်။ ကိုယ့်အမြင်မှ၊ ကိုယ်ပြောတာမှ အဟုတ်ထင်တယ်။ သူများ ပြောရင် လက်မခံနိုင်ဘူး။

## ဘုရင့်အတွက် မှာကြားချက်

နောက်ဆုံးမှာတော့ ပြိတ္တာကြီးက ဘုရင်ကြီးကို တရား ဟောလိုက်တယ်။ "လောကမှာ အကောင်းဆုံး အမြတ်ဆုံး ကတော့ မြတ်စွာဘုရားပဲဖြစ်ပါတယ်" ဗုဒ္ဓကို ကိုးကွယ်ပါတဲ့။ **"သဒေဝကဿ လောကဿ၊ ဗုဒ္ဓေါ အဂ္ဂေါ ပဝုစ္စတိ"** "လူ့လောကမှာပဲဖြစ်ဖြစ်၊ နတ်လောကမှာပဲဖြစ်ဖြစ် အမြတ်ဆုံး ဆိုတာ ဗုဒ္ဓပဲဖြစ်ပါတယ်၊ ဒါကြောင့်မို့ အရှင်မင်းကြီး စိတ်ကူး မလွဲနဲ့၊ ဗုဒ္ဓကို ဆည်းကပ်ပါ။ သူ့ရဲ့ ဆုံးမဩဝါဒကို ခံယူပါ"လို့ သူက တိုက်တွန်းပြီး အမှာစကားပြောကြားလိုက်တယ်။

လက်တွေ့ကျင့်သုံးဖို့ ဘာလုပ်မလဲလို့ဆိုတော့ -

**"အဋ္ဌင်္ဂိကေန မဂ္ဂေန၊ ဖုသန္တိ အမတံ ပဒံ"** သူပြော တဲ့ စကားလေးတွေက အဆင့်မြင့်တယ်။ "မသေရာ နိဗ္ဗာန် ဆိုတာ ဘာနဲ့ရောက်နိုင်မလဲဆိုရင် မဂ္ဂင်ရှစ်ပါးနဲ့မှ ရောက်နိုင် တယ်"တဲ့။ မဂ္ဂင်ရှစ်ပါး မပါဘဲနဲ့ မျက်စိနဲ့ နိဗ္ဗာန်ကို မြင်လို့မရဘူး၊ နားနဲ့နိဗ္ဗာန်ကို ကြားလို့မရဘူး၊ နှာခေါင်းနဲ့ အနံ့ခံလို့ မရဘူး၊

လျှာနဲ့ လျက်လို့မရဘူး၊ ခန္ဓာကိုယ်နဲ့ ထိတွေ့လို့မရဘူး၊ သာမန် အသိစိတ်တွေနဲ့လည်း နိဗ္ဗာန်ကို အာရုံပြုလို့မရဘူးတဲ့နော်။

မဂ္ဂင်ရှစ်ပါးဆိုတဲ့ အကျင့်တရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ခြင်းဖြင့်သာလျှင် အမတဆိုတဲ့ နိဗ္ဗာန်ထိရောက်နိုင် ပါတယ်။ ဒါကြောင့်မို့ အဲဒီ အမတဆိုတဲ့ နိဗ္ဗာန်ကို ရောက်စေ နိုင်တဲ့ မဂ္ဂင်ရှစ်ပါးအကျင့်တရားကို ကိုးကွယ်ဆည်းကပ်ပါတဲ့။ ဒါကို ကျင့်သုံးပါလို့ သူက အမှာစကား ပြောကြားတယ်။

နောက်တစ်ခါ -

**"စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေဋ္ဌိတာ"**

သံဃာတွေနဲ့ ပတ်သက်လာတဲ့ အခါမှာ အရိယာသံဃာ ဟာ အဓိကဖြစ်တယ်။ **"သံဃံ သရဏံ ဂစ္ဆာမိ"** လို့ ဆိုတဲ့ အထဲမယ် ပုထုဇဉ်သံဃာတွေကို ရည်ညွှန်းတာ မဟုတ်ဘူး။ အရိယာသံဃာတွေကို ရည်ညွှန်းတာဖြစ်တယ်။ ဒါကြောင့် **စတ္တာရော စ ပဋိပန္နာ** ဆိုတာ ကျင့်နေဆဲ ပုဂ္ဂိုလ်လေးဦးတဲ့။ ကျင့်နေဆဲပုဂ္ဂိုလ်ဆိုတာ မဂ်စိတ် ဖြစ်ပေါ်နေဆဲကို ဆိုလိုတယ်။ ဆိုပါစို့ ဝိပဿနာကျင့်စဉ်ကိုကျင့်လို့ နောက်ဆုံးမှာ ဝိပဿနာ ဉာဏ်ရဲ့ ဟိုဘက်မှာ မဂ်စိတ်နဲ့ ဝိပဿနာဉာဏ်ကြား ပေါင်းကူး တံတားလေးလိုဖြစ်တဲ့ အနုလောမဉာဏ်ကိုရပြီး မဂ်ဉာဏ်လေး ပေါ်လာလိုက်တဲ့အခိုက်ကလေးကို သူက ကျင့်ဆဲပုဂ္ဂိုလ် **"မဂ္ဂဋ္ဌ"** ပုဂ္ဂိုလ်လို့ ဒီလိုခေါ်တာနော်။ အဲဒီ အခိုက်ကလေးကို မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လို့ခေါ်တယ်။

မဂ္ဂဋ္ဌာန်ဆိုတာ မဂ္ဂဋ္ဌ၊ မဂ္ဂဆိုတာ မဂ်စိတ်ကလေး အခိုက်မှာ တည်နေတဲ့ ပုဂ္ဂိုလ်ကိုခေါ်တယ်။ အဲဒီတော့ မဂ္ဂဋ္ဌာန်ပုဂ္ဂိုလ်လို့ဆိုတာ ပုဂ္ဂိုလ်သီးသန့်ရှိတာမဟုတ်ဘူး။ အဲဒီ အခိုက်အတန့် **(Moment)** ကို စွဲပြီးတော့ခေါ်တာ။

တစ်ချို့က မဂ်ကျပြီး ဖိုလ်မကျသေးဘဲနဲ့ စောင့်နေတာတွေ ရှိသေးတယ်လို့ ထင်ကြတယ်။ အဲဒီလို မရှိနိုင်ဘူး။ **အကာလိကော** မဂ် ကျပြီးရင် ဖိုလ် ချက်ခြင်းကျတယ်။ **စတ္တာရော စ ပဋိပန္နာ** ကျင့်ဆဲဆိုတဲ့ နေရာမှာ အထွဋ်အထိပ်ရောက်တာက မဂ်စိတ်ပေါ်တဲ့အချိန်မှာ အထွဋ်အထိပ် ရောက်သွားတယ်။

အထွဋ်အထိပ် မရောက်သေးခင် **Starting Point** စတဲ့နေရာက စပြောမယ်ဆိုရင် သီလကစတင်ပြီးတော့ လုပ်နေပြီ၊ သီလဆောက်တည်ပြီးတဲ့အခါ သမာဓိကျင့်စဉ်ကို ကျင့်နေပြီ ကျင့်နေပြီးတော့ နောက် နာမရူပပရိစ္ဆေဒဉာဏ် ရသွားပြီ၊ ပစ္စယပရိဂ္ဂဟဉာဏ် ရသွားပြီ၊ အဲဒီကနေ တစ်ဆင့်တက်၊ သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ်၊ ဘင်္ဂဉာဏ်၊ ဘယဉာဏ်၊ အာဒီနဝဉာဏ်၊ နိဗ္ဗိဒါဉာဏ်၊ မုစ္စိတုကမျတာဉာဏ်၊ ပဋိသင်္ခါဉာဏ်၊ သင်္ခါရုပေက္ခာဉာဏ်၊ ဒါတွေရသွားပြီ။

ဝိပဿနာ ကျင့်စဉ်ကိုကျင့်လို့ နောက်ဆုံးမှာ အနုလောမဉာဏ် ရသွားပြီးတဲ့အခါ ဒီတံတားလေးကနေပြီး ဟိုဖက်ကို ကူးလိုက်ချိန်မှာ မဂ်စိတ်လေးပေါ်သွားတယ်။ အဲဒီထိအောင်ကို ပဋိပန္နလို့ခေါ်တယ်နော်။ သောတာပတ္တိမဂ်ကို ဦးတည်ပြီးတော့

ကျင့်နေတဲ့ အကျင့်တွေကို ဒါက ပဋိပန္နလို့ ဒီလိုပြောလို့ရတယ်။ ဒါကြောင့် ဝိပဿနာကျင့်စဉ် တစ်ခုကို ကျင့်နေတယ်ဆိုတဲ့ အထဲမယ် ဒီအထွဋ်အထိပ် မရောက်သေးတဲ့ ပုဂ္ဂိုလ်ပါထည့်ပြီး အကျုံးဝင်တယ်လို့ ဒီလိုပြောတာ။ သို့သော် **Perfect** မဟုတ်ဘူး။

**Perfect** ကတော့ မဂ္ဂဋ္ဌ မဂ်ပေါ်မှ၊ မဂ်ကို ရောက်သွားတဲ့ ပုဂ္ဂိုလ်မှ အဲဒီ အခိုက်အတန့်လေးမှ သောတာပတ္တိ မဂ္ဂဋ္ဌဆိုတဲ့ ပုဂ္ဂိုလ်ကို ခေါ်တာ။ အဲဒီကျမှ အရိယာလို့ ခေါ်တာနော်။ သောတာပတ္တိ မဂ္ဂဋ္ဌ မဖြစ်သေးခင် ကြားမှာတော့ "**အာရဒ္ဓ-ဝိပဿက**" ဝိပဿနာ အားထုတ်နေတဲ့ ပုဂ္ဂိုလ်လို့ပဲ ဒီလို ခေါ်လို့ရတယ်။ မဂ္ဂဋ္ဌလို့ ခေါ်လို့ မရသေးဘူး။ မဂ်စိတ် ပေါ် လာတဲ့ အခါကျတော့မှ မဂ္ဂဋ္ဌလို့ ခေါ်တာ။

သောတာပန် ဖြစ်ပြီးရင်လည်း ဝိပဿနာကျင့်စဉ်ကို ပြန်ကျင့်ရမယ်။ ဆိုလိုတာက ဝိပဿနာဆိုတာ မဂ္ဂင်ရှစ်ပါးကိုပဲ ကျင့်တာပဲ။ တိုးမြှင့်ပြီးတော့ ကျင့်လိုက်တဲ့အခါ သောတာပတ္တိ မဂ်ကို ရသွားတယ်။ နောက်ထပ် ထပ်ပြီး တိုးမြှင့်ကျင့်တဲ့အခါ သကဒါဂါမိမဂ်ကို ရတယ်။ တိုးမြှင့်ပြီးတော့ ကျင့်တဲ့အခါ အနာဂါမိမဂ်ကို ရတယ်။ နောက်ထပ် အဆင့်မြှင့်ပြီးတော့ ကျင့်တဲ့အခါမှာ အရဟတ္တမဂ်ကို ရောက်တယ်။ အဲဒီရောက်တဲ့ အခိုက်လေးကို **စတ္တာရောစ ပဋိပန္နာ** လို့ အထွဋ်အထိပ် ရောက်သွားတဲ့ပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌပုဂ္ဂိုလ်၊ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်လေးယောက် လို့ ဒီလိုပြောတာနော်။ အဲဒီ အခိုက်ကလေးကိုပြောတာ။

အဲဒီ အခိုက်ကလေးကိုပြောတာ၊ အဲဒီတော့ "**စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေဋ္ဌိတာ**" မဂ်စိတ်ဆိုတာ ပေါ်ပြီးတာနဲ့ တစ်ပြိုင်နက် အလုပ်လေးခုကို တစ်ပြိုင်နက် လုပ်တယ်။ ဗမာစကားမှာ တစ်ချက်ခုတ် နှစ်ချက်ပြတ်လို့ ပြောတယ်။ သူကတော့ တစ်ချက်ခုတ်ရင် လေးချက်ပြတ်တယ်လို့ ပြောရမယ်နော်။

ကိုယ့်ဟာကိုယ် သေသေချာချာ စေ့စေ့စပ်စပ် ဖယောင်းတိုင်လေးကို ထွန်းကြည့်။ ဖယောင်းတိုင်လေး ထွန်းလိုက်တာ အလုပ်လေးခု တစ်ခါတည်းပြီးတယ်လို့ ဒီလိုပြောတယ်။ ဘယ်လိုအလုပ်လေးခုလည်းလို့ဆိုတော့ ဖယောင်းတိုင်လေး ထွန်းလိုက်တဲ့အခါ လင်းလိုက်တာနဲ့ တစ်ပြိုင်နက် (၁) အမှောင်ကို ပယ်ဖျောက်ခြင်းကိစ္စ၊ (၂)အလင်းကို ဖော်ဆောင်ခြင်း ကိစ္စ၊ (၃) ဆီမီးစာလေးကို တိုသွားအောင် လောင်ကျွမ်းပေးခြင်းကိစ္စ၊ (၄) ဆီလေးကို လောင်ပစ်ခြင်းကိစ္စတို့ဖြစ်တယ်။ ဒီလေးခုက တစ်ပြိုင်နက်သွားတာ။

အဲဒီလိုပဲ အကြမ်းဖျင်း ပြောမယ်ဆိုရင် မဂ်စိတ်လေးက တစ်ဖက်က ကိလေသာကို ပယ်လိုက်တယ်၊ တစ်ဖက်က ဖိုလ်ကို ထုတ်လုပ်တယ်။ သစ္စာလေးပါးကို သိတယ်ဆိုရင် (၁) ဒုက္ခသစ္စာကို ပိုင်းခြားသိလိုက်တယ်၊ (၂) သမုဒယသစ္စာကို ပယ်လိုက်တယ်၊ (၃) နိရောဓသစ္စာကို မျက်မှောက်ပြုလိုက်တယ်၊ (၄) မဂ္ဂသစ္စာ ပွားပြီးသားဖြစ်သွားတယ်။ ဟော- လေးချက်ပြီးတယ်လို့ ဒီလို ပြောတာနော်။

အဲဒီတော့ **စတ္တာရော စ ဖလေဋ္ဌိတာ** ဒီဖိုလ် ရောက်အောင် ဘာနဲ့သွားရတုန်း? အကုန်လုံး ဝိပဿနာဉာဏ်နဲ့ပဲ သွားရတယ်။ အဲဒီတော့ မဂ်ကို လေးခါရောက်ရမယ်၊ ဖိုလ်ကလည်း လေးခါရောက်မယ်။ မဂ်ရောက်ပြီးရင် ဖိုလ် တိုက်ရိုက်ရောက်တယ်။ **ဥက္ကန္တသံယုတ်** ကို ဖတ်ကြည့်ရင် ဘယ်လိုရေးထားတုန်းဆို မဂ်ရောက်ပြီးတဲ့နောက်မှာ ဖိုလ်မဖြစ်ဘဲနဲ့ လွဲချော်သွားတယ်ဆိုတာ လုံးဝမရှိဘူးလို့ ဒီလိုပြောတာ။

အဲဒီလိုပြောတော့ တစ်ချို့က ဘယ်လိုယူတုန်းဆိုတော့ မဂ်ရောက်ပြီးလို့ရှိရင် ဖိုလ်က သေချာရောက်မှာ။ သို့သော် မဂ်ပြီးရင် ဖိုလ်ချက်ခြင်းလာတယ်လို့ မပြောဘဲနဲ့ "မဂ်တော့ကျပြီးပြီ ဖိုလ်မကျသေးဘူး၊ လေးငါးလ ရှိနေပြီ၊ ဖိုလ်ကျဖို့ ဆိုင်းနေတယ်"လို့ ပြောတာမျိုးက လုံးဝမဟုတ်တဲ့စကားကို ပြောတာနော်။ ဩက္ကန္တသံယုတ်မှာ **Impossible** မဖြစ်နိုင်တာတွေကို ရှင်းပြတာ။ ဒီမဂ်နဲ့ ဖိုလ်ကြားမှာ ဘာမှ အန္တရာယ်မရှိတော့ဘူးလို့ ဒီလိုပြောလိုတာ။ မဂ်ကျပြီးတဲ့နောက် အကြောင်းမညီညွတ်လို့ ဖိုလ်မရောက်တော့ဘူး ဆိုတာမျိုး မဖြစ်နိုင်ဘူးလို့ ဒီလိုဆိုလိုတာ။ မဂ်ရောက်တာနဲ့ တစ်ပြိုင်နက် ဖိုလ်တိုက်ရိုက်ရောက်မယ်။

အေး ကောင်းပြီ၊ ဒီပြိတ္တာကြီးက ဘုရင်ကြီးကို ရှင်းပြတယ်။ **စတ္တာရော စ ပဋိပန္နာ၊ စတ္တာရော စ ဖလေ ဋ္ဌိတာ** မဂ္ဂဋ္ဌပုဂ္ဂိုလ်လေးယောက် ဖလဋ္ဌပုဂ္ဂိုလ်လေးယောက် အားလုံး "**ဧသ သံဃော ဥဇုဘူတော၊ ပညာသီလ သမာဟိတော**"တဲ့။ ပညာလည်း မြင့်မားတယ်၊ ကိုယ်ကျင့်သီလနဲ့လည်း လုံးဝပြည့်စုံ

တယ်၊ သမာဓိနဲ့လည်း ပြည့်စုံတယ်ဆိုတဲ့ ဒီအရိယာရှစ်ဖော် သံဃာတော်အရှင်မြတ်ကို ဆည်းကပ်ပါလို့ သူက မှာလိုက်တာ နော်။ ဘုရား တရား သံဃာ ရတနာ သုံးပါးကို ဆည်းကပ်ပါ။ သူ့ရဲ့သမီးလိမ္မာ ဥတ္တရာကြောင့် ကောင်းကျိုးချမ်းသာတွေ ရတယ်ဆိုတဲ့ အကြောင်းကို ရှင်းပြတယ်။

ရတနာသုံးပါးကိုဆည်းကပ်ပြီးတဲ့နောက်မှာ **"ပါဏာတိ-ပါတာ ဝိရမဿုခိပ္ပံ"** သရဏဂုံ ဆောက်တည်လိုက်တာနဲ့ တစ်ပြိုင်နက် သူများအသက်သတ်ခြင်းမှ မြန်မြန် ရှောင်ကြဉ်လိုက်ပါတဲ့၊ မသတ်ပါနဲ့တဲ့၊ ငါးပါးသီလ ဘယ်လောက်အရေးကြီး တယ်ဆိုတာကိုပြောတာ။ ဘုရား တရား သံဃာ ရတနာသုံးပါးကို ကိုးကွယ်လိုက်တာနဲ့ တစ်ပြိုင်နက် သူများအသက်သတ်တဲ့ အလုပ်လည်း မလုပ်နဲ့တော့။ လုံးဝရှောင်တဲ့။

**"လောကေ အဒိန္နံ ပရိဝဇ္ဇယဿု"** ဘယ်သူ့ပစ္စည်းမှ မတရားယူတာ မလုပ်နဲ့။ **"အမဇ္ဇပေါ"** အရက်သေစာ မသောက် စားနဲ့။ **"မာ ခ မုသာ အဘာဏိ"** သူများကို လွဲမှားတဲ့ သတင်းတွေမပေးနဲ့။ လိမ်လည်ပြီးတော့ မပြောနဲ့။ မမှန်မကန် တွေ မပြောနဲ့တဲ့။ **"သကေန ဓာရေန စ ဟောဟိ တုဋ္ဌော"** အိမ်ထောင်ရှိရင် ကိုယ့်ဇနီးနဲ့ကိုယ်ကျေနပ်၊ ဒီလိုဆိုလိုတာ ပေါ့နော်။ ကာမေသုမိစ္ဆာစာရကို ရှောင်ပါလို့ ဒီပြိတ္တာကြီးက မှာလိုက်တယ်။

အဲဒီတော့ ဘုရင်ကြီးကလည်း သံဝေဂကြီးစွာ ရသွား တယ်။ သူ့ရဲ့ စစ်သူကြီးဟာ အခုလို တောထဲမှာ ပြိတ္တာဘဝ

ရောက်ပြီး တစ်ခဏတော့ အင်မတန်ကြီးမားတဲ့ ဘုံဗိမာန်ကြီး အောက်မှာ ချမ်းသာတယ်လို့ ထင်ရသော်လည်း မကြာခင် အင်မတန်မှ ကြမ်းတမ်းတဲ့ ငရဲကိုကျတော့မှာ ဆိုတာကို သူကိုယ်တိုင်ကလည်း သိလာတယ်။ ထိတ်လန့်တုန်လှုပ်တယ်။

ဒါကြောင့် ဒီနေ့ကနေစပြီး သရဏဂုံသုံးပါးကိုလည်း သူဆောက်တည်မယ်။ ငါးပါးသီလကိုလည်းပဲ ခံယူကျင့်သုံးမယ်။ လောကမှာ ချမ်းသာသုခရဖို့ရန်အတွက် သရဏဂုံသုံးပါး ငါးပါး သီလက လွဲပြီးတော့ အခြေခံအားဖြင့် မရှိဘူး။ ဒါတွေ ရှောင်ကွင်းလို့ မရဘူး။ ဒီအတိုင်းပဲ ဒီလမ်းကြောင်းကနေ လျှောက်မှသာလျှင် သံသရာဝဋ်က လွတ်မြောက်နိုင်တဲ့ လမ်းစ ဆိုတာ တွေ့နိုင်တယ်လို့ သူကိုယ်တိုင် ခံယူချက်ရှိပြီး အဲဒီပြိတ္တာ ကြီးကို ကတိပေးတယ်၊ ပြိတ္တာကြီးရဲ့ တန်ခိုးနဲ့ လမ်းမှန်ပေါ် ပြန်ရောက်လို့ ထိုနေ့မှာပဲ သူ့တိုင်းပြည်ကို ပြန်ရောက်သွား တယ်။ ဒီဇာတ်လမ်းကို ပေတဝတ္ထုမှာ မှတ်တမ်းတင်ထားတာ ရှိပါတယ်။

အေး- ဒါကြောင့်မို့လို့ တရားချစ်ခင် သူတော်စင်ပရိသတ် အပေါင်းတို့၊ အခုပြောခဲ့တဲ့အတိုင်း နိဗ္ဗာန်ကို မျက်မှောက် ပြုချင်ရင်တော့ မဂ္ဂင်ရှစ်ပါးကလွဲပြီး ကျင့်စရာ အခြားမရှိဘူး။ မဂ္ဂင်ရှစ်ပါးဆိုသည်မှာ အဆင့်မမြင့်သေးခင် အခြေခံကျင့်နေတဲ့ အချိန်ပိုင်းမှာ “ဝိပဿနာ”လို့ ခေါ်တယ်။ အဲဒီ မဂ္ဂင်ရှစ်ပါး ကျင့်တာ အထွဋ်အထိပ် ရောက်သွားတာနဲ့ တစ်ပြိုင်နက်

ကိလေသာကို ပယ်နိုင်တဲ့အဆင့် ရောက်သွားပြီဆိုရင် "မဂ်" လို့ ခေါ်တာပဲ။

ဒီ မဂ္ဂဆိုတာဟာ နိဗ္ဗာန်ကို ပို့ဆောင်ပေးတဲ့တရား ဖြစ်တယ်။ မဂ္ဂဆိုတာ **Unite of eight** ရှစ်ခုနဲ့ ဖွဲ့စည်းထားတဲ့ မိမိတို့ရဲ့ စိတ်ထဲမှာ ထူထောင်ရမယ့် သဘာဝစွမ်းအားတွေ ဖြစ်တယ်။ (၁) **သမ္မာဒိဋ္ဌိ**–အမှန်မြင်ရမယ်၊ အမှန်မြင်ဖို့အတွက် (၂) **သမ္မာသင်္ကပ္ပ**– မှန်မှန်ကန်ကန် တွေးနိုင်ရမယ်၊ မှန်မှန်ကန်ကန် တွေးပြီးတော့ (၃) **သမ္မာဝါစာ** – တွေးတဲ့အတိုင်း ပြောတာလည်း မှန်ကန်မှု၊ (၄) **သမ္မာကမ္မန္တ**–လုပ်တာလည်း မှန်ကန်မှု (၅) **သမ္မာအာဇီဝ**–အသက်မွေးမှု မှန်ကန်မှု၊ ဒီလို မှန်ကန်မှုတွေအတွက် (၆) **သမ္မာဝါယာမ** – မှန်မှန်ကန်ကန် ကြိုးစားအားထုတ်မှု၊ ကြိုးစားအားထုတ်တိုင်း သတိထားမှုဆိုတဲ့ (၇) **သမ္မာသတိ**– စိတ်တည်ငြိမ်မှု ဆိုတဲ့ (၈) **သမ္မာသမာဓိ**– ဒီ မဂ္ဂင်ရှစ်ပါးနဲ့ ဖွဲ့စည်းထားတဲ့ ရင့်ကျက်တဲ့ စိတ်ဓာတ်နဲ့သာလျှင် ရနိုင်ခဲ့တဲ့ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်မှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီသဘောကျပြီး ကျင့်ကြံကြိုးကုတ် အားထုတ်တော်မူနိုင်ကြပါစေကုန်သတည်း။

**သာဓု ... သာဓု ... သာဓု**

❖ ❖ ❖ ❖ ❖

## မေတ္တာမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မဒါနပေးရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇေယျ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပရိယတ်ဓမ္မဖြန့်ချိရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၇၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနှလုံး အစဉ်သုံး
၁၅။ လူ့ဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကရုဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်

၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်

၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ

၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ

၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်

၂၅။ သာရဏီယတရား

၂၆။ ရသ တဏှာ

၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း

၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ

၂၉။ မဟာဒါန

၃၀။ စိတ်၏ထွက်ပေါက်များ

၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ

၃၂။ အရှင်အာနန္ဒာ၏ ဝိပဿနာ

၃၃။ န စ သော၊ န စ အညော

၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်

၃၅။ စိတ်၏အတွေးများ

၃၆။ ဥပါဒါနပစ္စယာဘဝေါ

၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း

၃၈။ အတ္တာဟိအတ္တနောနာထော

၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်

၄၀။ ပေါ့သူ နာသူ စိတ်ထားဖြူ

၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြမ္မာဝဋ်ကြွေးများ
၅၂။ အထင်မှား အမြင်မှား
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒဏ္ဍိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏာသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ

၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း

၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ

၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား

၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ

၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ

၉၀။ ကမ္မဋ္ဌာန်းဆရာ

၉၁။ ဇာတိမြေမှ သာသနာ

၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ

၉၃။ စရိုက်နှင့်ဝါသနာ

၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်

၉၅။ သာသနာပြုစွမ်းအားစု

၉၆။ လူဆိုးလူမိုက်

၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ

၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း

၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ

၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ

၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်

၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ

၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ

၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား

၁၀၅။ မွေ့သံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျှော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆတ္တ ဒေသနာနှင့် မမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ မမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ဝိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ မေ့တာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား